The Ethnic Nationalities Council endorses the call of Secretary-General Kofi Annan of the United Nation, for the SPDC to:

- Release Daw Aung San Suu Kyi;
- Engage the NLD and other political parties in a substantive dialogue;
- Work out an agreement with the ethnic cease-fire groups; and
- Welcome the UN Special Envoy for Burma Ambassador Razali back to Burma as soon as possible.

The Ethnic Nationalities Council also calls on the State Peace and Development Council to work with all groups to bring about a transition to democracy and rebuild Burma before it is too late.

**Ethnic Nationalities Council**
**(Union of Burma)**
2004-08-20

**ETHNIC NATIONALITIES COUNCIL**
**UNION OF BURMA**

Statement No. 4/2004

**"The European Union, ASEM and Burma"**

1. The Ethnic Nationalities Council calls on the European Union not to accept Burma as a member in the upcoming ASEM (Asia Europe) meeting in Hanoi in October 2004.

   To do so without any political reforms by the ruling State Peace and Development Council (SPDC), or meeting any minimum human rights standards, would be tantamount to promoting a culture of impunity and a total disregard for the rule of law. Democracy and human rights are the two basic values dear to the heart of every citizen of the European Union, especially eight of the ten new member nations. They themselves have only recently freed themselves from tyranny.

2. The Ethnic Nationalities Council also calls on the Asian partners of ASEM to urgently work with the European Union to bring about concrete political change in Burma.

   In 1997, ASEAN welcomed Burma as a member with open arms. The reasoning was that as a member, the SPDC will moderate its worse tendencies. This did not happen. The SPDC interpreted membership as a license to strengthen its hold on power. Once again, ASEAN is hoping that as a member of ASEM, the SPDC will change. This will not happen. The SPDC will not change be-cause the Burmese military believes that it has a right to rule; because it believes that the international community is impotent; and because Burma under the SPDC is fast becoming a failed state. Even the military's chain of command is beginning to fail. ASEAN, China, Japan and South Korea cannot afford to have a failed state in

its ranks. ASEM must help the people of Burma to prevent the country from disintegrating.

3. The Ethnic Nationalities Council still believes that a tripartite dialogue amongst ethnic nationalities representatives, democracy advocates led by Daw Aung San Suu Kyi, and the military junta is the best way to resolve Burma's problems.

   The 25 plus million peoples of the Arakan, Chin, Kachin, Karen, Kayah (Karenni), Mon, and Shan States of the Republic of the Union of Burma founded in 1948, live in fear for their lives daily. They can be forced by the army to move from their homes at anytime. The penalty for disobeying is death. They can be forced to work for the military without any compensation at anytime. Their wives and daughters can be raped by army personnel with impunity at anytime. They cannot teach their own languages in schools. They cannot travel freely in their own homelands. They have no access to adequate health care. The list is endless. But in spite of these conditions, the Ethnic Nationalities Council believes that a political solution must be found.

   Our compatriots from the cease-fire groups who attended the National Convention in May 2004 have made positive recommendations to the SPDC but they have been ignored. We also proposed a detailed road map in September 2003 as a recommendation to enable the SPDC to bring about a transition to democracy but this too was ignored. Even the 'peace talks' with the Karen National Union started in January 2004 have stalled. The SPDC will not implement real reforms without a compelling reason to change the status quo. ASEM now has the opportunity to provide the reason.

**Ethnic Nationalities Council (Union of Burma)**
2004-08-20

**ETHNIC NATIONALITIES COUNCIL**
**UNION OF BURMA**

Statement No- 5/ 2004

**"The Current Situation in the Union of Burma"**

1. The Ethnic Nationalities Council held a strategy consultation with its member organizations from 28 to 30 October 2004 on the Thai-Burma border.
2. The consultation reviewed the situation after the removal of Prime Minister General Khin Nyunt of the State Peace and Development Council; the SPDC's National Convention; the possibility of a Tripartite Dialogue; the question of putting the Union of Burma on the agenda of the United Nations Security Council; and other matters;
3. The removal of Prime Minister General Khin Nyunt of the State Peace and Development Council is the result of an internal power struggle, which is common in military dictatorships. The change does not represent a change in policy of the SPDC, whose goal is to perpetuate military rule;
4. The SPDC regime will continue to consolidate its power by attempting to legitimize its rule through the current National Convention to draft a constitution. It will not deviate from the 6 objectives and 104 articles that have been adopted to date;
5. The Ethnic Nationalities Council believes that its compatriots from the cease-fire groups who had to participate in the National Convention because of their circumstances, will stand firm in their original efforts which would have contributed towards the building of a democracy and genuine federal system of government;

6. The Ethnic Nationalities Council welcomes the resolutions passed by both Houses of the US Congress calling on the United States Government to put the Union of Burma on the agenda of the United Nations Security Council;
7. The Ethnic Nationalities Council will work to the best of its abilities to put the Union of Burma on the agenda of the United Nations Security Council;
8. The Ethnic Nationalities Council reaffirms that its political objectives are:
   a) To put end to military dictatorships in Burma;
   b) To establish a democratic nation;
   c) To establish ethnic equality and self-determination;
   d) To establish a genuine federal union;
9. The Ethnic Nationalities Council also reaffirms that its strategy is to achieve its objectives through a 'Tripartite Dialogue' to find political solutions to political problems;
10. Forty members of the following organizations participated in the strategy consultation:
    1. National Democratic Front (NDF);
    2. United Nationalities League for Democracy – Liberated Areas (UNLD-LA);
    3. Karenni National Progress Party (KNPP);
    4. Restoration Council of Shan State (RCSS)
    5. Kachin National Organization (KNO);
    6. Arakan National Council (ANC);
    7. Political Affairs Committee of Chinland (PACC);
    8. Shan Women's Action Network (SWAN);
    9. Kachin Women's Association, Thailand (KWAT).

**Ethnic Nationalities Council**
**(Union of Burma)**

2004-10-30

## ETHNIC NATIONALITIES COUNCIL
## UNION OF BURMA

### Statement No. 1 / 2005

The Ethnic Nationalities Council (ENC) held its quarterly meeting in Kawthoolei on 4-5 March 2005. The meeting was attended by the ENC members, Advisors and ENSCC members, and discussed current political situation in the Union of Burma.

The Ethnic Nationalities Council (ENC) is committed to finding a political solution to the crisis in Burma through a 'Tripartite Dialogue' as called for by United Nations General Assembly resolutions since 1994.

The Ethnic Nationalities Council (ENC) is committed towards rebuilding the Union of Burma that has been torn apart by war since independence in1948.

To find such a solution, the Ethnic Nationalities Council (ENC) is committed to the following objectives:

1. The non-disintegration of the Union of Burma;
2. The non-disintegration of national unity;
3. The stability of the sovereignty of the Union of Burma;
4. The development of a genuine multi-party democracy;
5. The promotion of social truths such as justice, freedom, equality, etc; and
6. A political role for the Tatmadaw in the Union of Burma in the transition period.

To achieve these objectives, the Ethnic Nationalities Council (ENC) encourages the ruling State Peace and Development Council (SPDC) and the various ethnic armies to enter into ceasefire talks and engage in political dialogue.

The Ethnic Nationalities Council (ENC), however, believes that the current National Convention will not lead to a democracy as claimed by the SPDC. The National Convention -

> Does not include the political parties that won the 1990 general elections. Their leaders are in fact under detention;
> Does not reflect the aspirations of the ethnic ceasefire groups who have repeatedly called for a dialogue on the future of Burma. Some of their leaders have been detained;
> Procedures are not democratic or transparent. The delegates to the National Convention are not allowed to freely and openly debate the constitutional principles proposed by the SPDC. It is also illegal to discuss the constitution outside the National Convention.

To make the National Convention meet the objectives of the SPDC's proclaimed road map towards a democracy and reflect the will of the people, the ENC calls on the SPDC to -

1. Amend the procedures of the National Convention to allow free and open debate on the constitutional articles proposed by the SPDC;
2. Release the detained leaders of the political parties and ceasefire groups;
3. Allow the political parties to function freely and to participate in the constitution drafting process;
4. Allow the ethnic ceasefire armies to freely organize and to participate in the constitution drafting process;
5. Conclude ceasefires with the remaining ethnic armies and allow them to participate in the constitution drafting process;
6. Rescind SPDC Law No.5/96 and allow the public to openly debate provisions of the new constitution;

7. Allow the international community especially ASEAN to observe the National Convention, the proposed referendum for the new constitution, and the projected general elections under the new constitution;

Should the SPDC not change or accept any of the suggestions above, the Ethnic Nationalities Council (ENC) will have no option but to strongly oppose any new constitution that the SPDC proposes.

If the SPDC cannot accommodate the Ethnic Nationalities Council's suggestions towards finding a political solution, the ENC will hold the SPDC responsible for all consequences including the resumption of hostilities.

**Ethnic Nationalities Council**
**(Union of Burma)**

2005-03-05

**ETHNIC NATIONALITIES COUNCIL**
**UNION OF BURMA**

**Statement No. 6/2005**

## ENC Welcomes ASEAN's Effort to Resolve the Political Crisis in Burma

The Ethnic Nationalities Council (ENC) welcomes ASEAN's call for the release of political prisoners and for democratic reform in Burma.

The ENC Chairman, Saw Ba Thin Sein, congratulates the political courage shown by the ASEAN leaders. "I am glad Burma has come to the attention of ASEAN. It is long overdue", he said. "It is good for the entire region that ASEAN has finally abandoned its policy of non-interference in the internal affairs of member states and is pressing the military regime to release political prisoners and institute democratic reforms in our country".

The Ethnic Nationalities Council believes that the problems in Burma today are no longer its own internal affair. They are becoming international problems: the violation of human rights, the fifty-year-old civil war, or the political, economic and humanitarian problems in Burma - especially the issues of drug trafficking, HIV-AIDS and other infectious diseases spreading across Asia, the hundreds of thousands of refugees, illegal migrant workers in neighboring countries, etc. These are becoming regional and international problems. To solve these problems it is crucial that the international community - including UN, EU, USA, Japan, China, India, Bangladesh and ASEAN nations - take action.

"We are encouraged by the fact that Malaysian Foreign Minister Syed Hamid Albar, as a representative of ASEAN, will

visit Burma. We hope that he will be able to meet not only with Daw Aung San Suu Kyi but also with Khun Tun Oo, Chairman of United Nationalities Alliance and SNLD. Above all, we hope that he will be able to negotiate with the SPDC for their release", said the ENC Chairman.

The Ethnic Nationalities Council further calls on the ruling State Peace and Development Council to consider the welfare of the people of Burma before its own interests. The inclusion of all parties in the political process and the reconciliation of differences will go a long way towards resolving the problems of Burma, preserving the role of the Tatmadaw and preventing Burma from becoming an international spectacle. If the SPDC does not want the interference of the international community, especially the UN Security Council and ASEAN, we urge the generals to begin a genuine process of reconciliation and dialogue.

The Ethnic Nationalities Council is a body founded by the ethnic nationalities of the Union of Burma in order to be able to resolve the political problems we face by political means. Therefore, the Council welcomes ASEAN's assistance to resolve Burma's political crisis through negotiated settlement. We trust that this effort will lead further to a "Tripartite Dialogue" - the military, democracy advocates and the ethnic nationalities - and we declare that we will continue to work towards such a solution.

**Ethnic Nationalities Council**
**(Union of Burma)**

2005-12-14

## ETHNIC NATIONALITIES COUNCIL
## UNION OF BURMA

### Statement No. 4/2006

### Statement on United Nations Security Council (UNSC) Decision

(1) The Ethnic Nationalities Council (Union of Union) warmly welcomes the decision on the political crisis of Union of Burma to put up in the United Nations Security Council (UNSC) agenda, after the closed-door discussion on September 15th, 2006.

(2) In September 2005, the Ethnic Nationalities Council (Union of Burma) issued a statement that warmly welcomed effort by former Czech President Vaclav Havel and Archbishop Desmond Tutu of South Africa to have the UNSC to take action on Burma.

(3) The Ethnic Nationalities Council in October 2004 also welcomed a similar call by the United States of America. The Ethnic Nationalities Council called on the other Permanent Members of the Security Council - China, France, Russia and the United Kingdom, to also endeavour to put the case of Burma on the Security Council agenda.

(4) Given the difficulties that the Union of Burma is today facing, the Ethnic Nationalities Council believes that it is appropriate for the UN Security Council to consider the case of Burma. The problems in Burma today are no longer its own internal affair. They are becoming international problems, be they the violation of human rights, the fifty-year-old civil war, or the political, economic and humanitarian problems in Burma - especially the issues of drug trafficking, HIV-AIDS and other infectious diseases spreading across Asia, the hundreds of thousands of refugees, illegal migrant workers in neighbouring countries, etc. They are becoming regional and interna-

tional problems. To solve these problems it is crucial that the international community, especially UN Security Council, is involved.

(5) Therefore, in order that the international community might be able to help resolve the problems of the Union of Burma, it is believed that a decision taken by United Nations Security Council (UNSC) has been a significa-tion step to resolve a long-standing political crisis in the Union of Burma.

(6) The Ethnic Nationalities Council calls on our neighbours - China, India, Bangladesh and the ASEAN nations, to assist in this effort to bring Burma to the Security Coun-cil. The ENC would like also to request China not to use its veto power when the case of Burma is submitted to the UNSC.

(7) The Ethnic Nationalities Council further calls on the rul-ing State Peace and Development Council to consider the welfare of the people of Burma before its own interests. The inclusion of all parties in the political pro-cess and the reconciliation of differences will go a long way in resolving the problems of Burma, preserving the role of the Tatmadaw and preventing Burma from becoming an international spectacle.

(8) The Ethnic Nationalities Council is a body founded by the ethnic nationalities of the Union of Burma in order to be able to resolve the political problems we face by political means. Therefore, the Council welcomes the decision to put Burma on the agenda of the United Nations Security Council. We trust that this will further lead to a 'Tripartite Dialogue' - the military, democracy advocates and the ethnic nationalities - and we declare that we will continue to work towards such a solution.

**Ethnic Nationalities Council**
**(Union of Burma)**
2006-09-16

PART THREE

# မြန်မာစာကဏ္ဍ

# Burmese Section

# တိုင်းရင်းသားလူမျိုးများကောင်စီ ဥက္ကဋ္ဌ
# စောဘသင်စိန်၏မိန့်ခွန်း

အခုလို တိုင်းရင်းသားလူမျိုးတွေရဲ့အခြေအနေရော ကျနော်တို့ ရောက်ရှိနေတဲ့ ကာလနှင့်အခြေအနေတွေကိုပါ ဆွေးနွေးနိုးနှောဖလှယ်ခွင့် ရတဲ့အတွက် များစွာကျေးဇူးတင်ပါတယ်။ ကျနော်တို့တတွေဟာ ဒီ ကနေ့မြန်မာပြည်လို့ ခေါ်တွင်နေကြတဲ့ တိုင်းပြည်ထဲမှာ နေထိုင်လာခဲ့ကြတာ ရှေးပဝေသဏီ ကာလထဲက ဖြစ်ပါတယ်။ ကျနော်တို့တတွေဟာ ဘဝတူညီအကိုတွေဖြစ်ကြပြီး အဖိနှိပ်ခံဘဝမှ လွတ်မြောက်ရေးအတွက် ရုန်းကန်ကြိုးပမ်းလာခဲ့ကြတာ အနှစ်ငါးဆယ်ကျော် ကာလအတွင်းသို့ ရောက်ရှိနေကြပြီးဖြစ်ကြတယ်။ ကျနော်တို့ဟာ ဖဆပလမှ အစ နအဖအဆုံး အဆက်ဆက်သော ဖိနှိပ်သောသူတွေရဲ့ မတရားဖိနှိပ်မှုအောက်ကနေ လွတ်မြောက်အောင်ကြိုးပမ်းကြတာ တရားပါတယ်။

ကျနော်တို့ဟာ စစ်ကိုမလိုလားပါဘူး။ တရားမျှတတဲ့ လူမျိုးတမျိုးမှာ ရှိသင့်ရှိထိုက်တဲ့ အခွင့်အရေးတွေကို တရားနည်းလမ်းကျကျ ငြိမ်းချမ်းစွာ တောင်းဆို လှုပ်ရှားခဲ့ကြပေမဲ့ အုပ်စိုးသူအဆက်ဆက်ဟာ တိုင်းရင်းသားလူမျိုးတွေရဲ့အရေးကို မှန်မှန်ကန်ကန်နှင့် နိုင်ငံရေးအရ ကိုင်တွယ်ဖြေရှင်းရမည့် အစား စစ်ရေးအရ နှိပ်ကွပ်သတ်ဖြတ်မှုတွေ လုပ်လာခဲ့ကြတဲ့အတွက် မလွှဲမရှောင်သာ မိမိဘဝ တည်တန့်ခိုင်မြဲရေးအတွက် ရရာလက်နက်ကိုင်စွဲကာ ခုခံတိုက်ပွဲဝင်ခဲ့ ရတဲ့အတွက် ပြည်တွင်းစစ်ဖြစ်ခဲ့ရပါတယ်။ ဒီ ပြည်တွင်းစစ်ကာလ တလျှောက်လုံးမှာလည်း တိုင်းရင်းသားလူမျိုးတွေရဲ့ ပြဿနာကို ငြိမ်းချမ်းစွာ ဆွေးနွေးဖြေရှင်းခွင့်ရတိုင်း မလွတ်တမ်း ဒီအခွင့်အရေးကိုရယူပြီး အုပ်စိုးသူ အဆက်ဆက်နှင့် တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။

ဒါပေမယ့် အောင်မြင်မှုမရှိတဲ့အတွက် ပြည်တွင်းစစ်ဟာ ဆက်လက်ဖြစ်ပေါ်နေဆဲဖြစ်ပါတယ်။ ဒါကိုကြည့်မယ်ဆိုရင် တိုင်းရင်းသားလူမျိုးတွေဟာ တိုင်းပြည်ရဲ့စည်းလုံးညီညွတ်ရေးအတွက် အစဉ်အမြဲ ကြိုးပမ်းခဲ့ကြောင်းကို ပြသခဲ့ကြပါတယ်။ တိုင်းရင်းသားလူမျိုးတွေဟာ ငြိမ်းချမ်းရေးနှင့် ညီညွတ်ရေး အတွက် ဘယ်လောက်ကြိုးပမ်းခဲ့ကြတယ်ဆိုတာဟာလည်း သာဓက အထောက်အထားရှိခဲ့ကြပါတယ်။

ဒါတင်မကသေးပါဘူး။ လွတ်လပ်ရေးမရမီကာလမှာ တိုင်းရင်းသားခေါင်းဆောင်များဖြစ်ကြတဲ့ ချင်း၊ ကချင်နှင့် ရှမ်းခေါင်းဆောင်တွေဟာ စည်းလုံးညီညွတ်ရေးကို ရှေ့ရှုလျှက် စစ်မှန်တဲ့ပြည်ထောင်စု တည်ဆောက်ရေးအတွက် ပင်လုံညီလာခံတွင် လက်မှတ်ရေးထိုးကာ လွတ်လပ်ရေးကို အတူတကွပူးပေါင်းရယူကြပါတယ်။ စစ်မှန်တဲ့ပြည်ထောင်စုအရသာကို မခံစားရတဲ့အတွက် ၁၉၆၁ ခုနှစ်အတွင်းမှာ ရှမ်းခေါင်းဆောင်တွေဟာ ဖက်ဒရယ်ပြည်ထောင်စု — တနည်းအားဖြင့် **"ပြည်ထောင်စုစစ်စစ်မှု"** ပေါ်ပေါက်ရေးအတွက် ငြိမ်းချမ်းစွာ လှုပ်ရှားကြိုးပမ်းကြ ပြန်တယ်။

ဤတွင်ဘဲ ဗိုလ်ချုပ်နေဝင်းခေါင်းဆောင်တဲ့ စစ်ဗိုလ်ချုပ်တစုဟာ သမ္မတစဝ်ရွှေသိုက်အား တိုင်းပြည်အစိပ်စိပ်အမွှာမွှာဖြစ်အောင် ကြိုးပမ်းသူအဖြစ် စွပ်စွဲကာ ဖမ်းဆီးချုပ်နှောင်ထောင်သွင်း အကျဉ်းချခဲ့ ကြတယ်။ သမ္မတကြီးစဝ်ရွှေသိုက်ဟာ ထောင်ထဲမှာဘဲ အသက်ရှုံးဆုံး ခဲ့ရရှာတယ်။ ဒါကြောင့် ဖဆပလအစိုးရကို ပူးပေါင်းထောက်ခံခဲ့တဲ့ ရှမ်း၊ ကချင်နှင့် ချင်းခေါင်းဆောင်တွေဟာ တိုင်းရင်းသားလူမျိုးတွေရဲ့ တရားမျှတတဲ့ အခွင့်အရေးရရှိရေးအတွက်နှင့် ဖက်ဒရယ်ပြည်ထောင်စုစနစ် ထူထောင်နိုင်ရေးအတွက် စုပေါင်းကြိုးပမ်းလာကြပြန်တယ်။

ဒါပေမယ့် ဖက်ဒရယ်စနစ်ဟာ တိုင်းပြည်ကို အစိတ်စိတ်အမွှာမွှာ ဖြစ်စေတဲ့ စနစ်ဘဲလို့စွပ်စွဲပြီး စစ်ရေးအရ အရှိန်အဟုန်မြှင့်တင်ပြီး တိုင်းရင်းသားလူမျိုးတွေအပေါ် အညှာအတာကင်းမဲ့စွာ နှိမ်နင်းနှိပ်ကွပ်တိုက်ခိုက်လာတာ တွေ့ရပါတယ်။ ပထမတွင် တိုင်းရင်းသားလူမျိုးတွေဟာ ကိုယ့်နည်းနှင့်ကိုယ် — ကိုယ့်ဒေသနှင့် ကိုယ် — ခုခံတော်လှန်တိုက်ပွဲဝင်လာခဲ့ ကြပါတယ်။ နောက်ပိုင်းတွင် စုပေါင်းကာကွယ် တိုက်ပွဲဝင်နိုင်ရေးအတွက် (NDF) အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု လို့ခေါ်တဲ့ (မဒတ) ကိုဖွဲ့စည်းကာ ပူးပေါင်းလှုပ်ရှားလာကြပါတယ်။ ဒီ တပ်ပေါင်းစုမှာလည်း ဖက်ဒရယ်စနစ်ကို ထူထောင်နိုင်ရေးအတွက် စုပေါင်းဆုံးဖြတ်သဘောတူ ကြပါတယ်။ ဖက်ဒရယ်စနစ်ဟာ တိုင်းရင်းသားလူမျိုးအားလုံးအတွက် အသင့်တော်ဆုံးစနစ်ဖြစ်တယ်လို့ ရှုမြင် သုံးသပ်ခံယူကြပါတယ်။

ဘာကြောင့်လည်းဆိုတော့ ဖက်ဒရယ်စနစ်ဟာ တန်းတူရေး၊ ဒီမိုကရေစီရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အခြေခံတွေအပေါ်မှာ တည်ဆောက်ရေးနှင့် စည်းလုံးညီညွတ်ရေးကိုရှေ့ရှုပြီး သင့်တော်သလို (Division of Power)

အာဏာခွဲဝေကျင့် သုံးရေးမူကိုလည်း အများ သဘောတူချမှတ်ကျင့်သုံးရန် ဖြစ်ပါတယ်။ ဒါကြောင့် ဖက်ဒရယ်စနစ်ဟာ ခွဲထွက်ရေးအတွက် ပေါ်ပေါက်လာတာမဟုတ်ဘဲ စနစ်တကျတန်းတူရေး၊ ဒီမိုကရေစီရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်မူတွေအပေါ်မှ စည်းလုံးညီ ညွတ်ရေးအတွက် ပေါ်ပေါက်လာတာဖြစ်ပါတယ်။

နောက်တခုကတော့ တိုင်းရင်းသားလူမျိုးတွေဟာ ဖက်ဒရယ်စနစ် ထူထောင်ရာမှာ State-based ကို အခြေခံပြီးဖွဲ့စည်းရန် ဆန္ဒရှိကြတဲ့သဘောရှိကြပါတယ်။ ဒီနေ့အနေအထားကို ကြည့်မယ်ဆိုလို့ရှိရင် တိုင်းရင်းသားလူမျိုးများပြည်နယ် (၇) ပြည်နယ်နှင့် ဗမာပြည်နယ် — အားလုံး (၈) ပြည်နယ်နှင့် အစချီပြီးတည်ဆောက်ရန်အမြင်နှင့် ဖွဲ့စည်းအုပ်ချုပ်ပုံ မူကြမ်းကို ရေးဆွဲကြတယ်။ ဒါကတော့ Ethnic based နှင့် ဖက်ဒရယ်ပြည်ထောင်စုကို ထူထောင်ရေးဖြစ်ပါတယ်။ ဒါကို ဘယ်လိုမှ ဆန့်ကျင်ကန့်ကွက်လိုတဲ့ သဘောမရှိပါ။ ဒါပေမယ့် စဉ်းစားစရာရှိတာတခုက ဖက်ဒရယ်ပြည်ထောင်စု ဟာ ပြည်ထောင်တွေ (သို့မဟုတ်) ပြည်နယ်တွေကိုအခြေခံပြီး ဖွဲ့ရတာဘဲ ဖြစ်ပါတယ်။

ဒီနေ့ မြန်မာပြည်ရဲ့ ပထဝီအနေအထားအရ "တိုင်း" တွေရှိပါတယ်။ ဒီ "တိုင်း" တွေရဲ့ ပထဝီအနေအထားကို ပြန်လည်စီစစ်ပြီး သင့်တော်သလိုနှင့် လိုအပ်သလို ပြည်နယ်အဖြစ်ပြန်လည်သတ်မှတ်က ဖက်ဒရယ်ပြည်ထောင်စုကို ဖွဲ့စည်းလျှင် မကောင်းပေဘူးလားလို့ စဉ်းစားတွေးခေါ်မိပါတယ်။ ဒါကလည်း ပြည်ထောင်စုဖွဲ့စည်းတဲ့နေရာမှာ ပိုမိုချောမွေ့စေရေး အတွက်သာဖြစ်ပါတယ်။ ခေါင်းဆောင်တွေအားလုံးလည်း ဒီကိစ္စကိုထည့်သွင်းစဉ်းစားသင့်တဲ့ အချက်တချက်ဖြစ်တယ် လို့ မြင်ပါတယ်။

ဆိုလိုတာက Ethnic-based သက်သက်အပေါ်မှာ အခြေခံဖွဲ့တယ်ဆိုတာထက် Region အပေါ်မှာပါ အခြေခံပြီးပေါင်း ဖွဲ့လျှင်ကော မဖြစ်နိုင်ဘူးလား။ အဓိကကတော့ ဖက်ဒရယ်စနစ်ထူထောင်ရေးအတွက်ဘဲ ဖြစ်တဲ့အတွက် စဉ်းစားသင့် တယ်လို့မြင်ပါတယ်။

နောက်အရေးကြီးတဲ့ကိစ္စတခု ရှိပါသေးတယ်။ ဒါကတော့ နိုင်ငံရေးပြဿနာတွေကို ငြိမ်းချမ်းစွာတွေ့ဆုံဆွေးနွေးအဖြေရှာရေးကိစ္စဘဲ ဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးတွေဟာ မြန်မာပြည်မှာဖြစ်ရှိနေတဲ့ နိုင်ငံရေးပြဿနာများကို ငြိမ်းချမ်းစွာတွေ့ဆုံဆွေးနွေး အဖြေရှာရေးမူကို တစိုက်မတ်မတ်ကိုင်စွဲပြီး လက်တွေ့အကောင်အထည်ဖော်နိုင်ရေးအတွက် ကြိုးပမ်းလျှက်ရှိပါတယ်။

အလားတူဘဲ နိုင်ငံတကာမှ ငြိမ်းချမ်းရေးချစ်မြတ်နိုးသူများ၊ ဒီမိုကရေစီနိုင်ငံများ၊ ဒီမိုကရေစီအင်အားစုများ၊ အီးယူနိုင်ငံများအပြင် ကုလသမဂ္ဂအဖွဲ့အစည်းကြီးသည်ပင်လျှင် အမျိုးသားရင်ကြားစေ့ရေး — စည်းလုံးညီညွတ်မှုတည်ဆောက်ရေးအတွက် တွေ့ဆုံဆွေးနွေးအဖြေရှာနိုင်ရေးကို အားပေးပြီး မြန်မာပြည်ရဲ့ အရေးအခင်းအားလုံးကို တွေ့ဆုံဆွေးနွေးခြင်းဖြင့် အဖြေရှာနိုင်ရေးအတွက် သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေးသဘောထားကို ချမှတ်ခဲ့ပါတယ်။

တိုင်းရင်းသားလူမျိုးများသည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းကြီး၏ သဘောထားကိုကိုင်စွဲပြီး သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေး ရေးဖြစ်ပေါ်ရေးအတွက် ကြိုးပမ်းကြတယ်။ အတွေးအခေါ်အယူအဆများ ပိုမိုကျစ်လစ်ရေးနှင့် လက်တွေ့လုပ်ဆောင်ရာတွင် ညီညွတ်မှုရှိရေးအတွက် ENSCC ခေါ် အမျိုးသားများ သွေးစည်းညီညွတ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ ကို ဖွဲ့စည်းခဲ့ကြတယ်။ ယင်းကဲ့သို့ ENSCC ကို ဖွဲ့စည်းလှုပ်ရှားရာတွင် နိုင်ငံတကာမှပိုမိုနားလည် အသိအမှတ်ပြုလာ ကြသည်ဟု မြင်ပါသည်။

သို့ရာတွင် ဒီမိုကရေစီအင်အားစုများအတွင်း ENSCC အပေါ် စူးစမ်းမှုများ တစုံတရာရှိလာကြောင်း ခန့်မှန်းလို့ရပါ သည်။ ထို့ကြောင့် ENSCC သည် နိုင်ငံရေးအရ တိုင်းရင်းသားလူမျိုးများအား သဘောတရားအရ ပိုမိုစုစည်းရေး — သဘောတရားအရ ဖက်ဒရယ်မှုအပေါ်တွင် အခိုင်အမာရပ်တည်ရေးနှင့် သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေးမှုကို အခိုင်အမာ ကိုင်စွဲရေးနှင့် အမျိုးသားရင်ကြားစေ့ရေးအခြေခံအပေါ်တွင် ရပ်တည်လှုပ်ရှားရေးတို့ အတွက်သာ ဖြစ်ကြောင်းနှင့် တိုင်းရင်းသားအင်အားစုများနှင့် ဒီမိုကရေစီအင်အားစုများ ခိုင်မြဲစွာလက်တွဲရန် အထူးလိုအပ်ကြောင်း ရှင်းလင်းမှုများပြုလုပ် ကြရသည်။

နောက်တဖန် ENSCC ဖွဲ့စည်းခဲ့ပြီးနောက် ENSCC ၏ လှုပ်ရှားမှုကို အမြင်ကြည်လင်မှုမရှိကြောင်း သုံးသပ်လို့ရပါသည်။ ဆိုလိုသည်မှာ ကျနော်တို့အတွင်းမှာသည်ပင်လျှင် ENSCC ခေါင်းဆောင်မှုအပေါ် အမြင်မကြည်လင်သည့်သဘော အကဲဖြတ်၍ ရပါသည်။ ထိုကြောင့် တိုင်းရင်းသားလူမျိုးများ၏ စည်းလုံးညီညွတ်မှုကို ပိုမိုကျစ်လစ်စေရေး အတွက် ENC ကို ထပ်မံဖွဲ့စည်းရပြန်သည်။ ယနေ့ကာလတွင် ENC ၏လှုပ်ရှားမှုသည် ပိုမိုတည်ငြိမ်လာသည်ဟု သုံးသပ်၍ရပါသည်။ သို့ရာတွင် နိုင်ငံရေးပြဿနာရပ်များကို နိုင်ငံရေး

အရတွေ့ဆုံဆွေးနွေးအဖြေရှာရေးမူကို ကိုင်စွဲခြင်းအပေါ် ကြည်လင်ပြတ်သား စွာ ရှုမြင်ကြရန်လိုအပ်နေသေးကြောင်း သုံးသပ်၍လည်းရပါသည်။

ထို့ကြောင့် ဖော်ပြထားသည့် မြန်မာပြည်တွင် ဖြစ်ရှိနေသောအဓိက နိုင်ငံရေးပြဿနာများကို နိုင်ငံရေးအရငြိမ်းချမ်းစွာ ညှိနှိုင်းအဖြေရှာရေး၊ ရင်ကြားစေ့ရေးနှင့် သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေး၊ ဖက်ဒရယ်ပြည်ထောင်စု စနစ် ထူထောင်ရေးနှင့် State-based အစရှိသည့် ပြဿနာရပ်များကို ဤ ညီလာခံကြီးမှာ အကြေအလည်ဆွေးနွေးညှိနှိုင်း ဆုံးဖြတ်ကြပြီး တိုင်းရင်းသား လူမျိုးများ၏အရေးကို အခိုင်အမာ၊ ရှေ့တလှမ်းတိုး၍လှုပ်ရှားနိုင်ရန် ကြိုးပမ်း ကြပါစို့လို့ ပန်ကြားရင်းနိဂုံး ချုပ်အပ်ပါသည်။

လေးစားစွာဖြင့်

**စောဘသင်စိန်**

**ဥက္ကဋ္ဌ**<br>**တိုင်းရင်းသားလူမျိုးများကောင်စီ**<br>**(ပြည်ထောင်စုမြန်မာနိုင်ငံ)**

**၂၀၀၅ ခုနှစ် ဧပြီလ (၂၈) ရက်။**

စတုတ္ထအကြိမ်မြောက်တိုင်းရင်းသားလူမျိုးများညီလာခံသို့

တိုင်းရင်းသားလူမျိုးများကောင်စီ
(ပြည်ထောင်စုမြန်မာနိုင်ငံ)

အထွေထွေအတွင်းရေးမှူး ၏

# လုပ်ငန်းအစီရင်ခံစာ

၂၀၀၅ ခုနှစ် မေ (၂၈) ရက်မှ မေလ (၁) ရက်

# တိုင်းရင်းသားလူမျိုးများကောင်စီ
# (ပြည်ထောင်စုမြန်မာနိုင်ငံ)

## အထွေထွေအတွင်းရေးမှူး၏ လုပ်ငန်းအစီရင်ခံစာ

### နိဒါန်း

တိုင်းရင်းသားလူမျိုးများကောင်စီ (ပြည်ထောင်စုမြန်မာနိုင်ငံ) ကို သက္ကရာဇ် ၂၀၀၄ ခုနှစ် ဇန္နဝါရီလ (၂၈) ရက်မှ ဖေဖော်ဝါရီလ (၂) ရက်နေ့အထိ ကျင်းပခဲ့သော၊ တတိယအကြိမ်မြောက် တိုင်းရင်းသားလူမျိုးများနီးနှောဖလှယ်ပွဲတွင် ဖွဲ့စည်း ထူထောင်ရန်ဆုံးဖြတ်ခဲ့ပြီး၊ သက္ကရာဇ် ၂၀၀၄ ခုနှစ် မတ်လ (၁၂) ရက်မှ (၁၄) ရက်တွင်ကျင်းပသော အစည်းအဝေးတွင် တရားဝင်ဖွဲ့စည်းနိုင်ခဲ့ပါသည်။

### ရည်ရွယ်ချက်များ

တိုင်းရင်းသားလူမျိုးများကောင်စီကို ဖွဲ့စည်းထူထောင်ရခြင်း၏ ရည်ရွယ်ချက်များမှာ —

(၁) စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုထူထောင်ရေး
(၂) အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေး
(၃) ဒီမိုကရေစီနိုင်ငံတော်ထူထောင်ရေးနှင့်
(၄) စစ်အာဏာရှင်စနစ်ဖျက်သိမ်းရေးတို့ပင်ဖြစ်ပါသည်။

### မဟာဗျူဟာနှင့်နည်းဗျူဟာများ

တိုင်းရင်းသားလူမျိုးများကောင်စီ၏ မဟာဗျူဟာရည်မှန်းချက်ပန်းတိုင်သည် — ၁၉၉၇ ခုနှစ်တွင် ကျင်းပခဲ့သော ပထမအကြိမ်တိုင်းရင်းသားလူမျိုးများနီးနှောဖလှယ်ပွဲတွင် ဆုံးဖြတ်ချက်ချမှတ်ခဲ့သည့် "မယ်သရောထာသဘောတူညီချက်" (Mae Tha Raw Ta Agreement) တွင်ပါရှိသည့်အတိုင်းဖြစ်သည်။ ယင်းတို့မှာ —

(က) စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးသည် မိမိတို့ဆင်နွှဲနေသော တော်လှန်ရေး၏ အန္တိမပန်းတိုင်ဖြစ်ကြောင်း ထပ်လောင်းအတည်ပြု ပါသည်။

(ခ) ထို ရည်မှန်းချက်ပန်းတိုင် ရောက်ရှိနိုင်ရေးအတွက် "သုံးပွင့်ဆိုင်ဆွေးနွေးပွဲ" ဖြင့် ယနေ့ရင်ဆိုင်နေရသော နိုင်ငံရေးပြဿနာများ ဖြေရှင်းရေးကို မိမိတို့၏ နိုင်ငံရေးမဟာဗျူဟာအဖြစ် ထပ်လောင်း အတည်ပြုပါသည်။

(ဂ) ထိုသုံးပွင့်ဆိုင်ဆွေးနွေးပွဲတွင် ၁၉၉၄ ခုနှစ် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေ ညီလာခံ၏ ဆုံးဖြတ်ချက်အတိုင်း လက်ရှိစစ်အစိုးရ နအဖ၊ ဒေါ်အောင် ဆန်းစုကြည်ဦးဆောင်ထားသော ဒီမိုကရေစီအင်အားစုများနှင့် မိမိတို့ တိုင်းရင်းသားလူမျိုး များပါဝင်ကြရမည်ဟု ထပ်လောင်းအတည်ပြုသည်။

တိုင်းရင်းသားလူမျိုးများကောင်စီ လက်ခံကျင့်သုံးရမည့် နည်းဗျူဟာလုပ်ငန်းစဉ်များကို သက္ကရာဇ် ၂၀၀၄ ခုနှစ် မေလ (၁၂) ရက်နေ့မှ (၁၄) ရက်နေ့ အထိ ကျင်းပခဲ့သော တိုင်းရင်းသားလူမျိုးများကောင်စီ၏ ဒုတိယအကြိမ် ပုံမှန် အစည်းအဝေးတွင် အောက်ပါအတိုင်း ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။ ၎င်းတို့မှာ —

(၁) ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နှင့် ဒီမိုကရေစီအင်အားစုများကို အစွမ်းကုန်ကူညီပံ့ပိုးရန်၊

(၂) ပြည်တွင်းရှိတိုင်းရင်းသားလူမျိုးများ၏ နိုင်ငံရေးအဖွဲ့အစည်းများဖြစ်ကြ သည့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် **(UNLD)**၊ ညီညွတ်သောတိုင်းရင်းသားလူမျိုးများ၏ မဟာမိတ်အစည်း အရုံး **(UNA)** နှင့် အပစ်အခတ်ရပ်စဲထားသည့် တိုင်းရင်းသားလက်နက် ကိုင်တော်လှန်ရေးအဖွဲ့အစည်းများကို အစွမ်းကုန်ကူညီပံ့ပိုးရန်၊

(၃) ပြည်ပနှင့် လွတ်မြောက်နယ်မြေများတွင် ရောက်ရှိနေကြသည့် တိုင်းရင်း သားလူမျိုးများ၏ လက်နက်ကိုင်တော်လှန်ရေးအင်အားစုများ၊ နိုင်ငံရေး တပ်ပေါင်းစုများနှင့် နိုင်ငံရေးအဖွဲ့အစည်းများသာမက ဒီမိုကရေစီအင် အားစုများနှင့်ပါ နားလည်မှုရယူ၍ ဒီမိုကရေစီအရေးတော်ပုံကြီး အမြန်ဆုံး အောင်မြင်နိုင်ရေးအတွက် အစွမ်းကုန်ကြိုးပမ်းလုပ်ဆောင်ရန်၊

(၄) တိုင်းရင်းသားလူမျိုးများ၏ လက်နက်ကိုင်တော်လှန်ရေးအင်အားစုများ၊ နိုင်ငံရေးတပ်ပေါင်းစုများနှင့် နိုင်ငံရေးအဖွဲ့အစည်းများသာမက ဒီမိုကရေစီ အင်အားစုများ၏ နိုင်ငံရေးစွမ်းရည်မြှင့်တင်ရေး၊ စည်းရုံးရေးစွမ်းရည်တိုး တက်ရေးနှင့် မဟာဗျူဟာညှိနှိုင်းဆောင်ရွက်မှုများ ပိုမိုထိရောက်

အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံရေး၊ စည်းရုံးရေးနှင့် ခေါင်းဆောင်မှုသင်တန်းများ၊ နှီးနှောဖလှယ်ပွဲများနှင့် အလုပ်ရုံဆွေးနွေးပွဲများကို ခေါ်ယူကျင်းပပေးရန်၊

(၅) ပြည်နယ်များဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရေး လုပ်ငန်းစဉ်ကို အမြန်ဆုံးပြီးစီးအကောင်အထည်ဖော်နိုင်ရန် အရှိန်အဟုန်မြှင့်တင်ပြီး၊ ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရေး လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်၊

(၆) နအဖစစ်အစိုးရအပေါ် နိုင်ငံတကာဖိအားတိုးမြှင့်နိုင်ရေး၊ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးသံတမန်ကိုယ်စားလှယ် မစ္စတာ ရာဇာလီအစ်ဇမေး ၏ လုပ်ငန်းအောင်မြင်ရေးအတွက် သူ့အခန်းကဏ္ဍတိုးမြှင့်ပေးနိုင်ရေးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၏ နိုင်ငံရေးအကြပ်အတည်းကို ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ တင်သွင်းနိုင်ရေးအတွက် နိုင်ငံတကာစည်းရုံးလှုံ့ဆော်ရေး လုပ်ငန်းများကို အစွမ်းကုန်ဆောင်ရွက်ရန်၊

(၇) ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံဆုံးဖြတ်ချက်အတိုင်း "သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲ" ဖြစ်ပေါ်လာနိုင်ရေးအတွက် နိုင်ငံတကာ၏ အကူအညီကိုရယူနိုင်ခြင်းငှာ၊ Bangkok Process အရဖြစ်စေ၊ Bangkok Process ကဲ့သို့သော အခြားနိုင်ငံတကာ ယန္တရားများကို ဖော်ဆောင်၍ ပြည်ထောင်စုမြန်မာနိုင်ငံအရေးကို ကူညီဆောင်ရွက်ပေးမည့် နိုင်ငံတကာစင်မြင့်တခုခုကို ဖန်တီးနိုင်ရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက် သွားမည်။

**ENC ၏ မဟာဗျူဟာနှင့် နည်းဗျူဟာ** — မူရင်းအင်္ဂလိပ်စာသားမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**The ENC's Strategy and Tactics:**

1. The ENC re-affirmed the establishment of "Democratic Federal Union" as its ultimate political goal;
2. The ENC re-affirmed the "Tripartite Dialogue" as its grand strategy to achieve the ultimate goal;

3. The ENC adopts the following tasks as its political tactics to be implemented immediately:

   (i) To support Daw Aung San Suu Kyi and NLD activities.

   (ii) To support UNA and UNLD inside activities, strengthen their position and promote understanding and cooperation with CF groups and other political parties and activists.

   (iii) To consult, cooperate and work closely with all ethnic nationalities forces and democratic alliances, especially with those who are residing in border areas and overseas.

   (iv) To empower ethnic nationalities forces and its democratic alliances, and build-up all kinds of capacity building through trainings, seminars and workshops, etc.

   (v) To speed-up the task of "State Constitutions" drafting process in order to strengthen ethnic nationalities position, and work more closely with "Federal Constitution" drafting committee.

   (vi) To increase international campaigns; (a) to put more international pressures on the SPDC, (b) to up-grate the role of UN's special envoy Mr. Razali, and (c) to bring the Burma's case to UN Security Council.

   (vii) To create International Forum on Burma, either through Bangkok Process or through other means of UN mechanism, in order to implement the UNGA resolution, which calls for a Tripartite Dialogue.

## ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးစီမံချက်

ပြည်ထောင်စုမြန်မာနိုင်ငံတွင် အနှစ်ငါးဆယ်ကျော် ခြောက်ဆယ်နီးပါး ဆင်နွှဲရင်ဆိုင်နေရသော နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းနိုင်ရေးအတွက်သော်လည်းကောင်း၊ မိမိတို့ရည်မှန်းထားသော စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုကြီးကို ငြိမ်းချမ်းစွာထူထောင်နိုင်ရေးအတွက်သော်လည်းကောင်း၊ **"ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးစီမံချက်"** ကို တတိယအကြိမ် တိုင်းရင်းသားလူမျိုးများနီးနှောဖလှယ်ပွဲတွင် အောက်ပါအတိုင်း ဆုံးဖြတ်ချက်ချမှတ်၍ လက်တွေ့အကောင်အထည်ဖော်သွားရန် ဆုံးဖြတ်ခဲ့ပါသည်။

> "နအဖမှ တင်ပြထားသော နိုင်ငံရေးလမ်းပြမြေပုံ (Road Map) သည်၎င်း၊ ယင်းတို့မှ ခေါ်ယူကျင်းပရန် ပြင်ဆင်ထားသော အမျိုးသားညီလာခံသည်၎င်း၊ ယနေ့ ပြည်ထောင်စုမြန်မာနိုင်ငံတွင် ကြုံတွေ့ရင်ဆိုင်နေရသော နိုင်ငံရေးအကြပ်အတည်းများကို ဖြေရှင်းနိုင်မည် မဟုတ်သောကြောင့်၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီ ထွန်းကားရေးနှင့် စစ်မှန်သော ဖက်ဒရယ် ပြည်ထောင်စုစနစ် အမြန်ဆုံးတည်ဆောက်နိုင်ရေးတို့အတွက် ဒီမိုကရေစီ အသွင်ကူးပြောင်းရေး အမြန်ဆုံးဖြစ်ပေါ်လာနိုင်ရန် အောက်ပါ အချက်များ ပါဝင်သော **"ဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေး စီမံချက်"** ကိုလုပ်ဆောင်သွားရန် ဆုံးဖြတ်သည်။"

(က) ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံ ဆုံးဖြတ်ချက်အတိုင်း **"သုံးပွင့်ဆိုင်ဆွေးနွေးပွဲ"** ကို အမြန်ဆုံးခေါ်ယူ ကျင်းပရန်။

(ခ) သုံးပွင့်ဆိုင်ဆွေးနွေးပွဲ ရလာဒ်အပေါ်အခြေခံ၍ နအဖစစ်အုပ်စု၊ ၁၉၉၀ ရွေးကောက်ပွဲတွင် အနိုင်ရရှိထားသော နိုင်ငံရေးပါတီများနှင့် တိုင်းရင်းသားလူမျိုးများ အချိုးတူပါဝင်သော **"ကြားဖြတ်အစိုးရ"** ကိုဖွဲ့စည်းရန်။

(ဂ) "ကြားဖြတ်အစိုးရ" သည်အများလက်ခံနိုင်သော **"အမျိုးသားညီလာခံ"** တရပ်ကို ခေါ်ယူကျင်းပပေးရန်။

(ဃ) "အမျိုးသားညီလာခံ" ၏ သဘောတူညီချက်များအတိုင်း **"ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ"** ကိုသော်၎င်း၊ **"ပြည်နယ်များ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများ"** ကိုသော်၎င်း၊ **"ကော်မရှင်"** အသီးသီးဖွဲ့စည်း၍ရေးဆွဲစေရန်။

(င) ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြဋ္ဌာန်းနိုင်ရန် **"ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ"** ကိုလည်းကောင်း၊ ပြည်နယ်များ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေများကို အတည်ပြုပြဋ္ဌာန်းနိုင်ရန် ပြည်နယ်အသီးသီး၏ ဆန္ဒခံယူပွဲများကိုလည်းကောင်း ခေါ်ယူကျင်းပရန်။

(စ) အသစ်ရေးဆွဲပြဋ္ဌာန်းသော ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ **"ပြည်ထောင်စုအစိုးရ"** ကိုဖွဲ့စည်းနိုင်ရန်သော်လည်းကောင်း၊ အသစ်ရေးဆွဲပြဋ္ဌာန်းသော ပြည်နယ်များ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများအတိုင်း **"ပြည်နယ်အစိုးရများ"** ကိုဖွဲ့စည်းနိုင်ရန်သော်လည်းကောင်း၊ **"ရွေးကောက်ပွဲ"** များကို ခေါ်ယူကျင်းပရန်။

(ဆ) ရွေးကောက်ပွဲပြီးလျှင် သင်ဆိုင်ရာလွှတ်တော်အသီးသီးခေါ်ယူပြီး အနိုင်ရပါတီအသီးသီးမှ သက်ဆိုင်ရာ **"အစိုးရအသီးသီး"** ကို ဖွဲ့စည်းသွားရန်။

**တိုင်းရင်းသားလူမျိုးများကောင်စီ၏ ဗဟိုအလုပ်အမှုဆောင်ကော်မတီများကို ရွေးချယ်တာဝန်ပေးအပ်ခြင်း**

(က) တိုင်းရင်းသားလူမျိုးများကောင်စီကို သက္ကရာဇ် ၂၀၀၄ ခုနှစ် ဇန္နဝါရီလ (၂၈) ရက်မှ ဖေဖော်ဝါရီ (၂) ရက်နေ့အထိ ကျင်းပခဲ့သော တိုင်းရင်းသားလူမျိုးများနီးနှောဖလှယ်ပွဲတွင်အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (NDF) မှ (၃) ဦး၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) (UNLD-LA) မှ (၂) ဦး၊ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) မှ (၁) ဦး၊ ရခိုင်အမျိုးသားညီညွတ်ရေးပါတီ (NUPA) မှ (၁) ဦး၊ ရှမ်းဒီမိုကရက်တစ်ယူနီယံ (SDU) မှ (၁) ဦး၊ ကချင်အမျိုးသားအစည်းအရုံး (KNO) မှ (၁) ဦး တို့ဖြင့်ဖွဲ့စည်းရန် ဆုံးဖြတ်သည်။

(ခ) ထိုဆုံးဖြတ်ချက်နှင့်အညီ တိုင်းရင်းသားလူမျိုးများကောင်စီကို မတ်လ (၁၂) ရက်နေ့တွင် အောင်မြင်စွာဖွဲ့စည်းနိုင်ခဲ့ သည်။ တိုင်းရင်းသားလူမျိုးများကောင်စီဝင်များအဖြစ် နိုင်ငံရေးတပ်ပေါင်းစုများ၊ နိုင်ငံရေးပါတီအဖွဲ့အစည်းများမှပေးပို့သော ကိုယ်စားလှယ်အမည်စာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်။

| | | |
|---|---|---|
| ၁) | စောဘသင်စိန် | (NDF ကိုယ်စားလှယ် ) |
| ၂) | ဗိုလ်ချုပ်ကြီး တာမလာပေါ | (NDF ကိုယ်စားလှယ် ) |
| ၃) | ခိုင်စိုးနိုင်အောင် | (NDF ကိုယ်စားလှယ် ) |
| ၄) | ခွန်းမတ်ရ်ကိုဘန် | (UNLD-LA ကိုယ်စားလှယ် ) |
| ၅) | ဒေါက်တာဆလိုင်းလျန်မှုန်း | (UNLD-LA ကိုယ်စားလှယ် ) |
| ၆) | ခူထဲဘူဖဲ | (KNPP ကိုယ်စားလှယ် ) |
| ၇) | စဝ်ဆိုင်စစ် | (SDU ကိုယ်စားလှယ် ) |
| ၈) | ဒေါက်တာခင်မောင် | (NUPA ကိုယ်စားလှယ် ) |
| ၉) | ဘောမ်ဝမ်လရော် | (KNO ကိုယ်စားလှယ် ) |

(ဂ) တတိယအကြိမ်တိုင်းရင်းသားလူမျိုးများနီးနှောဖလှယ်ပွဲ ဆုံးဖြတ်ချက်နှင့်အညီ ကောင်စီဝင် (၉) ဦးအကြား အောက်ပါအတိုင်း တာဝန်ပေးရွေးချယ်တင်မြှောက်ခြင်း ပြုလုပ်နိုင်ခဲ့ပါသည်။

| | | |
|---|---|---|
| ၁) | ဥက္ကဋ္ဌ | စောဘသင်စိန် |
| ၂) | ဒု-ဥက္ကဋ္ဌ | ခူထဲဘူးဖဲ |
| ၃) | အထွေထွေတွင်းရေးမှူး | ဒေါက်တာ ဆလိုင်းလျန်မှုန်း ဆာခေါင်း |
| ၄) | တွဲဖက်အတွင်းရေးမှူး | စဝ်ဆိုင်စစ် |
| ၅) | ဘဏ္ဍာရေးမှူး | ခိုင်စိုးနိုင်အောင် |
| ၆) | အဖွဲ့ဝင် | ဗိုလ်ချုပ်ကြီး တာမလာပေါ |
| ၇) | အဖွဲ့ဝင် | ခွန်းမတ်ရ်ကိုဘန် |
| ၈) | အဖွဲ့ဝင် | ဒေါက်တာ ခင်မောင် |
| ၉) | အဖွဲ့ဝင် | ဘောမ်ဝမ်လရော် တို့ဖြစ်ပါသည်။ |

(ဃ) တိုင်းရင်းသားလူမျိုးများကောင်စီ၏ အကြံပေးပုဂ္ဂိုလ်များအဖြစ် အောက်ပါပုဂ္ဂိုလ်များကို ရွေးချယ်တာဝန်ပေး အပ်ထားပါသည်။

| | | |
|---|---|---|
| ၁) | မန်းအောင်သန်းလေး | (KNPP) |
| ၂) | စဝ်ဟန်ယောင်ဟွေ | (Euro-Burma Office) |

(င) တိုင်းရင်းသားလူမျိုးများကောင်စီ၏ လုပ်ငန်းကော်မတီဖြစ်သော "တိုင်းရင်း သားလူမျိုးများ သွေးစည်းညီညွတ်ရေး နှင့် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ" (ENSCC) ကို အောက်ပါ ပုဂ္ဂိုလ်များဖြင့် ပြန်လည်ဖွဲ့စည်းထားပါသည်။

| | | |
|---|---|---|
| ၁) | ဥက္ကဋ္ဌ | Dr. စဝ်ဇန့်ယောင်ဟွေ (UNLD-LA)<br>(နောင်တွင် — ခွန်းတက်ဒီဘူးရီ) |
| ၂) | အတွင်းရေးမှူး | စောဒေးဗစ်တော (NDF/KNU) |
| ၃) | အဖွဲ့ဝင် | ခွန်းတက်ဒီဘူးရီ (UNLD-LA) |
| ၄) | အဖွဲ့ဝင် | ဗိုလ်မှူးကြီး ခွန်ဥက္ကာ (NDF/PPLO) |
| ၅) | အဖွဲ့ဝင် | ခွန်းရီမာန်ထူး (KNPP) |

## ENSCC ဥက္ကဋ္ဌကြီး Dr. Chao Tzang Yawnghwe ကွယ်လွန်အနိစ္စ ရောက်သွားခြင်းနှင့် ဝမ်းနည်းဂုဏ်ပြု ခြင်းမှတ်တမ်း။

တိုင်းရင်းသားလူမျိုးများသွေးစည်းညီညွတ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ (ENSCC) ၏ ဥက္ကဋ္ဌကြီးဖြစ်သော Dr. Chao Tzang Yawnghwe သည် သက္ကရာဇ် ၂၀၀၄ ခုနှစ် ဇူလိုင်လ (၂၄) ရက်နေ့တွင် ကနေဒါနိုင်ငံ ဗန်ကူးဗားမြို့တွင် ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့်၊ သက္ကရာဇ် ၂၀၀၄ ခုနှစ် ဩဂုတ်လ (၁၉ – ၂၀) ရက်နေ့များတွင် ကျင်းပခဲ့သည့် ENC ၏ တတိယအကြိမ်အစည်းအဝေးတွင် ဝမ်းနည်းဂုဏ်ပြုကြောင်း အောက်ပါအတိုင်းမှတ်တမ်းတင်ခဲ့ပါသည်။

> **တိုင်းရင်းသားလူမျိုးကောင်စီ** (ENC) **၏ လုပ်ငန်းကောင်မတီဖြစ်သော တိုင်းရင်းသားလူမျိုးများ သွေးစည်းညီညွတ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ** (ENSCC) **၏ ဥက္ကဋ္ဌကြီး** Dr. Chao Tzang Yawnghwe **သည် ပြည်ထောင်စုအရေးနှင့် တိုင်းရင်းသားလူမျိုးများ၏အရေးကို နှစ်ပေါင်းများစွာ ကြိုးပမ်းဆောင်ရွက်ခဲ့သော ခေါင်းဆောင်ကြီးတဦးဖြစ်ကြောင်း ကျွန်ုပ်တို့** ENC **နှင့်** ENSCC **အဖွဲ့ဝင်များအားလုံးမှ တညီတညွတ်တည်း သဘောတူ အသိအမှတ်ပြုသည်။**
>
> **ထိုသို့ ကျွန်ုပ်တို့၏ လုပ်ဖော်ကိုင်ဖက် တိုင်းရင်းသားတို့၏ နိုင်ငံရေးနှင့် တော်လှန်ရေးခေါင်းဆောင်** Dr. Chao Tzang Yawnghwe **သည် တိုင်းရင်းသားလူမျိုးများ၏အရေးကို စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ရင်း သက္ကရာဇ် ၂၀၀၄ ခုနှစ် ဇူလိုင်လ (၂၄) ရက်နေ့တွင် ကွယ်လွန်အနိစ္စရောက်သွားခြင်းအပေါ် ကျွန်ုပ်တို့အားလုံး ဝမ်းနည်း ကြေကွဲရပါကြောင်း ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။**

### လုပ်ငန်းဆောင်ရွက်ချက်များ

သက္ကရာဇ် ၂၀၀၄ ကာလတွင် တာဝန်စတင်ထမ်းဆောင်သည့်အချိန်မှ သက္ကရာဇ် ၂၀၀၅ ဧပြီလအထိ တိုင်းရင်းသား လူမျိုးများညီလာခံကျင်းပသည့် အချိန်ကာလကြားတွင် ENC အနေဖြင့် (၆) ကြိမ်တိုင်တိုင် ပုံမှန်အစည်း အဝေးများ ပြုလုပ်နိုင်ခဲ့သည် သာမက၊ မဟာဗျူဟာညှိနှိုင်းအစည်းအဝေး များကိုပါ (၂) ကြိမ်တိုင်တိုင် ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။ ထို့အပြင် တိုင်းရင်းသား လူမျိုးများကောင်စီ၏ ပေါ်လစီနှင့် အမြင်သဘောထားများကို ထင်ဟပ်စေသည့် ထုတ်ပြန်ကြေညာ ချက်များကိုလည်း (၆) ကြိမ်တိုင်တိုင် ထုတ်ပြန်နိုင်ခဲ့ပါသည်။ (နောက်ဆက်တွဲတွင်ရှုပါ)

### မဟာဗျူဟာညှိနှိုင်းအစည်းအဝေး

သက္ကရာဇ် ၂၀၀၄ ဩဂုတ်လ (၂၈) ရက်မှ (၃၀) ရက်အထိ ကျင်းပခဲ့သော ပထမ အကြိမ်မဟာဗျူဟာညှိနှိုင်းအစည်းအဝေးသို့ တိုင်းရင်းသားလူမျိုးများ၏ နိုင်ငံ ရေးပါတီများ၊ တပ်ပေါင်းစုများ၊ လက်နက်ကိုင်တော်လှန်ရေးအင်အားစုများ၊ အမျိုးသမီး နှင့် လူငယ်အဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများမှ ခေါင်း ဆောင်များ (၄၀) ကျော်တက်ရောက်ခဲ့ကြပါသည်။ ထို မဟာဗျူဟာညှိနှိုင်း အစည်းအဝေးမှ အောက်ပါဆုံးဖြတ်ချက်များကို ချမှတ်နိုင်ခဲ့ပါသည်။

**ဆုံးဖြတ်ချက် (၁)။ ။ နအဖစစ်အစိုးရအပေါ်ထားရှိသော သဘောထားနှင့် ဆုံးဖြတ်ချက်များ။**

(က) Power Straggle: သက္ကရာဇ် ၂၀၀၄ အောက်တိုဘာလ (၁၈) ရက်နေ့ တွင် နအဖဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ကို ရာထူးမှဖယ်ရှားပြီး နေအိမ် တွင်အကျယ်ချုပ်ချထားခြင်းသည် စစ်အာဏာရှင်စနစ်တွင် ဖြစ်လေ့ ဖြစ်ထရှိသော အာဏာလုပွဲတရပ်မျှသာဖြစ်ကြောင်း သဘောထားရှိကြ ပါသည်။

(ခ) နအဖစစ်အစိုးရ၏ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ကို ရာထူးမှဖယ် ရှားခြင်းသည်၎င်း၊ နအဖစစ်အစိုးရအတွင်း ရာထူးအပြောင်းအလဲလုပ်၍ ခိုင်းထားခြင်းများသည်၎င်း၊ နအဖစစ်အစိုးရ၏ "ပေါ်လစီ" ပြောင်းလဲမှု မဟုတ် ကြောင်း သဘောထားရှိကြပါသည်။

(ဂ) ထို့ကြောင့် နအဖစစ်အစိုးရအတွင်း အာဏာလုပ်ပွဲများဖြစ်ပေါ်ခြင်း၊ ရာထူးအပြောင်းအလဲလုပ်ထားခြင်းများသည် စစ်အစိုးရ၏ ပေါ်လစီပြောင်းလဲခြင်း မဟုတ်ရုံသာမက စစ်အာဏာရှင်စနစ် သက်ဆိုးရှည်စေရေးအတွက် စစ်အာဏာရှင်များ ကြိုးပမ်းဆောင်ရွက်မှုသာ ဖြစ်ကြောင်း သဘောထားရှိကြပါသည်။

**ဆုံးဖြတ်ချက် (၂)။ ။ အမျိုးသားညီလာခံ**

(က) နအဖစစ်အစိုးရမှ ခေါ်ယူကျင်းပသော အမျိုးသားညီလာခံသည် ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုထူထောင်ရေးဆီသို့ ဦးတည်ခြင်းမရှိပဲ၊ စစ်အာဏာရှင်တချို့က ၎င်းတို့အာဏာတည်မြဲရေးအတွက် ကျင်းပသော အတုအယောင်အမျိုးသားညီလာခံမျှသာဖြစ်ကြောင်း မိမိတို့သဘောထားရှိကြပါသည်။

(ခ) ထို့ကြောင့် ၎င်းတို့ကျင်းပသော အမျိုးသားညီလာခံသည် စစ်အာဏာရှင်စနစ်ကို "နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ" ဖြင့် ကာကွယ်ပြဋ္ဌာန်းပေးရုံသာမက "တရားမဝင်စစ်အစိုးရ" (***De-facto*** Govrenment) ကို "တရားဝင်အစိုးရ" (***De-Jure*** Government) အဖြစ် အသွင်ကူးပြောင်းရေးသာ ဦးတည်နေကြောင်း မိမိတို့ သဘောထား ရှိကြပါသည်။

(ဂ) ထို့ကြောင့် နအဖစစ်အစိုးရက ခေါ်ယူကျင်းပသော အမျိုးသားညီလာခံသို့ တက်ရောက်နေကြသည့် မိမိတို့၏ ညီနောင်များဖြစ်ကြသည့် တိုင်းရင်းသားလူမျိုးများ၏ လက်နက်ကိုအဖွဲ့အစည်းများထံမှ အပစ်အခတ်ရပ်စဲထားသောအဖွဲ့များအား အောက်ပါအတိုင်း ပန်ကြားလိုပါသည်။

(၁) အပစ်အခတ်ရပ်စဲထားသော လက်နက်ကိုင်အဖွဲ့အစည်းများ အချင်းချင်း အတွင်းသော်၎င်း၊ အပစ်အခတ်ရပ်စဲထားသော အဖွဲ့အစည်းများနှင့် အပစ်အခတ်ရပ်စဲခြင်းမရှိသော အဖွဲ့အစည်းများအကြားတွင်သော်၎င်း၊ အပစ်အခတ်ရပ်စဲထားသော အဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများအကြားတွင်သော်၎င်း သွေးစည်းညီညွတ်ရေးနှင့် စည်းလုံးညီညွတ်ရေးခိုင်မာသည်ထက် ခိုင်မာအောင် တည်ဆောက်သွားရန်။

(၂) မိမိတို့အားလုံး၏ နိုင်ငံရေးဦးတည်ချက်ဖြစ်သော ဒီမိုကရေစီအရေး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်ရရှိရေး တို့ကို အာမခံချက်ပေးမည့် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် ဦးလည်မသုန် တိုက်ပွဲဝင်သွားရန်နှင့် မိမိတို့၏ ယခင်ရပ်တည်ချက်များ အတိုင်း ရပ်တည်သွားရန်။

(၃) အကယ်၍ နအဖစစ်အစိုးရက အပစ်အခတ်ရပ်စဲရေးအဖွဲ့များကို လက်နက်ဖြင့် ထိုးစစ်ဆင်တိုက်ခိုက်ရန် ပြင်ဆင်လာပါက သော်လည်း ကောင်း၊ မိမိတို့လိုချင်သော နိုင်ငံရေးပန်းတိုင်မရောက်ခင် လက်နက် ချ အညံ့ခံရေးကို တိုက်တွန်းလာပါက သော်လည်းကောင်း၊ နအဖတို့ ၏ Road Map အတိုင်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေရေး ဆွဲပြီး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ မလုပ်ခင် လက်နက်များအပ်နှင်းရမည် ဟု အတင်းအကြပ်ခိုင်းစေလာပါက သော်လည်းကောင်း အမျိုးသား ညီလာခံမှ နုတ်ထွက်သွားရန်။

(၄) အပစ်အခတ်ရပ်စဲထားသော အဖွဲ့အစည်းများအနေဖြင့် မိမိတို့၏ လက်ရှိရပ်တည်ချက်အရ အမျိုးသားညီလာခံကို တက်ရောက်ကြ သော်လည်း၊ မိမိတို့ တိုင်းရင်းသားလူမျိုးများ၏ လိုလားချက်များကို **"တသွေးတသံ"** တည်းဖြင့် ဆက်လက်ဟစ်ကြွေးတိုက်ပွဲဝင်သွားရန် တိုက်တွန်းလိုက်ပါသည်။

**ဆုံးဖြတ်ချက် (၃)။ ။ ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီ။**

(က) အမေရိကန်ပြည်ထောင်စု၏ အထက်လွှတ်တော် (ဆီးနိတ်) နှင့် အောက် လွှတ်တော် (ကွန်ကရက်) နှစ်ရပ်စလုံးမှ ပြည်ထောင်စုမြန်မာနိုင်ငံ၏ နိုင်ငံ ရေးအကြပ်အတည်းကို ဖြေရှင်းနိုင်ရေးအတွက် ကမ္ဘာ့ကုလသမဂ္ဂလုံခြုံ ရေးကောင်စီသို့ တင်သွင်းမည်ဟူသော ဆုံးဖြတ်ချက်ကို လှိုက်လှဲစွာကြိုဆို ပါသည်။

(ခ) အမေရိကန်ပြည်ထောင်စု၏ လွှတ်တော်နှစ်ရပ်စလုံး အတည်ပြုဆုံးဖြတ် ထားသည့်အတိုင်း ပြည်ထောင်စုမြန်မာနိုင်ငံ၏ နိုင်ငံရေးအကြပ်အတည်း ကို ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ တင်သွင်းနိုင်ရေးအတွက် သော် လည်းကောင်း၊ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်ဖြင့်

ပြည်ထောင်စုမြန်မာနိုင်ငံ၏ နိုင်ငံရေးအကြပ်အတည်းကို တကယ်လက်တွေ့ အကောင်အထည်ဖော်ဖြေရှင်းသွားနိုင်ရေးအတွက် မိမိတို့ဖက်မှ အစွမ်းကုန်ပါဝင်ဆောင်ရွက် သွားမည် ဖြစ်ပါသည်။

(ဂ) ထိုသို့ ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီက ပြည်ထောင်စုမြန်မာနိုင်ငံ၏အရေးကို တိကျမှန်ကန်စွာဖြေရှင်းနိုင်ရေး အတွက် အထောက်အကူပြုမည့် သုတေသနစာတမ်းများကို မိမိတို့ဖက်မှပြင်ဆင်ရေးဆွဲပြီး တင်သွင်းမည်။

**ဆုံးဖြတ်ချက် (၄)။ ။ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲ။**

(က) မိမိတို့ဆင်နွှဲနေသော အရေးတော်ပုံကြီး၏ အွန္တိမပန်းတိုင်သည် ဒီမိုကရေစီအရေး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်တို့ကို အပြည့်အဝအာမခံချက်ပေးနိုင်မည့် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်ရေး ဖြစ်ကြောင်း ထပ်လောင်း အတည်ပြုပါသည်။

(ခ) ထို နိုင်ငံရေးရည်မှန်းချက်ပန်းတိုင်ရောက်ရှိနိုင်ရေးအတွက် မိမိတို့ရွေးချယ်ထားသော မဟာဗျူဟာသည်လည်း “သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေး” နှင့် နိုင်ငံရေးပြသနာများကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းသွားရေးဖြစ်ကြောင်း ထပ်မံအတည်ပြုပါသည်။

(ထို ဆုံးဖြတ်ချက်၏ ဆိုလိုရင်းသည် နအဖစစ်အစိုးရ၏ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ကို ဝန်ကြီးချုပ်အဖြစ်မှ ရာထူးဖယ်ရှားခြင်းနှင့် နအဖစစ်အစိုးရအတွင်း ရာထူးအပြောင်းအလဲလုပ်နေခြင်း အပါအဝင်၊ လက်ရှိနိုင်ငံရေး အပြောင်းအလဲကြောင့် မိမိတို့၏ မဟာဗျူဟာဖြစ်သော “သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေး” ကို ပြောင်းလဲရန် မလိုအပ်ကြောင်း၊ အမှန်စင်စစ် ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးရေးကို လိုလားသည်ဟု နာမည်ထွက်ခဲ့သော ဗိုလ်ချုပ်ကြီးခင်ညွန့်ကို ရာထူးမှဖယ်ရှား အကျဉ်းချခံထားခြင်းသည်ပင်လျှင် မိမိတို့၏ မဟာဗျူဟာ အောင်မြင်မှုတရပ် ဖြစ်သည်ဟု သုံးသပ်နိုင်ကြောင်း၊ ထို့ကြောင့် လက်ရှိအနေအထားတွင် မိမိတို့၏ မဟာဗျူဟာကို ပြောင်းလဲရန်အလျဉ်းမျှ မလိုအပ်ကြောင်း ဆုံးဖြတ်ကြပါသည်)။

**ဆုံးဖြတ်ချက် (၅)။ ။ တိုင်းရင်းသားလူမျိုးများအတွင်း သွေးစည်းညီညွတ်ရေးနှင့် စည်းရုံးရေးပိုမိုကျစ်လစ်ခိုင်မာရေး။**

တိုင်းရင်းသားလူမျိုးများကောင်စီ၏ အဖွဲ့ဝင်များဖြစ်သော နိုင်ငံရေးတပ်ပေါင်းစုများ၊ လက်နက်ကိုင်အဖွဲ့အစည်းများနှင့် နိုင်ငံရေးအဖွဲ့အစည်းများအတွင်း သော်လည်းကောင်း၊ တိုင်းရင်းသားလူမျိုးများကောင်စီနှင့် အဖွဲ့ဝင်မဖြစ်သေးသော လက်နက်ကိုင်အဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီအဖွဲ့အစည်းများအကြားတွင် သော်လည်းကောင်း၊ ပြည်တွင်းရှိ နိုင်ငံရေး အဖွဲ့အစည်းများပါတီများ တပ်ပေါင်းစုများနှင့် သော်လည်းကောင်း၊ သွေးစည်းညီညွတ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးများကို ဆထက်ထမ်းပိုး ဆောင်ရွက်သွားနိုင်ရန်အတွက် တိုင်းရင်းသားလူမျိုးများ၏ အခန်းကဏ္ဍကို နိုင်ငံတကာမှ အသိအမှတ်ပြုပေးထား၍ **"တရားဝင်မှု"** (Legitimacy) ရှိသော **"ကောင်စီ"** ဖြစ်ပေါ်လာရေးတို့ကို ရှေ့ရှု၍ အောက်ပါ လုပ်ငန်းများကို ဆောင်ရွက်ရန် ဆုံးဖြတ်ပါသည်။

## (က) State-based: (ပြည်နယ်များကို အခြေခံ၍ဖွဲ့စည်းရေး)

တတိယအကြိမ် တိုင်းရင်းသားလူမျိုးများနီးနှောဖလှယ်ပွဲ၏ ဆုံးဖြတ်ချက်အတိုင်း တိုင်းရင်းသားလူမျိုးများကောင်စီ (ENC) တွင် ပြည်နယ်များကို အခြေခံပြု၍ တနှစ်အတွင်း ပြန်လည်ဖွဲ့စည်းရန် ဆုံးဖြတ်ခဲ့ပါသည်။ ထို ဆုံးဖြတ်ချက်ကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့ ပါသည်။

ပြည်နယ်များကို အခြေခံ၍ (State-based) ဖြင့် တိုင်းရင်းသားလူမျိုးများကောင်စီ (ENC) အားကောင်းလာရေး အတွက်သာမက မိမိတို့၏ တိုင်းရင်းသားလူမျိုးများ၏ အခန်းကဏ္ဍကို နိုင်ငံတကာစင်မြင့်တွင် တင်သွင်းဆွေးနွေးသော အခါ၌သော်လည်းကောင်း၊ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲ ဖြစ်ပေါ်လာရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုပြုသောအခါ၌ သော်လည်းကောင်း၊ မိမိတို့၏ နိုင်ငံရေးရည်မှန်းချက်ဖြစ်သော စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုစနစ် တည်ဆောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုပြုသောအခါ၌ သော်လည်းကောင်း အထောက်အကူပြုရုံသာမက မိမိတို့ တိုင်းရင်းသားလူမျိုးများ၏ "တရားဝင်မှုနှင့် လုပ်ပိုင်ခွင့်အာဏာရှိမှု" (Legitimacy) ကို အားပေးထောက်ခံမည်ဖြစ်ကြောင်း၊ ထို့အပြင် မိမိတို့တိုင်းရင်းသားလူမျိုးများ

သည် "ပြည်ထောင်စု" ကို စတင်ထူထောင်ခဲ့သူ ပြည်ထောင်စုပိုင်ရှင်များ ဖြစ်သောကြောင့် ENC ကိုပြည်နယ်အခြေခံမှု (State-based) ဖြင့် ဖွဲ့စည်းခြင်းအားဖြင့် "တရားဝင်လုပ်ပိုင်ခွင့်အာဏာ" (Legitimacy) အပြည့်အဝရှိသောအဖွဲ့အစည်းဖြစ်ကြောင်း ကမ္ဘာကိုသက်သေထူပြသနိုင်မည်ဟု ချမှတ်ခဲ့ခြင်းဖြစ်ပါသည်။

### (ခ) စစ်ရေး၊ ကာကွယ်ရေးနှင့် မဟာဗျူဟာရေးရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေး။

တိုင်းရင်းသားလူမျိုးများ၏ လက်နက်ကိုင်အဖွဲ့အစည်းများနှင့် အပစ်အခတ်ရပ်စဲရေးကို ကမကထပြုဆောင်ရွက်ခဲ့သော ဗိုလ်ချုပ်ကြီးခင်ညွန့်ကို ရာထူးမှဖယ်ရှားပြီးနောက်ပိုင်း နအဖစစ်အစိုးရအနေဖြင့် အပစ်အခတ်ရပ်စဲရေး အဖွဲ့အစည်းများအပေါ် သဘောထားမည်သို့ရှိမည်ကို ခန့်မှန်း၍မရသေးပေ။ စစ်ရေးဖြင့် ပြန်လည်ထိုးစစ်မဆင်နိုင်ဟု မည်သူမျှ အာမမခံနိုင်ပေ။ ထို့ပြင် လက်ရှိနအဖခေါင်းဆောင်များက အပစ်အခတ်ရပ်စဲခြင်းမရှိသေးသော လက်နက်ကိုင်အဖွဲ့အစည်းများ အပေါ်တွင်လည်း မည်သို့မည်ပုံတုန့်ပြန်မည်ဟု ခန့်မှန်း၍မရသေးပေ။

ထို့ကြောင့် မည်ကဲ့သို့သောအနေအထားမျိုး၊ အခြေအနေမျိုးရောက်သွားသည်ဖြစ်စေ၊ မိမိတို့ တိုင်းရင်းသားလူမျိုးများ အားလုံး စစ်ရေး၊ နိုင်ငံရေးနှင့် အခြားသော နည်းလမ်းပေါင်းစုံဖြင့် အပြန်အလှန်အကူအညီပေး၍ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်လာမည် ဖြစ်ပါသည်။ မိမိတို့ တိုင်းရင်းသားလူမျိုးများအကြား အဖွဲ့အစည်းတခုခုကို တိုက်ခိုက်လာမည်ဆိုပါက အားလုံးဝိုင်းရံ၍ အကူအညီပေး ပံ့ပိုးရန်လိုလာမည်ဖြစ်ပါသည်။ စစ်ရေးနှင့် ကာကွယ်ရေးသာမက မိမိတို့အချင်းချင်းအကြား မဟာဗျူဟာညှိနှိုင်းမှုများကို အတူတကွချမှတ်ဆောင်ရွက်နိုင်ရန် လိုအပ်ကြောင်း ဆုံးဖြတ်ချမှတ်ကြပါသည်။

### (ဂ) Economic Planning (စီးပွားရေးစီမံကိန်းရေးဆွဲရေး)

တိုင်းရင်းသားလူမျိုးများကောင်စီ (ENC) နှင့် တိုင်းရင်းသားလူမျိုးများသွေးစည်းညီညွတ်ရေးကော်မတီ (ENSCC) တို့က ဒီမိုကရေစီအသွင်ကူးပြောင်း

ရေး၊ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲ ဖြစ်ပေါ်လာနိုင်ရေးနှင့် အနာဂတ်ပြည်ထောင်စုကို စစ်မှန်သောဖက်ဒရယ်စနစ်ဖြင့် ဖွဲ့စည်းထူထောင်နိုင်ရေးအတွက် ပြင်ဆင်မှုများလုပ်ခဲ့ကြပါသော်လည်း၊ အနာဂတ်ပြည်ထောင်စု၏ စီးပွားရေးစနစ်၊ ပြည်နယ်များဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်၊ အသွင်ကူးပြောင်းရေးကာလတွင် ကျင့်သုံးမည့် စီးပွားရေးပေါ်လစီများကို စနစ်တကျပြင်ဆင်ရေးဆွဲခြင်း မပြုနိုင်သေးပေ။

အနာဂတ်စီးပွားရေးစီမံကိန်းနှင့် ပတ်သက်၍ ပြည်ထောင်စုအတိုင်းအတာဖြင့် ကျင့်သုံးရမည့် စီးပွားရေးစီမံကိန်းများ ရေးဆွဲပြင်ဆင်ရန် လိုအပ်သလို ပြည်နယ်အလိုက်ကျင့်သုံးရမည့် စီးပွားရေးစနစ်၊ ဖွံ့ဖြိုးရေးလုပ်ငန်း (Development) များကို အကောင်အထည်ဖော်ဆောင်ရွက်သောအခါ ဖြစ်နိုင်ချေ၊ မဖြစ်နိုင်ချေ … စသည်များကို ကိန်းဂဏာန်းနှင့်တကွ စနစ်တကျစီမံကိန်းများ ရေးဆွဲရန် လိုအပ်နေပါသည်။

အမှန်စင်စစ် ထိုလုပ်ငန်းကို မိမိတို့တိုင်းရင်းသားလူမျိုးများက အထူးဦးစားပေးဆောင်ရွက်သင့်ပါသည်။ အကြောင်းမှာ — မိမိတို့တိုင်းရင်းသားလူမျိုးများ အများစုနေထိုင်ရာ ပြည်နယ်များသည် စီးပွားရေးအရသော်လည်းကောင်း၊ လူမှုဘဝ တိုးတက်ဖွံ့ဖြိုးမှုအရ သော်လည်းကောင်း၊ ပညာရေး ကျန်းမာရေးနှင့် လူမှုရေးအရသော်လည်းကောင်း၊ ကမ္ဘာနှင့် ရင်ဘောင်တန်းနိုင်ရေးကို မဆိုထားဘိ၊ ပြည်ထောင်စုအတိုင်းအတာဖြင့် နှိုင်းယှဉ်လျှင်ပင် များစွာအောက်ကျနောက်ကျ ဖြစ်နေသေးကြောင်း တွေ့ရမည်ဖြစ်ပါသည်။ ထို့ကြောင့် ပြည်နယ်များ၏တိုးတက်ဖွံ့ဖြိုးမှုကို အထူးဦးစားပေးစဉ်းစား ဆောင်ရွက်သင့်ပါသည်။

ဒုတိယအချက်မှာ — ပြည်ထောင်စုတဝှမ်းလုံးကို ခြုံ၍ကြည့်ပါက မိမိတို့တိုင်းရင်းသားလူမျိုးစုနေထိုင်ရာ (၀၊) မိမိတို့ တိုင်းရင်းသားလူမျိုးပေါင်းစုံ ဘိုးဘွားစဉ်ဆက်ပိုင်ဆိုင်ခဲ့သော နယ်မြေအကျယ်အဝန်းမှာ ပြည်ထောင်စုတခုလုံး၏ (၆၀) ရာခိုင်နှုန်းကျော်ဖြစ်နေပါသည်။ ထို (၆၀) ရာခိုင်နှုန်းကျော်သော ဒေသများတွင် အများစုသော ပြည်ထောင်စု၏ အဖိုးတန်ရတနာများ၊ သဘာဝသတ္တုပစ္စည်းများ၊ သစ်တောများ၊ အင်းအိုင်များနှင့် ပင်လယ်ရေပြင်များ စုပြုံနေကြောင်း တွေ့ရပါ မည်။ ထို့ကြောင့် နယ်မြေအကျယ်အဝန်းအားဖြင့် (၆၀) ရာခိုင်နှုန်းကျော်၍ လူဦးရေအားဖြင့် (၄၀) ရာခိုင်နှုန်းကျော်နေသော ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားလူမျိုးများ၏ တိုးတက်ဖွံ့ဖြိုးရေးအတွက်

စီးပွားရေးစီမံကိန်းများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ စနစ်တကျချမှတ် အကောင်အထည်ဖော်ရန် မိမိတို့ တိုင်းရင်းသားလူမျိုးများကောင်စီ (ENC) မှ ကမကထပြု လုပ်ဆောင်သွားသင့်ကြောင်း ဆုံးဖြတ်ချက်ချမှတ်ကြပါသည်။

## (ဃ) Constitutional Affairs:
## (နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာ)

မိမိတို့ဆင်နွှဲနေသော အရေးတော်ပုံကြီး၏ အောင်ပွဲပန်းတိုင်သည် ဒီမိုကရေစီရေး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ကို အာမခံချက်ပေးနိုင်သည့် "စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စု" ထူထောင်ရေးပင်ဖြစ်ပါသည်။ ထိုကြောင့် ဖက်ဒရယ် ပြည်ထောင်စုစနစ်ထူထောင်နိုင်ရေးအတွက် လိုအပ်သော ပြင်ဆင်မှုမျိုးစုံကို လုပ်ဆောင်ရမည် ဖြစ်ပါသည်။

ယခုအခါ အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (NDF) နှင့် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) (UNLD-LA) တို့၏ ကမကထပြု ဦးဆောင်မှုဖြင့် ပြည်နယ် (၇) ခုအတွက် ပြည်နယ်များဖွဲ့စည်းပုံ အခြေခံဥပဒေ (မူကြမ်း) ရေးဆွဲရေးလုပ်ငန်းစဉ်ကြီးကို သက္ကရာဇ် ၂၀၀၁ မှစ၍ အကောင်အထည်ဖော်လျက်ရှိနေပါသည်။ ပြည်နယ်များအားလုံးအတွက် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ရေးဆွဲရေး ကော်မတီများကိုလည်း ပြည်နယ်အလိုက် ဖွဲ့စည်းနိုင်ခဲ့ပါသည်။ ထို့ပြင် ဗမာပြည်နယ်ဖွဲ့စည်းရေးအတွက် စူးစမ်းလေ့လာရေးအသင်းလည်း ပေါ်ထွက်လာပါသည်။ ထိုပြည်နယ်များ၏ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ရေးဆွဲရေးလုပ်ငန်းများကို အထောက် အကူပြုနိုင်ရန် (NDF) နှင့် (UNLD-LA) တို့ကို မဏ္ဍိုင်ပြု၍ "Supporting Committee for State Constitutions" SCSC ကိုဖွဲ့စည်း နိုင်ခဲ့ပါသည်။

ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ရေးဆွဲရေးလုပ်ငန်းစဉ်နှင့် ဖက်ဒရယ်စနစ်လေ့လာရေးလုပ်ငန်းများကို အတတ်နိုင်ဆုံး လုပ်ဆောင်ခဲ့ပါသော်လည်း၊ ထိုထက်မက လုပ်ဆောင်ရန်သွားရန် လိုအပ်ရုံသာမက၊ ထိုလုပ်ငန်းကို နိုင်ငံရေးအရ — တိုင်းရင်းသားလူမျိုးများကောင်စီ (ENC) ၏ ကြီးကြပ်လမ်းညွှန်မှုလည်း လိုအပ်လာပါသည်။ ထို့ကြောင့် ENC ၏ ဦးဆောင်မှု အောက်

တွင် ပြည်နယ်များဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ရေးဆွဲရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရန် လိုအပ်ရုံသာမက ပြည်ထောင်စုဖွဲ့စည်းပုံ အခြေခံ ဥပဒေရေးဆွဲရေး လုပ်ငန်းစဉ်တွင်လည်း မိမိတို့တိုင်းရင်းသားလူမျိုးများ ဦးဆောင်ပါဝင်ရန် လိုအပ်သည်ဟု သုံးသပ်ကြပါသည်။ ထို့အပြင် ဖက်ဒရယ်စနစ်အကြောင်းနှင့်ပတ်သက်၍ လူထုပညာပေးလုပ်ငန်း (Federal Education) ကိုလည်း ဆထက်ထမ်းပိုး လုပ်ဆောင်သွားရန် ဆုံးဖြတ်ကြပါသည်။

## (c) International Affairs: (နိုင်ငံတကာရေးရာ)

စစ်အေးကာလအတွင်း မိမိတို့တိုင်းရင်းသားလူမျိုးများဆင်နွှဲခဲ့သော လက်နက်ကိုင်တော်လှန်ရေးကို ကမ္ဘာကအသိ အမှတ်ပြုထောက်ခံခြင်း မရှိခဲ့ချေ။ ထိုစဉ်က မိမိတို့ဆင်နွှဲနေသော တော်လှန်ရေးကို "ခွဲထွက်ရေး" ဟုကင်ပွန်းတပ်ခံရ၍ မိမိတို့တော်လှန်ရေးအင်အားစုများကိုလည်း "သောင်းကျန်းသူများ" ဟူ၍ ကမ္ဘာကမြင်ခဲ့ကြပါသည်။ သို့ရာတွင် "ဘာလင်တံတိုင်း" ပြိုကျပြီး စစ်အေးကာလလည်း ပြီးဆုံးသွားသောအခါ မိမိတို့တိုင်းရင်းသားလူမျိုးများ အနှစ်ငါးဆယ်ကျော် ဆင်နွှဲလာသော **"ဒီမိုကရေစီရေး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်ရရှိရေး"** တို့ကို ကမ္ဘာကအသိအမှတ်ပြု ထောက်ခံလာကြပါသည်။

ယခုအခါ မိမိတို့တိုင်းရင်းသားလူမျိုးများကို ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် ပြည်ထောင်စု သစ်တည်ဆောက်ရေး ဖြစ်စဉ်တခုလုံးတွင် မရှိမဖြစ်လိုအပ်သော "အဓိကနိုင်ငံရေးအင်အားစုကြီး" တခုအဖြစ် အသိအမှတ်ပြုလက်ခံလာကြပြီ ဖြစ်ပါသည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်ကြီးကလည်း ၎င်း၏ညီလာခံတွင် တိကျပြတ်သားသော ဆုံးဖြတ်ချက်များကို ၁၉၉၄ ခုနှစ် ကတည်းက နှစ်စဉ်ချမှတ်နိုင်ခဲ့ပါသည်။ ထို ဆုံးဖြတ်ချက်ကြီးတွင် — ပြည်ထောင်စု မြန်မာနိုင်ငံ၏ နိုင်ငံရေးအအကြပ်အတည်းကို **"သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲ"** ဖြင့် ဖြေရှင်းရန်လိုအပ်ကြောင်းနှင့် ထို သုံးပွင့်ဆိုင်တွင် "တပွင့်" သည် တိုင်းရင်းသားလူမျိုးများဖြစ်ရမည်ဖြစ်ကြောင်း ဆုံးဖြတ်ချက်ကို ချမှတ်နိုင်ခဲ့ပါသည်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်ကြီးသာမက ဥရောပပြည်ထောင်စု (European Union), အမေရိကန်ပြည်ထောင်စု၊ ကနေဒါ၊ ဩစတြေးလျနှင့် ဂျပန်နိုင်ငံတို့ကလည်း တိတိလင်းလင်းဖြင့် တိုင်းရင်းသားလူမျိုးများ၏ အရေး

ပါမှုကို လေးစားအသိအမှတ်ပြုကြောင်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးတွင် တိုင်းရင်းသားလူမျိုးများ မရှိမဖြစ် ပါဝင်စေရမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသွားကြပါသည်။ ထို့ပြင် မိမိတို့၏ အိမ်နီးချင်းနိုင်ငံများဖြစ်ကြသော အာစီယံနိုင်ငံများ၊ တရုတ်နှင့် အိန္ဒိယတို့ကလည်း တိုင်းရင်းသားလူမျိုးများ၏ အခန်းကဏ္ဍကို အသိအမှတ်ပြုကြောင်း ထုတ်ဖော်ပြောကြားလာကြပါသည်။ အချုပ်အားဖြင့်ဆိုပါက မိမိတို့တိုင်းရင်းသားလူမျိုးများ၏ အခန်းကဏ္ဍကို ယခုကဲ့သို့ လေးစားအသိအမှတ်ပြုခြင်း မရှိခဲ့ဘူးသေးပေ။

ထိုကဲ့သို့ နိုင်ငံတကာအသိအမှတ်ပြု ထောက်ခံအားပေးမှုကို အခွင့်ကောင်းယူ၍ မိမိတို့ဖက်မှ နိုင်ငံတကာစည်းရုံးရေး လုပ်ငန်းများကို ဆထက်ထမ်းပိုး လုပ်ဆောင်ရန် လိုအပ်နေပါသည်။ ထိုသို့ လုပ်ဆောင်ရာတွင်လည်း မိမိတို့တိုင်းရင်းသား လူမျိုးများ၏ နိုင်ငံရေးအင်းစုကြီးသည် နအဖစွပ်စွဲသကဲ့သို့ “ခွဲထွက်ရေးသမား” များမဟုတ်ကြောင်း၊ ဖက်ဒရယ်ပြည်ထောင်စုစနစ်သည် ခွဲထွက်ရေး မဟုတ်ကြောင်း၊ ထို့ကြောင့် မိမိတို့ လိုလားတောင့်တနေသော ဒီမိုကရေစီရေး၊ တန်းတူရေး နှင့် ကိုယ်ပိုင်ပြဌာန်းခွင့်ရရှိရေး ကို အာမခံချက်ပေးနိုင်သည့် ပြည်ထောင်စုတည်ဆောက်ရေးသည် မိမိတို့၏ နိုင်ငံရေးပန်းတိုင်ဖြစ်ကြောင်း ကမ္ဘာကို အသိပေးရှင်းလင်းရန် လိုအပ်နေပါသည်။

ထို့အပြင် မြန်မာနိုင်ငံ၏ နိုင်ငံရေးအကြပ်အတည်းကြောင့် ဖြစ်ပေါ်နေသော အနှစ်ငါးဆယ်ကျော်ပြည်တွင်းစစ်နှင့် ၎င်း၏ နောက်ဆက်တွဲပြဿနာများ ဖြစ်ကြသော ဒုက္ခသည်ပြဿနာ၊ မူးယစ်ဆေးဝါးပြဿနာ၊ တရားမဝင်အလုပ်သမား ပြဿနာ၊ မှောင်ခိုကူးသန်းရောင်းဝယ်မှုပြဿနာ၊ HIV/ AIDS အပါအဝင် အမျိုးမျိုးသော ကူးစက်ရောဂါပြန့်ပွားမှုနှင့် အခြားခြားသော လူမှုရေးပြဿနာများသည် — ယခုအခါ မြန်မာနိုင်ငံပြဿနာတခုထဲ မဟုတ်တော့ပဲ၊ နိုင်ငံတကာ ပြဿနာ၊ ဒေသဆိုင်ရာပြဿနာများ ဖြစ်နေကြပြီဖြစ်သောကြောင့်၊ နိုင်ငံတကာ — အထူးသဖြင့် မိမိတို့အိမ်နီးချင်းနိုင်ငံများအနေဖြင့် ဤပြဿနာမှ ခေါင်းရှောင်မနေပဲ၊ မိမိတို့ တိုင်းရင်းသားလူမျိုးများသည် ဒီမိုကရေစီအင်အားစုများကို ကူညီပံ့ပိုးခြင်းဖြင့် ဤပြဿနာပေါင်းမြောက်များစွာတို့၏ အခြေခံအရင်းအမြစ်ဖြစ်သော နိုင်ငံရေးနည်းပြဿနာနှင့်အတူ ဖြေရှင်းသင့်ကြောင်း ရှင်းလင်းတင်ပြရန် လိုအပ်နေပါသည်။

ထို့ကြောင့် တိုင်းရင်းသားလူမျိုးများကောင်စီ (ENC) အနေဖြင့် စစ်မှန်သောပြည်ထောင်စုစနစ်ထူထောင်ရေးနှင့် ဒီမိုကရေ စီစနစ်ထွန်းကားရေးကို ဦးထိပ်ထားပြီး ဒီမိုကရေစီအသွင်ကူးပြောင်းရေး အမြန်ဆုံးဖြစ်ပေါ်လာရေးနှင့် သုံးပွင့်ဆိုင်ဆွေး နွေးပွဲဖြစ်ပေါ်လာရေးတို့အတွက် နိုင်ငံတကာစည်းရုံးရေးကို ဆထက်ထမ်းပိုး လုပ်ဆောင်ရန်လိုအပ်ကြောင်း ဆုံးဖြတ်ကြပါသည်။

## မဟာဗျူဟာညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်များကိုအကောင်အထည်ဖော်ခြင်း

(၁) သက္ကရာဇ် ၂၀၀၄ ခုနှစ် အောက်တိုဘာလ (၂၈) ရက်မှ (၃၀) ရက်အထိ ကျင်းပခဲ့သော တိုင်းရင်းသားလူမျိုးများကောင်စီ (ENC) ၏ မဟာဗျူဟာညှိနှိုင်းအစည်းအဝေး (ENC Strategy Consultation Meeting) တွင် တိုင်းရင်းသားလူမျိုးများကောင်စီ (ENC) ၏ ဦးဆောင်မှုအောက်တွင် တိုင်းရင်းသားလူမျိုးများ၏ တပ်ပေါင်းစု၊ ပါတီများနှင့် အဖွဲ့အစည်းများအချင်းချင်းကြားတွင် သွေးစည်းညီညွတ်မှုပိုမိုခိုင်မာရေး၊ ပေါ်လစီနှင့် လုပ်ငန်းများ ချမှတ်ဆောင်ရွက်ရာတွင် ပိုမိုသွက်လက်မြန်ဆန်ရေးအတွက် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရန်ဆုံးဖြတ်ခဲ့ပါသည်။

(က) State-based ဖြင့် တိုင်းရင်းသားလူမျိုးများကောင်စီ (ENC) ကို ဖွဲ့စည်းနိုင်ရေး၊

(ခ) မဟာဗျူဟာနှင့် နည်းဗျူဟာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေး၊

(ဂ) စီးပွားရေးစီမံကိန်းများ ပြင်ဆင်ရေးဆွဲရေး (Preparation for Economic Planning),

(ဃ) ပြည်နယ်နှင့် ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေများ အပါအဝင် ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာကိစ္စရပ်များကိုပူးပေါင်းဆောင်ရွက်ရေး၊

(င) နိုင်ငံတကာဆက်သွယ်ဆက်ဆံရေး (International Affair) များကို ပူးပေါင်းဆောင်ရွက်ရေး၊

(၂) ထို Strategy Consultation Meeting ၏ရလာဒ်များကိုအခြေခံ၍ သက္ကရာဇ် ၂၀၀၄ အောက်တိုဘာ (၁) ရက်နေ့တွင်ကျင်းပခဲ့သော တိုင်းရင်းသားလူမျိုးများကောင်စီ (ENC) ၏ စတုတ္ထအကြိမ် သုံးလပတ်အစည်းအဝေးတွင် အောက်ပါအတိုင်း ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

(က) အထက်တွင်ဖော်ပြထားသောလုပ်ငန်း (၅) ရပ်ကို ဆောင်ရွက်နိုင်ရန်အတွက် ဆပ်ကော်မတီ (၅) ခုကို ဖွဲ့စည်းရန်၊

(ခ) ဆပ်ကော်မတီတခုချင်းစီကို ENSCC ကော်မတီဝင်များနှင့် ENC အကြံပေးပုဂ္ဂိုလ်များက တခုစီစည်းကြပ်ကွပ်ကဲ၍ ENC ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားရန်၊

(ဂ) ဆပ်ကော်မတီတခုချင်းစီကို ကြီးကြပ်ဦးဆောင်နိုင်ရန် ENSCC ကော်မတီဝင်များကို အောက်ပါအတိုင်း တာဝန်ပေးအပ်ထားရန်၊

(i) နိုင်ငံတကာရေးရာ ဆပ်ကော်မတီ
Teddy Buri

(ii) ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာ ဆပ်ကော်မတီ
Hkun Okker

(iii) State-based ဖြင့် ENC ဖွဲ့စည်းရေးဆိုင်ရာလုပ်ငန်း ဆပ်ကော်မတီ Rimond Htoo

(iv) မဟာဗျူဟာလေ့လာရေးရာ ဆပ်ကော်မတီ
Htoo Htoo Lay

(v) စီးပွားရေးစီမံကိန်းရေးရာဆပ်ကော်မတီ
Harn Yawnghwe

ထိုဆပ်ကော်မတီ (၅) ခု၏ Coordination အဖြစ် David Taw ကို ရွေးချယ်တာဝန်ပေးအပ်သည်။

(ဃ) ENC ကောင်စီဝင်များက အထက်ပါဆပ်ကော်မတီများ၏ လုပ်ငန်းဆောင်ရွက်အကောင်အထည်ဖော်မှုကို ဦးဆောင်လမ်းညွှန်ရမည်ဖြစ်သောကြောင့် ဆပ်ကော်မတီအားလုံး၏ အစည်းအဝေးများနှင့် လုပ်ငန်းညှိနှိုင်းဆောင်ရွက်မှုများတွင် တိုက်ရိုက်ပါဝင်ကြရမည်။

(င) ဆပ်ကော်မတီအသီးသီးကို ဦးဆောင်သော ENC နှင့် ENSCC ကော်မတီဝင်များက မိမိတို့၏သက်ဆိုင်ရာ ဆပ်ကော်မတီတွင် ပါဝင်ဆောင်ရွက်မည့် ပုဂ္ဂိုလ်များကို ဖိတ်ခေါ်၍ ENC ၏အတည်ပြုချက်ကိုရယူရန် ဟူ၍ဆုံးဖြတ်ခဲ့ပါသည်။

**အတွင်းစည်းမဟာဗျူဟာညှိနှိုင်းအစည်းအဝေး**

ENC ၏ အတွင်းစည်းမဟာဗျူဟာညှိနှိုင်းအစည်းအဝေး (Internal Strategy Consultaion Meeting) ကို သက္ကရာဇ် ၂၀၀၄ ခုနှစ် ဒီဇင်ဘာလ (၁၄) ရက်မှ (၁၆) ရက်များတွင် ကျင်းပနိုင်ခဲ့ပါသည်။ ထိုအစည်းအဝေးတွင် နိုင်ငံရေးအရ အရေးကြီးသော အတွင်းရေးကိစ္စများကို ဆွေးနွေးတိုင်ပင် နိုင်ခဲ့ကြရုံသာမက၊ ပထမအကြိမ်မဟာဗျူဟာ ညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်အရ ဖွဲ့စည်းခဲ့သောဆပ်ကော်မတီ (၅) ခုကို အောက်ပါအတိုင်း ပီပီပြင်ပြင် ဖွဲ့စည်းနိုင်ခဲ့ရုံသာမက၊ ၎င်းကော်မတီ များကိုလည်း စာတမ်းများရေးသားပြုစုရန် တာဝန်ပေးခဲ့ပါသည်။

ဆပ်ကော်မတီအသီးသီး၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**(က) နိုင်ငံတကာရေးရာဆပ်ကော်မတီ**

(i) တာဝန်ခံပုဂ္ဂိုလ်များ
- (၁) ခွန်းအက်ဒီဘူရီ (အဖွဲ့ခေါင်းဆောင်)
- (၂) နန်းဆိုင်နောင့်
- (၃) ဒေါက်တာရွှေခါး

(ii) တာဝန်ခံရေးသားမည့်စာတမ်း
- (၁) နိုင်ငံတကာ Lobby တွင် ENC လုပ်ဆောင်သင့်သည့် လုပ်ငန်းများ၊
- (၂) သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲဖြစ်ပေါ်လာရေးအတွက် EU ၏ Common Position/ UNGA Resolution နှင့် USA ၏ နိုင်ငံခြားရေးပေါ်လစီများတွင် တိုင်းရင်းသားအခန်းကဏ္ဍပါလာရေး၊
- (၃) အိမ်နီးချင်းနိုင်ငံများဖြစ်သော တရုတ်၊ အိန္ဒိယ၊ အာဆီယံ နှင့် ဂျပန်နိုင်ငံများကို မည်သို့မည်ပုံချဉ်းကပ်သင့်ကြောင်း နည်းလမ်းများရှာဖွေရေး၊

**(ခ) မဟာဗျူဟာလေ့လာရေးရာဆပ်ကော်မတီ**

(i) တာဝန်ခံပုဂ္ဂိုလ်များ
- (၁) ဗိုလ်မှူးကြီးထူးထူးလေး (အဖွဲ့ခေါင်းဆောင်)

(၂) စောဒေးဗစ်တော
(၃) လျှန်မှုန်းဆာခေါင်း
(၄) စဝ်ဟန်ယောင်ဟွေ

(ii) တာဝန်ခံရေးသားမည့်စာတမ်း

(၁) မဟာဗျူဟာဆိုင်ရာကိစ္စများ
(၂) Mapping

## (ဂ) ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာဆပ်ကော်မတီ

(i) တာဝန်ခံပုဂ္ဂိုလ်များ

(၁) ဗိုလ်မှူးကြီးခွန်ဥက္ကာ (အဖွဲ့ခေါင်းဆောင်)
(၂) ENC နှင့် ENSCC တွင်ပါဝင်သည့် SCSC ကော်မတီဝင်များ

(ii) တာဝန်ခံရေးသားရမည့်စာတမ်းများ

(၁) Basic Principles (ပြည့်ဝစုံလင်သော နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေဖြစ်ပေါ်လာရေးအတွက် အခြေခံ ရမည့်မူများ)
(၂) Basic Rights (တိုင်းရင်းသားလူမျိုးများအနေဖြင့် လုံးဝ အလျှော့ပေး၍မရသော အခြေခံအခွင့်အရေးများ)
(၃) နအဖ၏အခြေခံ (၁၀၄) ချက်အပေါ်သုံးသပ်ချက်များ၊
(၄) SCSC ကို ENC အောက်မှာထားရှိပြီး၊ ပြည်နယ်များ ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့် ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေများ ရေးဆွဲရေးလုပ်ငန်းများကို မည်သို့ မည်ပုံဆောင်ရွက်သင့်ကြောင်း၊

## (ဃ) State Based ဖြင့် ENC ဖွဲ့စည်းရေးပြင်ဆင်မှုကော်မတီ

(i) တာဝန်ခံပုဂ္ဂိုလ်များ

(၁) ခွန်းရီမွန်ထူး (အဖွဲ့ခေါင်းဆောင်)
(၂) မခေါ်ခွန်ဆာ
(၃) ခွန်ဥက္ကာ

(ii) တာဝန်ခံရေးသားမည့်စာတမ်း

(၁) States-based ဖြင့် ENC ပြန်လည်ဖွဲ့စည်းနိုင်ရေး၊

(၂) States-based ဖြင့် ENC ကိုပြန်လည်မဖွဲ့စည်း နိုင်သေးပါက အခြားရွေးချယ်ရမည့်နည်းလမ်းများ၊

**(င) စီးပွားရေးစီမံကိန်းရေးဆွဲရေးရာဆပ်ကော်မတီ**

(i) တာဝန်ခံပုဂ္ဂိုလ်များ

(၁) စဝ်ဟန်ယောင်ဟွေ (အဖွဲ့ခေါင်းဆောင်)

(၂) မစ္စလင်းဒါ

(ii) တာဝန်ခံရေးသားမည့်စာတမ်း

(၁) စီးပွားရေးစီမံကိန်းရေးဆွဲရေးရာဆပ်ကော်မတီဖြစ်ပေါ် လာနိုင်ရေးနှင့် ၎င်းဆပ်ကော်မတီ၏ ရှေ့လုပ်ငန်းစဉ်များတို့ဖြစ်ပါသည်။

## အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့် "လမ်းညွှန်အခြေခံမူများ"

## The Basic Principles for Future Federal Constitution

တိုင်းရင်းသားလူမျိုးများ၏ နိုင်ငံရေးပါတီများ၊ တပ်ပေါင်းစုများ၊ လက်နက်ကိုင်တော်လှန်ရေးအင်အားစုများ၊ လူငယ်နှင့် အမျိုးသမီးအဖွဲ့အစည်းများ အပါအဝင် ဒီမိုကရေစီအင်အားစုများအစုံအညီတက်ရောက်သော **"အနာဂတ်ဖက်ဒရယ် ပြည်ထောင်စုဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ရေးဆွဲရာတွင် အခြေခံရမည့် လမ်းညွှန်အခြေခံမူများ"** ညှိနှိုင်းနီးနှောဖလှယ်ပွဲတရပ်ကို သက္ကရာဇ် ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီ (၉) ရက်မှ (၁၂) ရက်နေ့ အထိကျင်းပခဲ့ပါသည်။ ထိုနီးနှောဖလှယ်ပွဲမှ အနာဂတ်ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲပြဌာန်းသောအခါ အခြေခံရမည့် လမ်းညွှန်မူ (၈) ချက် နှင့် ဆုံးဖြတ်ချက် (၂) ရပ်တို့ကို ချမှတ်နိုင်ခဲ့ပါသည်။

ထို **"လမ်းညွှန်အခြေခံမူ"** နှင့်စပ်လျဉ်း၍ သက္ကရာဇ် ၂၀၀၅ ခုနှစ် မတ်လ (၄) ရက်နှင့် (၅) ရက်နေ့များတွင် ကျင်းပသော ENC အစည်းအဝေးတွင် လမ်းညွှန်မူ (၈) ချက်နှင့် ဆုံးဖြတ်ချက် (၂) ရပ်စလုံးကို ခြုံငုံထားသည့် "တိုင်းရင်း

သားလူမျိုးများအစုအဖွဲ့'' မှတင်သွင်းခဲ့သည့် အခြေခံမူ (၁၀) ချက်ကို ရှင်းလင်းချက်နှင့်တကွ ENC ၏ ''လမ်းညွှန်အခြေခံမူ'' များအဖြစ် လက်ခံကျင့်သုံးရန်သဘောတူ ဆုံးဖြတ်ခဲ့ပါသည်။ ယင်းလမ်းညွှန်အခြေခံမူ (၁၀) ချက်မှာ —

## (၁) **Sovereign Power** (အချုပ်အခြာအာဏာ)

**ဖက်ဒရယ်ပြည်ထောင်စု၏အချုပ်အခြာအာဏာသည် ပြည်သူလူထုထံတွင် တည်ရှိစေရမည်။**

(က) ပြည်ထောင်စု၏အချုပ်အခြာအာဏာသည် ပြည်သူလူထုထံမှ ဆင်းသက်လာစေရမည်ဖြစ်ပြီး၊ ထို အချုပ်အခြာအာဏာကို ပြည်သူလူထုကိုယ်စားကျင့်သုံးနိုင်ရန်အတွက် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ နှင့်အညီ အခါအားလျော်စွာကျင်းပသော အထွေထွေရွေးကောက်ပွဲများ တွင် ရွေးကောက်တင်မြှောက်ခြင်းခံရသော ပြည်သူ့ကိုယ်စားလှယ်များ၊ နိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ ဥပဒေနှင့် နည်းဥပဒေများအရ ခန့်အပ်တာဝန်ပေးအပ်ခြင်းခံရသော ပြည်သူ့ဝန်ထမ်းများက အဆင့်ဆင့် ခွဲဝေကျင့်သုံးစေရမည် ဖြစ်ပါသည်။

(ခ) အချုပ်အခြာအာဏာ၏ ရေသောက်မြစ်သုံးသွယ်ဖြစ်သော ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာများကို သီးခြားစီကျင့်သုံးခြင်း (Separation of Powers) ရှိစေရမည်။

(ဂ) ပြည်ထောင်စု၏အချုပ်အခြာအာဏာ မူလပိုင်ရှင်ဖြစ်သော ပြည်သူလူထုအနေဖြင့် Initiative နှင့် Referendum Power များကို အစိုးရထံသို့၎င်း၊ ပြည်သူ့ဝန်ထမ်းများထံသို့၎င်း၊ အလုံးစုံအပ်နှင်းခြင်းမရှိပဲ မိမိတို့လက်ဝယ်တွင် ထားရှိကျင့်သုံးခွင့်ရှိစေရမည်။

## (၂) **Equality** (တန်းတူရေး)

**တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေးအရဖြစ်စေ၊ လူမျိုးရေးအရဖြစ်စေ တန်းတူရည်တူ အခွင့်အရေးရှိစေရမည်။**

(က) ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားလူမျိုးတိုင်းသည် လူမျိုးရေးအရ တန်းတူရည်တူအခွင့်အရေးရှိစေရမည်။

(ခ) ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များကို နိုင်ငံရေးအာဏာများဖြစ်သော ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာ နှင့် တရားစီရင်ရေးအာဏာများကို တန်းတူရည်တူအပ်နှင်းထားစေရမည်။

(ဂ) ပြည်ထောင်စုအတွင်းရှိ မည်သည့်လူမျိုးကိုမှ အထူးအခွင့်အရေးမပေးရ။ မည်သည့်လူမျိုးကိုမှ အခွင့်အရေးချုပ် ချယ်ကန့်သတ်ခြင်း မရှိစေရ။

## (၃) Self-determination (ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်)

**တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု စသည့်ကဏ္ဍအသီးသီးတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝ ရှိစေရမည်။**

(က) တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုနယ်ပယ်များတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝရှိကြသောကြောင့် မိမိတို့၏နိုင်ငံရေးကံကြမ္မာကို မိမိတို့ဘာသာ၊ လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့်ရှိ ကြပါသည်။

(ခ) ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များသည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝ ရှိကြရမည်ဖြစ်သောကြောင့် နိုင်ငံရေးအာဏာ (၃) ရပ်ဖြစ်သော ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာများကို ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေက ခွင့်ပြုသည်နှင့်အမျှ အပြည့်အဝကျင့်သုံးခွင့် ရှိစေရမည်။

(ဂ) တိုင်းရင်းသားလူမျိုးများ၏ မွေးရာပါအခွင့်အရေးအဖြစ် ပိုင်ဆိုင်ထားသော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို မည်သည့်အခြေအနေတွင်မှ ရုတ်သိမ်းဟန့်တားခြင်း မရှိစေရ။

## (၄) Federal Principles (ဖက်ဒရယ်ပြည်ထောင်စုစစ်စစ်မှု)

**ဖက်ဒရယ်ပြည်ထောင်စုကို ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝရှိသော ပြည်နယ်များဖြင့် ဖွဲ့စည်းရမည်။ ပြည်ထောင်စုလွှတ်တော်တွင် လွှတ်တော်နှစ်ရပ်ထားရှိစေရမည်။**

(က) ဖက်ဒရယ်ပြည်ထောင်စုကို ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝရှိ၍ တန်းတူသော နိုင်ငံရေးအာဏာများ အပ်နှင်းခြင်းခံရသည့် ပြည်နယ်များကို အခြေခံ၍ ဖွဲ့စည်းရမည်။

(ခ) ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များကို ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတည်းဟူသော နိုင်ငံရေးအာဏာ (၃) ရပ်စလုံးကို အပြည့်အဝအပ်နှင်းစေရမည့်အပြင်၊ ထို နိုင်ငံရေးအာဏာ (၃) ရပ်စလုံးကို တရားဥပဒေနှင့်အညီ လွတ်လပ်စွာကျင့်သုံးနိုင်ရေးအတွက် ပြည်နယ်လွှတ်တော်၊ ပြည်နယ်အစိုးရနှင့် ပြည်နယ်တရားရုံးချုပ်များကို လွတ်လပ်စွာထူထောင်ပိုင်ခွင့်ရှိစေရမည်။

(ဂ) ပြည်နယ်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေများကို ပြည်ထောင်စုဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် မဆန့်ကျင်စေဘဲ လွတ်လပ်စွာရေးသားပြဋ္ဌာန်းပိုင်ခွင့် ရှိစေရမည်။

(ဃ) တန်းတူသောပြည်နယ်များပူးပေါင်း၍ ပြည်ထောင်စုကိုဖွဲ့စည်းသောအခါ ပြည်ထောင်စုလွှတ်တော်တွင် လူမျိုးစု လွှတ်တော် (အထက်လွှတ်တော်) နှင့် ပြည်သူ့လွှတ်တော် (အောက်လွှတ်တော်) များကိုထားရှိရမည်ဖြစ်ပြီး၊ လူမျိုးစုလွှတ်တော် (အထက်လွှတ်တော်) တွင် ပြည်နယ်များက ဦးရေတူညီသော ပြည်နယ်ကိုယ်စားလှယ်များကို စေလွှတ်စေရမည်။

(င) ပြည်နယ်များက စုပေါင်းကျင့်သုံးရန် ပြည်ထောင်စုလွှတ်တော်သို့ အပ်နှင်းထားသည့် နိုင်ငံခြားဆက်သွယ်ရေး၊ ပြည်ထောင်စုကာကွယ်ရေး၊ ငွေစက္ကူနှင့် ငွေဒင်္ဂါးထုတ်လုပ်ရေးနှင့် ပြည်ထောင်စုလမ်းပန်းဆက်သွယ်ရေး စသောအာဏာများမှအပ ကြွင်းကျန်သောအာဏာ (Residual Power) များကို ပြည်နယ်များတွင် အပ်နှင်းထားစေရမည်။

## (၅) **Minority Rights** (လူနည်းစုများ၏ အခွင့်အရေးများကို ကာကွယ်ခြင်း)

**ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များအတွင်းနေထိုင်ကြသော တိုင်းရင်းသားလူနည်းစုများ၏ အခွင့်အရေးများကို အပြည့်အဝကာကွယ်ပြဋ္ဌာန်းပေးရမည်။**

(က) ပြည်ထောင်စုပြည်နယ်များအတွင်းရှိ လူနည်းစုများ၏အခွင့်အရေးများကို အပြည့်အဝကာကွယ်ပေးနိုင်ရန် အတွက် ကိုယ်ပိုင်အုပ်ချုပ်ရဒေသများ (Autonomous Regions) နှင့် အမျိုးသားနယ်မြေများ (National Areas) များကို ဥပဒေနှင့်အညီ သတ်မှတ်ပြဌာန်းစေရမည်။

(ခ) ထိုလူနည်းစုများက မိမိတို့၏ ယဉ်ကျေးမှုဘာသာစကားနှင့် အမျိုးသားရေးလက္ခဏာများ ထိန်းသိမ်းကာကွယ်ခွင့်သာမက နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးစသည်တို့ တိုးတက်ဖွံ့ဖြိုးစေရန် ဆောင်ရွက်ခွင့် အာဏာများကိုလည်း အပြည့်အဝအပ်နှင်းထားရမည်။

## (၆) Democracy, Human Rights and Gender Equality (ဒီမိုကရေစီအခွင့်အရေး၊ အခြေခံလူ့အခွင့်အရေး နှင့် ကျားမဆိုင်ရာ တန်းတူညီမျှမှု)

(က) ကျားမဆိုင်ရာ လိင်ကွဲပြားမှုကိုအခြေခံသော ခွဲခြားဆက်ဆံမှုများကို လုံးဝပိတ်ပင် ဟန့်တားထားရမည်။

(ခ) နိုင်ငံသားတိုင်း၏ မွေးရာပါရပိုင်ခွင့်ဖြစ်သော အခြေခံလူ့အခွင့်အရေးများကို မည်သည့်အခြေအနေအောက်တွင်မှ ရုတ်သိမ်းခွင့် မရှိစေရ။

## (၇) Multi-party Democracy System (ပါတီစုံဒီမိုကရေစီစနစ်)

**လူမျိုးပေါင်းစုံစုပေါင်းနေထိုင်၍ လူမျိုးပေါင်းစုံကစုပေါင်းပိုင်ဆိုင်ထားသော ဖက်ဒရယ်ပြည်ထောင်စုတွင် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးစေရမည်။**

(က) ပြည်ထောင်စုတွင် တပါတီအာဏာရှင်စနစ်လုံးဝမပေါ်ပေါက်စေရန် ဥပဒေဖြင့်ဟန့်တားကာကွယ်ရမည်။

(ခ) နိုင်ငံရေးပါတီများ ဖွဲ့စည်းတည်ထောင်ခြင်းဆိုင်ရာဥပဒေကို ပြည်ထောင်စုလွှတ်တော်က သီးခြားပြဌာန်းပေးရမည်။

## (၈) **Secular State** (ဘာသာရေးကိုအခြေမခံသော နိုင်ငံ)

**နိုင်ငံရေးနှင့်ဘာသာရေးရောစပ်ခြင်းမရှိစေဘဲ၊ ဘာသာရေးကို အခြေမခံ သော နိုင်ငံဖြစ်စေရမည်။**

(က) လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်မူအရ နိုင်ငံသားတိုင်းသည် မိမိနှစ်သက်ရာဘာသာအယူဝါဒကို ကိုးကွယ်ခွင့်ရှိစေရမည်။

(ခ) ဘာသာရေးကိုအသုံးချ၍ နိုင်ငံ့ရေးရာကိစ္စများကို ဆောင်ရွက်ခွင့်မပြုရ။

(ဂ) ပြည်ထောင်စုလွှတ်တော်သည် မည်သည့်ဘာသာရေးကိုမျှ နိုင်ငံတော်ဘာသာအဖြစ် ပြဋ္ဌာန်းခြင်းမပြုရ။

## (၉) **Civilian Supremacy** (အရပ်ဖက်အုပ်ချုပ်မှုအောက်တွင် လက်နက်ကိုင်တပ်ဖွဲ့များကိုထားရှိခြင်း)

**ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်သည် ပြည်ထောင်စုကို ကာကွယ်ရန်သာ တာဝန်ရှိခြင်းကို ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၌ အတိအကျ ပြဋ္ဌာန်းပေးရမည်။**

(က) ကာကွယ်ရေးဝန်ကြီးသည် ပြည်သူလူထုကရွေးကောက် တင်မြှောက်သောပြည်သူ့ကိုယ်စားလှယ်တဦး ဖြစ်စေရမည်။

(ခ) လက်ရှိတာဝန်ထမ်းဆောင်နေသော မည်သည့်စစ်ဖက်အရာရှိ တဦးတယောက်ကိုမျှ ကာကွယ်ရေးဝန်ကြီး အဖြစ်ခန့်အပ်ခြင်း မပြုရ။

## (၁၀) **New State** (ပြည်နယ်သစ်ထူထောင်ခြင်း)

**ဖက်ဒရယ်ပြည်ထောင်စုစတင်ဖွဲ့စည်းချိန်တွင် အမျိုးသားပြည်နယ် တနယ်အဖြစ် ဖွဲ့စည်းရန် အဆင်သင့် မရှိသေးသော တိုင်းရင်းသားလူမျိုးစုများသည် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေက သတ်မှတ်ပြဋ္ဌာန်းသော “အမျိုးသားလက္ခဏာ” ရပ်များနှင့် ပြည့်မီလာချိန်တွင် ဥပဒေနှင့်အညီ ပြည်နယ်သစ် ဖေါ်ထုတ်ဖွဲ့စည်းခွင့် ရှိစေရမည်။**

(က) အမျိုးသားပြည်နယ်သစ်ဖွဲ့စည်းနိုင်ရန် အဆင့်အတန်းသတ်မှတ်ချက်ဖြစ်သော "အမျိုးသားလက္ခဏာ" များကိုဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် တိကျစွာပြဋ္ဌာန်းထားရမည်။

(ခ) အမျိုးသားပြည်နယ်သစ် ဖွဲ့စည်းထူထောင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်းပေးရမည်။

## ရှေ့လုပ်ငန်းစဉ်များ။

### (၁) ENC ကိုပိုမိုကျစ်လစ်ခိုင်မာစွာဖွဲ့စည်းရေး။

တိုင်းရင်းသားလူမျိုးများကောင်စီကို ဖွဲ့စည်းရခြင်း၏ရည်ရွယ်ချက်မှာ ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားလူမျိုးများ အားလုံး၏ နိုင်ငံရေး ပန်းတိုင်ဖြစ်သော — (၁) စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုစနစ် တည်ဆောက်ရေး၊ (၂) အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေး၊ (၃) ဒီမိုကရေစီနိုင်ငံတော်ထူထောင်ရေးနှင့် (၄) စစ်အာဏာရှင်စနစ် ဖျက်သိမ်းရေးတို့ကို နိုင်ငံရေးတပ်ပေါင်းစုများ၊ ပါတီများနှင့် အဖွဲ့အစည်းများပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ဖွဲ့စည်းရခြင်းဖြစ်ပါသည်။

"တိုင်းရင်းသားလူမျိုးများကောင်စီ" ကိုပိုမိုကျစ်လစ်ခိုင်မာစွာ ဖွဲ့စည်းထူထောင်နိုင်ရေးအတွက် အရေးအကြီးဆုံးသော အချက်တခုမှာ — ၎င်း၏ "တရားဝင်မှု (ဝါ) Legitimacy ရှိမှု" ကိုဖော်ထုတ်ပြသနိုင်ရေးနှင့် Legitimacy ရှိသော နိုင်ငံရေးအဖွဲ့အစည်းအဖြစ် ထူထောင်ရေးပင်ဖြစ်ပါသည်။

ထို့ကြောင့် Legitimacy အပြည့်အဝရှိသော ကောင်စီတရပ်ဖြစ်ပေါ်လာရေးအတွက် — တတိယအကြိမ်မြောက် တိုင်းရင်းသားလူမျိုးများ နီးနှောဖလှယ်ပွဲတွင် "တိုင်းရင်းသားလူမျိုးများကောင်စီ" ကို "တနှစ်အတွင်း ပြည်နယ်များကို အခြေခံဖွဲ့စည်းထူထောင်ရန်ကြိုးပမ်းသွားမည်" — ဟုဆုံးဖြတ်ခဲ့ခြင်း ဖြစ်ပါသည်။

ထို ဆုံးဖြတ်ချက်၏အနှစ်သာရမှာ — လူမျိုးသာမက ပြည်နယ်များကိုအခြေခံ၍ (State based) "တိုင်းရင်းသားလူမျိုးများကောင်စီ" ကို ဖွဲ့စည်း

နိုင်ပါက၊ တိုင်းရင်းသားလူမျိုးများကောင်စီသည် Legitimacy အပြည့် အဝ ရှိသော ကောင်စီဖြစ်သွား ရုံသာမက၊ ၎င်း၏ ရည်မှန်းချက်ကြီးဖြစ်သော "စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုတူထောင်ရေး" ဟူသော နိုင်ငံရေး ရည်မှန်းချက်ပန်းတိုင်နှင့်လည်း ထပ်တူထပ်မျှကျသွားနိုင်မည် ဖြစ်ပါသည်။ စစ်မှန်သောဖက်ဒရယ်ပြည် ထောင်စုစနစ်ဖွဲ့စည်းနိုင်ရန် "ပြည်နယ်အခြေခံ" (State based) ဖြင့်ဖွဲ့စည်းခြင်းမှလွဲ၍ အခြားနည်းလမ်းမရှိပေ။ ထို့ကြောင့် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုစနစ်ဖွဲ့စည်းနိုင်ရေးအတွက် ထူထောင်ဖွဲ့စည်းထားသော "တိုင်းရင်းသားလူမျိုးများကောင်စီ" ကိုလည်း "ပြည်နယ်အခြေခံ" ဖြင့်ဖွဲ့စည်းရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်ပါသည်။

## (၂) သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေးနှင့် အမျိုးသားညီလာခံ

တိုင်းရင်းသားလူမျိုးများကောင်စီ၏ နိုင်ငံရေးရည်မှန်းချက်ပန်းတိုင်သို့ အရောက်ချီတက်ရန်ရွေးချယ်ထားခဲ့သော လမ်းစဉ်နှင့် မဟာဗျူဟာသည် "နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် တွေ့ဆုံဆွေးနွေးအဖြေရှာခြင်း" ဟူသည့် "သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေး" ပင်ဖြစ်ပါသည်။ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေးမဟာဗျူဟာသည် ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာ၏ ထောက်ခံအားပေးခြင်းသာမက ပြည်သူလူထုတရပ်လုံး၏ လိုလားထောက်ခံမှုကိုလည်း အပြည့်အဝ ရရှိနိုင်ခဲ့ပါသည်။

တိုင်းရင်းသားလူမျိုးများကောင်စီအနေဖြင့် "သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေး" ဖြစ်ပေါ်အောင်မြင်ရေးအတွက် အထောက် အကူပြုဗျူဟာမျိုးစုံကိုလည်း ချမှတ်ထားခဲ့ပါသည်။ ၎င်းတို့မှာ —သက္ကရာဇ် ၂၀၀၁ တွင် ချမှတ်ခဲ့သည့် "The New Panglong Initiative: Rebuilding the Union of Burma"; သက္ကရာဇ် ၂၀၀၂ တွင်ဆောင်ရွက်ခဲ့သော "Ethnic Nationalities Initiative for Democratic Transation"; သက္ကရာဇ် ၂၀၀၃ တွင် ထုတ်ပြန်ခဲ့သည့် "Road Map for: Rebuilding the Union of Burm" နှင့် သက္ကရာဇ် ၂၀၀၄ တွင်ကျင်းပခဲ့သည့် တတိယအကြိမ် တိုင်းရင်းသားလူမျိုးများ နီးနှောဖလှယ်ပွဲတွင် ဆုံးဖြတ်ချက်ချမှတ်ခဲ့သော — "ပြည်ထောင်စုပြန်တည်ဆောက်ရေးစီမံချက်" များ ပင်ဖြစ်ပါသည်။

နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရေးဟူသော သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲသည် မဟာဗျူဟာအားဖြင့် ယနေ့တိုင် မှန်ကန်နေဆဲဖြစ်ပါသည်။ ထို့ပြင် "သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေး" ဟူသော ၁၉၉၄ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံဆုံးဖြတ်ချက်ကြီးက တိုင်းရင်းသားလူမျိုးများကို Legitimacy ရှိသောနိုင်ငံရေးအင်အားစုများအဖြစ် တရားဝင်အသိအမှတ်ပြုထားပါသည်။ ထို့ကြောင့် သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲ ဟူသော မဟာဗျူဟာကို မိမိတို့မစွန့်လွှတ်သင့်ပေ။ သို့သော် မိမိတို့အနေဖြင့် သုံးပွင့်ဆိုင်တွေ့ဆုံ ဆွေးနွေးရေး ဟူသော မဟာဗျူဟာကို မပြောင်းလဲစေပဲ၊ သုံးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးပွဲဖြစ်ပေါ်လာရေးဟူသော နည်းဗျူဟာများကို ပြောင်းလဲတိုးတက်နေသော နိုင်ငံရေးအခြေအနေများနှင့်အညီ လိုအပ်လျှင်လိုအပ်သလို ပြုပြင်ပြောင်းလဲချမှတ်သင့်ပါသည်။

ယခုအခါ ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအင်အားစုများက နအဖခေါ်ယူကျင်းပသော "အမျိုးသားညီလာခံ" ကိုအသွင်ပြောင်း၍ "သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲ" အနှစ်သာရပါရှိသွားအောင် ကျင်းပသင့်သည်ဟု အကြံပြုနေကြပါ သည်။ ဥပမာ — ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က အမျိုးသားညီလာခံတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် တိုင်းရင်းသားလူမျိုးစုများကို ပါဝင်တက်ရောက်စေသင့်ကြောင်း အဆိုပြုခဲ့ပါသည်။ သို့ရာတွင် အမျိုးသား ညီလာခံကို သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲအဖြစ် ပြောင်းလဲသွားစေရန် အောက်ပါအခြေခံများပါရှိရန် လိုအပ်နေပါသည်။

(က) အမျိုးသားညီလာခံဦးတည်ချက် (၆) ရပ်ကို ဆွေးနွေးပြင်ဆင်ရန်။
(ခ) အခြေခံမူ (၁၀၄) ချက်ကို ဆွေးနွေးပြင်ဆင်ရန်။
(ဂ) ညီလာခံလုပ်ထုံးလုပ်နည်းများကို ဆွေးနွေးပြင်ဆင်ရန်။
(ဃ) အမျိုးသားညီလာခံကို နအဖ၊ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်နေသော ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသားလူမျိုးများ ပူးတွဲကျင်းပရန်။

## (၃) နအဖစစ်အုပ်စုကို နိုင်ငံရေးအရထိုးစစ်ဆင်နိုင်ရေး။

တိုင်းရင်းသားလူမျိုးများကောင်စီ၏ ရည်ရွယ်ချက်များအနက် "စစ်အာဏာရှင်စနစ်ဖျက်သိမ်းရေး" သည် အရေးကြီးသော ရည်ရွယ်ချက်တရပ်ဖြစ်နေ

ပါသည်။ စစ်အာဏာရှင်စနစ်ကို ငြိမ်းချမ်းသောနည်းဖြင့် ဖျက်သိမ်းနိုင်ရေးအတွက် အကောင်းဆုံးသောနည်းလမ်းမှာ — စစ်အာဏာရှင်များနှင့် မျက်နှာချင်းဆိုင်တွေ့ဆုံဆွေးနွေး၍ ဒီမိုကရေစီရေး၊ တန်းတူရေးနှင့် တိုင်းရင်းသားလူမျိုးများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝရရှိရေးတို့ကို အာမခံချက် ပေးနိုင်မည့် စစ်မှန်သောပြည်ထောင်စုစနစ်ကို အတူတကွထူထောင်ခြင်း ပင်ဖြစ်ပါသည်။

သို့ရာတွင် နအဖစစ်အစိုးရအနေဖြင့် သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေးကို တဖက်သတ်ငြင်းဆိုနေသည့်အပြင်၊ စစ်အာဏာရှင်စနစ်ကို သက်ဆိုးရှည်စေမည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းနိုင်ရန် အမျိုးသားညီလာခံတရပ်ကို အတင်းအဓမ္မခေါ်ယူကျင်းပ နေပါသည်။ ထို့ကြောင့် မိမိတို့အနေဖြင့် နအဖစစ်အစိုးရကခေါ်ယူကျင်းပနေသော အမျိုးသား ညီလာခံ၌ ၎င်းတို့၏ အဆင့် (၇) ဆင့်ပါသော Road Map ကို နည်းဗျူဟာမျိုးစုံချမှတ်၍ ဆန့်ကျင်ဟန့်တားရန်မှတပါး အခြားနည်းလမ်း မရှိခဲ့ပေ။ ထိုသို့ နည်းဗျူဟာချမှတ်ရာတွင် နအဖ၏အမျိုးသားညီလာခံကို သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲအဖြစ်သို့ အသွင် ပြောင်းလဲစေရေး၊ ထိုသို့မဖြစ်နိုင်ပါက အမျိုးသားညီလာခံကို လုံးဝရပ်တန့်သွားစေရေးစသော နည်းဗျူဟာများ ပါဝင်ခဲ့ပါသည်။ ထို့ကြောင့် အောက်ပါနည်းဗျူဟာများကို အဆင့်ဆင့်ချမှတ်၍ ဆောင်ရွက်ခဲ့ခြင်းနှင့် ဆောင်ရွက်ရန်ပြင်ဆင်နေခြင်း ဖြစ်ပါသည်။

(က) ပထမအဆင့်တွင် နအဖက NC မကျင်းပနိုင်အောင် နည်းဗျူဟာချမှတ်၍ ကြိုးပမ်းမှုများ — ဥပမာ NLD နှင့် ပြည်တွင်း UNLD နှင့် UNA အဖွဲ့ဝင်နိုင်ငံရေးပါတီများက NC ကိုသပိတ်မှောက်ခြင်း၊ နအဖ NC ၏ ရည်ရွယ်ချက် (၆) ရပ်နှင့် အခြေခံမူ (၁၀၄) ချက်ကို ကန့်ကွက်ဆန့်ကျင်ခြင်းများ ပါဝင်ခဲ့ပါသည်။

(ခ) နအဖ Road Map အဆင့် (၂) သည် "စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဖြစ်ထွန်းရေး" ပင်ဖြစ်ပါသည်။ ယင်းသည် နာမည်လှသလောက် အန္တရာယ်ကြီးမားပါသည်။ အကြောင်းမှာ နအဖတို့သည် ၎င်းတို့ အလိုအရ — စည်းကမ်းပြည့်ဝသော ဒီမိုကရေစီဖြစ်ထွန်းရေးသည် အတိုက်အခံမရှိဘဲ၊ စစ်ဝါဒီများပိုလ်ကျ စိုးမိုးသောစနစ်မျှသာဖြစ်ပါသည်။ ထိုကြောင့် — ဒီမိုကရေစီဖက်တော်သားများနှင့် တိုင်းရင်းသားလူမျိုးများ၏ နိုင်ငံရေးခေါင်းဆောင်များကို ဖမ်းဆီးချုပ်နှောင်ခြင်းပင်ဖြစ်ပါသည်။ ထို့ကြောင့် ၎င်းအဆင့်ကို ဆန့်ကျင်သည့်အနေဖြင့် ပြည်တွင်းပြည်ပရှိ ဒီမိုက

ရေစီအင်အားစုများ၊ တိုင်းရင်းသားလူမျိုးပေါင်းစုံနှင့် နိုင်ငံတကာ အင်အားစုများပူးပေါင်းပြီး ဒေါ်အောင်ဆန်းစုကြည့်နှင့်တကွ နိုင်ငံရေးအကျဉ်းသားများ အားလုံးလွတ်မြောက်ရေး အတွက်တောင်းဆိုမှုများ နှင့် နအဖစစ်အစိုးရ၏ လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆန့်ကျင်ကန့်ကွက်မှုများကို ပြုလုပ်နေပါသည်။

(ဂ) ထို့အပြင် NC ကျင်းပပြီး သူတို့၏ Road Map အဆင့် (၃) ဖြစ်သော စစ်အာဏာရှင်စနစ်ကို ကြားကန်ပေးမည့် နိုင်ငံတကာဖွဲ့စည်းပုံ အခြေခံ ဥပဒေရေးဆွဲရေးကို ဆန့်ကျင်ကန့်ကွက်သည့်အနေဖြင့် သော်ငှင်း၊ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့၏ နိုင်ငံရေးပန်းတိုင်ဖြစ်သော "စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု စနစ်တည်ဆောက်ရေး" အောင်မြင်နိုင်ရေး အတွက်သော်ငှင်း နည်းမျိုးစုံဖြင့် ထိုးစစ်ဆင်နိုင်ရန် NC တက်ရောက်နေကြသည့် CF အဖွဲ့များက ဖက်ဒရယ်မူကို NC တွင်တင်သွင်းခြင်း၊ (ဥပမာ – CF ၁၃ ဖွဲ့၏တင်ပြချက်)၊ လွတ်မြောက်နယ်မြေရောက် ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသားလူမျိုးများပူးပေါင်း၍ "အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့် လမ်းညွှန်အခြေခံမူများ" ချမှတ်ခြင်း ပြုလုပ်ခဲ့ပါသည်။ ထိုလုပ်ဆောင်မှုများအပြင် နအဖ၏နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေရေးဆွဲ မပြီးစီးခင် ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသားလူမျိုးပေါင်းစုံပူးပေါင်း၍ ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို အမြန်ဆုံးရေးဆွဲရန် ပြင်ဆင်လျှက်ရှိနေပါသည်။

(ဃ) နအဖ Road Map ၏ စတုတ္ထအဆင့်တွင် ၎င်းတို့ NC မှရေးဆွဲပြင်ဆင်ထားသော နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို "ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ" ကျင်းပ၍ အတည်ပြုချက်ရယူရန် ဖြစ်ပါသည်။

(ထိုအဆင့်သည် မိမိတို့တိုင်းရင်းသားလူမျိုးများနှင့် ဒီမိုကရေစီအင်အားစုများလက်တွဲ၍ တိုက်ပွဲဝင်ရန် အကောင်းဆုံးသော အဆင့်ဖြစ်ပါသည်။ ထိုကြောင့် ၎င်းအဆင့်တွင် တိုက်ပွဲဝင်မှုများပြုလုပ်ရန် အခုကတည်းက ပြင်ဆင်မှုများပြုလုပ်ရန် အထူးလိုအပ်နေပါသည်။ တောင်အာဖရိကတော်လှန်ရေးတွင် Apartheid Regime ကို ANC က အပြတ်အသတ်ဖြင့် အောင်ပွဲစတင်ဆင်နိုင်ခဲ့သောအဆင့်မှာလည်း လူဖြူလူနည်းစုများ၏ ရာသက်ပန်အာဏာကြီးစိုးလွှမ်းမိုးရေးအတွက် ရည်ရွယ်ချက်ဖြင့်

ပြုလုပ် ကျင်းပခဲ့သော "လူထုဆန္ဒခံယူပွဲ" တွင် "အလိုမရှိ" "No - Campaign" ကို တောင်အာဖရိကနိုင်ငံအတိုင်းအတာမက၊ နိုင်ငံ တကာ အတိုင်း အတာဖြင့် အောင်မြင်စွာဆင်နွှဲနိုင်ခဲ့သော အချက်ကို သင်ခန်းစာယူသင့် ပါသည်။ ထို့ကြောင့် ယခုမှစ၍ "No - Campaign" ကို မိမိတို့မှ စတင်ဆောင်ရွက်ရန် အထူးလိုအပ်ပါသည်။ ၎င်း အဆင့်သည် မိမိတို့အသာစီးရနိုင်သော တိုက်ပွဲအဆင့် တခုဖြစ်ပါ သည်)။

(င) ထိုမှတဆင့်တက်၍ နအဖစစ်အုပ်စုအနေဖြင့် ၎င်းတို့၏ Road Map အတိုင်း၊ နိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ အသစ်နှင့်အညီ "ရွေး ကောက်ပွဲအသစ်" ကျင်းပသွားပါက ၎င်းအဆင့်တွင်လည်း ထိရောက်စွာ ထိုးနှက်တိုက်ပွဲဝင်ရန် အဆင်သင့် ပြင်ဆင်ထားရန် လိုအပ်နေပါသည်။

(စ) နအဖ Road Map နောက်ဆုံးအဆင့်တွင် ရွေးကောက်ပွဲအသစ်တွင် အနိုင်ရရှိသောပါတီကိုအာဏာလွှဲရေးနှင့် အစိုးရအသစ်ဖွဲ့စည်းရေး ပါဝင် နေပါသည်။ ထိုသို့အစိုးရအသစ်ဖွဲ့စည်းသွားနိုင်ပါက သူတို့အနေဖြင့် *De-facto* အစိုးရမဟုတ်တော့ပဲ၊ *De-jure* အစိုးရဟု ကမ္ဘာကိုကြေညာ နိုင်မည်ဖြစ်ပါသည်။ ယင်းအဆင့်ရောက်သွားပါကလည်း ဇွဲ၊ လုံ့လ မလျှော့ပဲ ဆက်လက်တိုက်ပွဲဝင်သွားရန်ပြင်ဆင်မှုများ ပြုလုပ်သင့်ပါသည်။

## (၄) ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဆိုင်ရာလုပ်ငန်းစဉ်များ။

ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသားလူမျိုးပေါင်းစုံ လက်တွဲဆင်နွှဲနေ သော အရေးတော်ပုံကြီး၏ အန္တိမပန်းတိုင်သည် "စစ်မှန်သောဖက်ဒရယ်ပြည် ထောင်စုစနစ်တည်ဆောက်ရေး" ဖြစ်ကြောင်း အတိအလင်းထုတ်ပြန်ကြေညာ ခဲ့ပြီး ဖြစ်ပါသည်။

စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် မရှိမဖြစ် လိုအပ်သော လုပ်ငန်းစဉ်ဖြစ်သည့် ပြည်နယ်များ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်ကိုလည်း တိုင်းရင်းသားလူမျိုးများ၏ အဓိက နိုင်ငံရေးတပ်ပေါင်းစု နှစ်ခုဖြစ်သည့် — ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) UNLD(LA), နှင့် အမျိုးသား ဒီမိုကရေစီတပ်ပေါင်းစု (NDF) တို့မှ ဦးဆောင်၍ သက္ကရာဇ် ၂၀၀၀ မှစတင် ဆောက်ရွက်၍ ယခုအခါ ပြည်နယ် (၇) ခု၏ "ပြည်နယ်ဖွဲ့စည်းပုံအခြေခံ ဥပဒေ

ရေးဆွဲရေး ကော်မတီ (ကော်မရှင်)'' များကို ဖွဲ့စည်းနိုင်ခဲ့သည့်အပြင် ဗမာပြည်နယ်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ လေ့လာရေးကော်မတီ တရပ်လည်းပေါ်ထွန်းလာခဲ့ပြီးဖြစ်ပါသည်။ ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေး ကော်မတီများအနက် အချို့ပြည်နယ်များသည် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) များကို ရေးဆွဲထုတ်ဝေနိုင်သည့် အဆင့်ပင်ရောက်ရှိနေကြပြီဖြစ်ပါသည်။

ယခုအခါ ပြည်နယ်များ၏ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ရေးဆွဲရေးလုပ်ငန်းစဉ်ကို အရှိန်အဟုန်မြှင့်၍ဆောင်ရွက်ရန် လိုအပ်နေသည်သာမက ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသားလူမျိုးပေါင်းစုံသဘောတူထားသော ''လမ်းညွှန်အခြေခံမူ'' များကိုအခြေခံ၍ ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်း အုပ်ချုပ်ပုံအခြေခံဥပဒေကို တနှစ်အတွင်း အပြီးသတ်ရေးဆွဲရန်လို အပ်နေပါသည်။

ထို့ကြောင့် ''တိုင်းရင်းသားလူမျိုးများကောင်စီ'' အနေဖြင့် ပြည်နယ်များ၏ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲ ရေးလုပ်ငန်းစဉ်ဖြစ်သော Supporting Committee for State Constitutions (SCSC) ၏ လုပ်ငန်းများကို တိုက်ရိုက် ကြီးကြပ် ကွပ်ကဲရန်လိုအပ်ရုံသာမက၊ ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်တွင်လည်း ပူးပေါင်းပါဝင်ရန် အထူးလိုအပ်နေပါသည်။

## (၅) ပြည်တွင်းပြည်ပစည်းရုံးရေးလုပ်ငန်းစဉ်များ။

(က) ENC ၏အဖွဲ့ဝင်နိုင်ငံရေးပါတီများအကြား စည်းလုံးညီညွတ်ရေး၊

(ခ) တိုင်းရင်းသား ပြည်သူလူထုတရပ်လုံးက ENC ၏ပေါ်လစီနှင့် လုပ်ငန်းစဉ်များကို သေချာနားလည်သဘောပေါက်ပြီး ထောက်ခံအားပေး မှုရရှိနိုင်ရန် အတွက် နည်းမျိုးစုံဖြင့်စည်းရုံးရေး။ (အထူးသဖြင့် ပြည်တွင်းထိုးဖောက်မှု လုပ်ငန်းများဆောင်ရွက်သင့်ပါသည်)။

(ဂ) တိုင်းရင်းသားလူမျိုးများနေထိုင်ရာဒေသများသို့ အုပ်စုအလိုက် စည်းရုံးရေးခရီးများသွားရောက်ရေး၊

(ဃ) နိုင်ငံတကာရှိ တိုင်းရင်းသားလူမျိုးများထံ အုပ်စုအလိုက်စည်းရုံးရေးခရီးသွားရောက်ရေး၊ (ဥပမာ — အမေရိကန်ပြည်ထောင်စု၊ ကနေဒါ၊ ဥရောပ၊ ဂျပန်၊ မလေးရှား၊ အိန္ဒိယ စသည့်နိုင်ငံများ)။

(င) စည်းရုံးရေးနှင့် ဝါဒဖြန့်ချိရေးလုပ်ငန်း ဆထက်ထမ်းပိုးဆောင်ရွက်နိုင်ရန် စာနယ်ဇင်း၊ မီဒီယာများကို တိုးချဲ့အသုံးချရေး၊

(စ) တိုင်းရင်းသားလူမျိုးများကောင်စီ၏ မူဝါဒနှင့် ပေါ်လစီလုပ်ငန်းစဉ်များသာမက တိုင်းရင်းသားလူမျိုးများ၏ နိုင်ငံရေးလှုပ်ရှားမှုနှင့် ပတ်သက်သော စာအုပ်စာတမ်းများ ထုတ်ဝေရေး စသည်တို့ကိုဆောင်ရွက်သင့်ပါသည်။

## (၆) နိုင်ငံတကာစည်းရုံးရေးလုပ်ငန်းစဉ်များ။

ယနေ့ပြည်ထောင်စုမြန်မာနိုင်ငံတွင် ကြုံတွေ့ရင်ဆိုင်နေရသော နိုင်ငံရေးအကြပ်အတည်းကြီးသည် သာမန်ပြည်တွင်းရေး ပြဿနာတခု မဟုတ်တော့ပေ။ တော်လှန်ရေးကောင်စီခေတ်မှစ၍ ယနေ့ နအဖအုပ်စုလက်ထက်အထိ အဆက်ဆက် သောအာဏာရှင်စစ်အုပ်စုများ၏ ပေါ်လစီမှားယွင်းမှုကြောင့် ဖြစ်ပေါ်နေသော နိုင်ငံရေးပြဿနာ၊ စီးပွားရေးပြဿနာ၊ လူမှုရေးပြဿနာ၊ မူးယစ်ဆေးဝါးပြဿနာ၊ ဒုက္ခသည်ပြဿနာ၊ အိမ်နီးချင်းနိုင်ငံများတွင် တရားမဝင်ခိုလှုံအလုပ်လုပ်နေ ကြသော ပြောင်းရွှေ့အလုပ်သမား (Migrant Workers) ပြဿနာ၊ HIV, AIDS အပါအဝင် အခြားကူးစက်တတ်သော ရောဂါမျိုးစုံ ... စသည့်စသည့်တို့သည် အိမ်နီးချင်းနိုင်ငံများသာမက ဒေသဆိုင်ရာလုံခြုံမှုနှင့် နိုင်ငံတကာဆက်ဆံရေး ပြဿနာပေါင်းများစွာကို ဖန်တီးနေပါသည်။ ထိုကြောင့် ယင်းပြဿနာပေါင်းစုံကို ဖြေရှင်းနိုင်ရေးအတွက် တခုတည်း သောနည်းလမ်းမှာ — ပြည်ထောင်စုမြန်မာနိုင်ငံတွင် နိုင်ငံရေးအပြောင်းအလဲလုပ်ရန် လိုအပ်ကြောင်း၊ ဒီမိုကရေစီစနစ်ထွန်းကား ရန်လိုအပ်ကြောင်း၊ ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်ရန်လိုအပ်ကြောင်း — အိမ်နီးချင်းနိုင်ငံများနှင့် နိုင်ငံတကာအင်အားစုများကို နားလည်သဘောပေါက်အောင် ရှင်းလင်းရန်လိုအပ်ပါသည်။

ထိုကြောင့် အောက်ပါအတိုင်း နိုင်ငံတကာစည်းရုံးရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်သင့်ပါသည်။

(က) ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ (UN, ILO etc...)
(ခ) အီးယူ၊ အမေရိကန်၊ ကနေဒါ၊ ဩစတြေးလျ
(ဂ) အာစီယံ၊ ဂျပန်၊ တောင်ကိုးရီးယား၊
(ဃ) တရုတ်၊ အိန္ဒိယနှင့် အခြားအိမ်နီးချင်းနိုင်ငံများ၊
(မှတ်ချက်။ နိုင်ငံတကာစည်းရုံးရေးခရီးစဉ်နှင့် စပ်လျဉ်း၍ ENC မဟာဗျူဟာအစည်းအဝေးဆုံးဖြတ်ချက် ၅ (င) ကိုတွဲဖက်ကြည့်ရှုရန်။

## (၇) မဟာဗျူဟာလေ့လာရေးလုပ်ငန်း။

မိမိတို့တိုင်းရင်းသားလူမျိုးများအားလုံး တဖွဲ့နှင့်တဖွဲ့အကြား စစ်ရေး၊ နိုင်ငံရေးနှင့် အခြားနည်းလမ်းပေါင်းစုံဖြင့် အပြန်အလှန် အကူအညီပေးခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းများအား ပိုမိုတိုးတက်လုပ်ဆောင်သွားရန် လိုအပ်နေသကဲ့သို့ မိမိတို့ အချင်းချင်းအကြား မဟာဗျူဟာညှိနှိုင်းမှုများကို ထိထိရောက်ရောက်ဆောင်ရွက်သွားရမည် ဖြစ်ပေသည်။

## (၈) စီးပွားရေးပေါ်လစီဆိုင်ရာ သုတေသနလုပ်ငန်း။

(မဟာဗျူဟာအစည်းအဝေးဆုံးဖြတ်ချက် ၅ (ဂ) ကိုကြည့်ရှုရန်)။

## (၉) အသွင်ကူးပြောင်းရေးဆိုင်ရာ သုတေသနလုပ်ငန်းနှင့် ပြင်ဆင်မှုများ။

မိမိတို့အနေဖြင့် မည်သို့မည်ပုံ နိုင်ငံရေးအရထိုးစစ်ဆင်၍ နအဖစစ်အုပ်စုကို အနိုင်ယူသွားမည်ဟူသော အောင်ပွဲဆီသို့ ချီတက်ရေးမဟာဗျူဟာ "A Winning Strategy" များရှိထားရမည်ဖြစ်သလို၊ အသွင်ကူးပြောင်းရေးကာလတွင် ကျင့်သုံးမည့်ပေါ်လစီ၊ အသွင်ကူးပြောင်းရေးအပြီး ဆောင်ရွက်ရမည့်လုပ်ငန်းများအတွက် ပြင်ဆင်မှုများနှင့် သုတေသနလုပ်ငန်းများ လုပ်ဆောင်သွားရန်အထူးလိုအပ်နေပါသည်။ ထို့ကြောင့် နိုင်ငံတကာတွင် ရောက်ရှိနေကြသော တိုင်းရင်းသားလူမျိုးအသီးသီး၏ ပညာရှင်များကို စည်းရုံး၍ ဤလုပ်ငန်းများကို အစွမ်းကုန်ဆောင်ရွက်သွားရန်လိုအပ်နေပါသည်။

## နိဂုံးချုပ်

ပြည်ထောင်စုမြန်မာနိုင်ငံသမိုင်းတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံ စုစည်းညီညွတ်နိုင်ရုံသာမက လက်နက်ကိုင်တော်လှန်ရေး အင်အားစုများနှင့် နိုင်ငံရေးပါတီများလက်တွဲ၍ တိုက်ပွဲဝင်ရန် ပူးပေါင်းဖွဲ့စည်းထားသော "တိုင်းရင်းသားလူမျိုးများကောင်စီ" ကဲ့သို့သော နိုင်ငံရေးအဖွဲ့အစည်းတခါမျှ မပေါ်ပေါက်ခဲ့ဖူးသေးချေ။ သမိုင်းတွင် အထင်ရှားဆုံးသော တိုင်းရင်းသားလူမျိုးများ၏ နိုင်ငံရေးအဖွဲ့အစည်းမှာ — Supreme Council of United Hill Peoples (SCOUHP) (နောင်တွင် ပြည်နယ်များညီညွတ်ရေးအဖွဲ့ ဟု တောင်ကြီးညီလာခံ အပြီးတွင် ပြောင်းခေါ်) ဖြစ်ပါသည်။ သို့သော် SCOUHP သည်ပင်လျှင် နိုင်ငံရေးပါတီများကိုသာအခြေခံ၍ ဖွဲ့စည်းထားသောကောင်စီ ဖြစ်သဖြင့် တိုင်းရင်းသားလူမျိုးများ၏ လက်နက်ကိုင်တော်လှန်ရေး အင်အားစုများကို ပါဝင်စေနိုင်ခြင်း မရှိခဲ့ပေ။

ထိုကြောင့် သမိုင်းတွင် မကြုံစဖူး တမူထူးခြားစွာဖွဲ့စည်းထူထောင်ခဲ့သော "တိုင်းရင်းသားလူမျိုးများကောင်စီ" ကို ပိုမိုကျစ်လစ်ခိုင်မာစွာ ဖွဲ့စည်းထူထောင်သွားရန် အထူးအရေးကြီးနေပါသည်။ ခိုင်မာတောင့်တင်းသော နိုင်ငံရေးကောင်စီဖြစ်ပေါ် လာရေးအတွက် မှန်ကန်သောမူဝါဒများနှင့် ပေါ်လစီများကို ချမှတ်ထားရန် လိုအပ်သလို တိုင်းရင်းသားလူမျိုးများကောင်စီ၏ အဖွဲ့ဝင်နိုင်ငံရေးပါတီများနှင့် လက်နက်ကိုင်တော်လှန်ရေးအင်အားစုများ အကြားသာမက ပြည်ထောင်စုတဝှမ်းလုံးရှိ တိုင်းရင်းသားလူမျိုးများသွေးစည်း ညီညွတ်ရေး၊ တိုင်းရင်းသားလူမျိုးများနှင့် ဒီမိုကရေစီအင်အားစုများ နားလည်မှုရှိရှိဖြင့် လက်တွဲဆောင်ရွက်ရေး၊ နိုင်ငံတကာ၏ ကူညီပံ့ပိုးမှုများ ရရှိအောင် ဆောင်ရွက်နိုင်ရေးတို့အတွက် ဤညီလာခံမှတိကျ မှန်ကန်သောပေါ်လစီများ၊ ရေ့လုပ်ငန်းစဉ်များချမှတ်ထားရန် လိုအပ်နေမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

[၂၀၀၅ ဧပြီလ (၂၁) ရက်တွင် ကျင်းပသော တိုင်းရင်းသားလူမျိုးများကောင်စီ၏ ဆဌမအကြိမ် အစည်းအဝေးတွင် အတည်ပြုချက်နှင့် တာဝန် ပေးအပ်ချက်အရ]

**လေးစားစွာဖြင့်**
**ဒေါက်တာ ဆလိုင်းလျန်မှုန်း ဆာခေါင်း**
**အထွေထွေအတွင်းရေးမှူး**
**တိုင်းရင်းသားလူမျိုးများကောင်စီ (ပြည်ထောင်စုမြန်မာနိုင်ငံ)**

စတုတ္ထအကြိမ်မြောက်

တိုင်းရင်းသားလူမျိုးများညီလာခံဆုံးဖြတ်ချက်များ

# စတုတ္ထအကြိမ်မြောက်
# တိုင်းရင်းသားလူမျိုးများညီလာခံဆုံးဖြတ်ချက်များ

နေ့စွဲ။ ။ ၂၀၀၅ ခုနှစ် ဧပြီလ (၂၇) ရက်မှ မေလ (၁) ရက်

နေရာ။ ။ ထိုင်းမြန်မာနယ်စပ်တနေရာ၊

**စတုတ္ထအကြိမ် တိုင်းရင်းသားလူမျိုးများညီလာခံ၏ မှတ်တမ်းတင်ခြင်း၊ ဆုံးဖြတ်ခြင်းနှင့် ထုတ်ပြန်ခြင်းများ၊**

**မှတ်တမ်းတင်ခြင်း**

(၁) တိုင်းရင်းသားလူမျိုးများကောင်စီ၏ အထွေထွေအတွင်းရေးမှူး ဒေါက်တာ ဆလိုင်လျန်မှုန်း တင်သွင်းသောလုပ်ငန်း အစီရင်ခံစာကို ညီလာခံမှ အတည်ပြုကြောင်း မှတ်တမ်းတင်အပ်ပါသည်။

(၂) တိုင်းရင်းသားလူမျိုးများကောင်စီ၏ လုပ်ငန်းဆပ်ကော်မတီများမှ တင်သွင်းကြသော အောက်ပါစာတမ်းများကို ညီလာခံမှ အတည်ပြုကြောင်း မှတ်တမ်းတင် အပ်ပါသည်။

(က) ခွန်းတယ်ဒီဘူးရီ တင်သွင်းသော "နိုင်ငံတကာရေးရာဆပ်ကော်မတီ" ၏လုပ်ငန်းအစီရင်ခံစာ၊

(ခ) ပိုလ်မှူးကြီးခွန်ဥက္ကာ တင်သွင်းသော "ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာဆပ်ကော်မတီ" ၏လုပ်ငန်းအစီရင်ခံစာ၊

(ဂ) ခွန်းရီမာန်ထူး တင်သွင်းသော "State-based ဖြင့် ENC ဖွဲ့စည်းရေးဆိုင်ရာဆပ်ကော်မတီ" ၏လုပ်ငန်းအစီရင်ခံစာ၊

(ဃ) ပိုလ်မှူးကြီးထူးထူးလေး တင်သွင်းသော "မဟာဗျူဟာလေ့လာရေးဆပ်ကော်မတီ" ၏လုပ်ငန်းအစီရင်ခံစာ၊

(၃) လက်ရှိနိုင်ငံရေးသုံးသပ်ချက်များဆိုင်ရာ အောက်ပါစာတမ်း သုံးစောင်ကိုလည်း ညီလာခံမှ အတည်ပြုကြောင်း မှတ်တမ်းတင်အပ်ပါသည်။

(က) ခွန်းမတ်ရ်ကိုဘန်း တင်သွင်းသော "ပြည်တွင်းနိုင်ငံရေးအခြေအနေ သုံးသပ်ချက်" စာတမ်း၊

(ခ) စောဒေးဗစ်တော တင်သွင်းသော "မိမိတို့အခြေအနေသုံးသပ်ချက်" စာတမ်း၊

(ဂ) ခွန်းတယ်ဒီဘူးရီ တင်သွင်းသော "နိုင်ငံတကာအခြေအနေသုံးသပ်ချက်" စာတမ်း၊

(၄) တိုင်းရင်းသားလူမျိုးများကောင်စီ၏ အကြံပေးပုဂ္ဂိုလ်ဖြစ်သော စဝ်ဟန်ယောင်ဟွေမှ တင်သွင်းသည့် "Humanitarian Crisis and International Aid to the Union of Burma" အပါအဝင်၊ လက်ရှိနိုင်ငံရေးအခြေအနေများနှင့် "State –based" ဖြင့် ENC ဖွဲ့စည်းရေးဆိုင်ရာစာတမ်းကို ညီလာခံမှအတည်ပြုကြောင်း မှတ်တမ်းတင် အပ်ပါသည်။

**ညီလာခံဆုံးဖြတ်ချက်များ**

(၅) (က) တိုင်းရင်းသားလူမျိုးများကောင်စီ ဥက္ကဋ္ဌ စောဘသင်စိန်မှ နအဖ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံအိတ်ဖွင့် ပေးစာတစောင်ပေးပို့ရန် ညီလာခံမှဆုံးဖြတ်အပ်ပါသည်။

(ခ) ထိုအိတ်ဖွင့်ပေးစာကို ညီလာခံသို့တက်ရောက်လာကြသော ကိုယ်စားလှယ်များက အကြေအလည်ညှိနှိုင်း ဆွေးနွေးပြီးနောက်၊ ENC ဥက္ကဋ္ဌကြီးက သက္ကရာဇ် ၂၀၀၅ ခုနှစ် ဧပြီလ (၃၀ ) ရက်နေ့စွဲဖြင့် လက်မှတ်ရေးထိုးပြီး၊ နအဖ ဥက္ကဋ္ဌထံ ပေးပို့စေခဲ့ပါသည်။

(၆) တိုင်းရင်းသားလူမျိုးများကောင်စီမှ "လူသားချင်းစာနာထောက်ထားသော နိုင်ငံတကာအကူအညီရရှိရေးဆိုင်ရာ ပေါ်လစီ" တရပ်ထားရှိသင့်ကြောင်း၊ ထို့ကြောင့်၄င်း "လူသားချင်းစာနာမှုဆိုင်ရာအကူအညီ" (Humanitarian Aid) နှင့်ပတ်သက်သည့် ထုတ်ပြန်ကြေညာချက် တရပ်ကို ညီလာခံမှ ထုတ်ပြန်ရန်ဆုံးဖြတ်ကြပါသည်။

**တိုင်းရင်းသားလူမျိုးများကောင်စီ ဖွဲ့စည်းခြင်းဆိုင်ရာဆုံးဖြတ်ချက်များ**

(၇) (က) တိုင်းရင်းသားလူမျိုးများကောင်စီကို ကချင်၊ ကရင်၊ ကရင်နီ၊ ချင်း၊ မွန်၊ ရခိုင်နှင့် ရှမ်းပြည်နယ်များကို အခြေခံ၍ဖွဲ့စည်းသွားရန် ဆုံးဖြတ်ပါသည်။

(ခ) လက်ရှိနိုင်ငံရေးအခြေအနေအရ တိုင်းရင်းသားလူမျိုးများ၏ နိုင်ငံရေးတပ်ပေါင်းစုကြီး (၂) ခုဖြစ်သော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) (UNLD-LA) နှင့် အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (NDF) တို့ကိုလည်း အခြေခံ၍ ပေါင်းစပ်ဖွဲ့စည်းရန် ဆုံးဖြတ်ပါသည်။

(၈) (က) ယင်းပြည်နယ် (၇) ပြည်နယ်က တိုင်းရင်းသားလူမျိုးများကောင်စီသို့ ကိုယ်စားလှယ် (၅) ဦးကျစီ ပေးပို့ရမည်။

(ခ) ထိုသို့ပေးပို့ရာတွင် သက်ဆိုင်ရာပြည်နယ်ကိုကိုယ်စားပြုရန် ရွေးကောက် တင်မြှောက်ခံရသော ကိုယ်စားလှယ် (၃) ဦး၊ သက်ဆိုင်ရာပြည်နယ်ရှိ အမျိုးသမီးထုများကို ကိုယ်စားပြုရန် ရွေးကောက် တင်မြှောက်ခံရသော ကိုယ်စားလှယ် (၁) ဦးနှင့် သက်ဆိုင်ရာ ပြည်နယ်ရှိ လူငယ်ထုများကို ကိုယ်စားပြု၍ ရွေးကောက်တင်မြှောက်ခံရသော ကိုယ်စားလှယ် (၁) ဦး၊ စုစုပေါင်း (၅) ဦးကို စေလွှတ်စေရမည် ဖြစ်ပါသည်။

(ဂ) သို့ရာတွင် ရှမ်းပြည်နယ်အတွင်းတွင် မတူကွဲပြားသော တိုင်းရင်းသားလူမျိုး အများစုပေါင်းနေထိုင် ကြသဖြင့် ၎င်းပြည်နယ်အတွက် ကိုယ်စားလှယ် (၅) ဦးအစား ကိုယ်စားလှယ် (၈) ဦး ပေးပို့ရန် သတ်မှတ်သည်။ ယင်း ကိုယ်စားလှယ်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(i) ယင်းပြည်နယ်အတွင်းရှိ ကချင်လူမျိုးကို ကိုယ်စားပြုရန် ရွေးကောက် တင်မြှောက်ခံရသော ကိုယ်စားလှယ် (၁) ဦး။

(ii) ယင်းပြည်နယ်အတွင်းရှိ လားဟူလူမျိုးကို ကိုယ်စားပြုရန်ရွေးကောက် တင်မြှောက်ခံရသော ကိုယ်စားလှယ် (၁) ဦး။

(iii) ယင်းပြည်နယ်အတွင်းရှိ ပအိုဝ်းလူမျိုးကို ကိုယ်စားပြုရန် ရွေးကောက် တင်မြှောက်ခံရသော ကိုယ်စားလှယ် (၁) ဦး။

(iv) ယင်းပြည်နယ်အတွင်းရှိ ပလောင်လူမျိုးကို ကိုယ်စားပြုရန်ရွေး ကောက် တင်မြှောက်ခံရသော ကိုယ်စားလှယ် (၁) ဦး။
(v) ယင်းပြည်နယ်အတွင်းရှိ ရှမ်းလူမျိုးကို ကိုယ်စားပြုရန် ရွေးကောက် တင်မြှောက်ခံရသော ကိုယ်စားလှယ် (၁) ဦး။
(vi) ယင်းပြည်နယ်အတွင်းရှိ ဝလူမျိုးကို ကိုယ်စားပြုရန် ရွေးကောက် တင်မြှောက်ခံရသော ကိုယ်စားလှယ် (၁) ဦး။
(vii) ယင်းပြည်နယ်အတွင်းရှိ အမျိုးသမီးထုကို ကိုယ်စားပြုရန်ရွေး ကောက်တင်မြှောက်ခံရသော ကိုယ်စားလှယ် (၁) ဦး။
(viii) ယင်းပြည်နယ်အတွင်းရှိ လူငယ်ထုကို ကိုယ်စားပြုရန် ရွေး ကောက်တင်မြှောက်ခံရသော ကိုယ်စားလှယ် (၁) ဦး။

(၉) UNLD နှင့် NDF တပ်ပေါင်းစု (၂) ရပ်နှင့်ပတ်သက်လျှင် ယင်းတပ်ပေါင်းစု တခုစီက တိုင်းရင်းသားလူမျိုးများကောင်စီသို့ ကိုယ်စားလှယ် (၃) ဦးကျစီ ပေးပို့ရမည်။

(၁၀) အခြေအနေအရ တိုင်းရင်းသားလူမျိုးများကောင်စီသို့ ပေးပို့ရမည့် ကိုယ် စားလှယ်များအား ရွေးကောက်တင်မြှောက်ခြင်း မပြုလုပ်နိုင်ပါက သက် ဆိုင်ရာပြည်နယ်အတွင်းရှိ အစုအဖွဲ့များက အများသဘောတူညီနိုင်းပြီး ရွေးချယ်ခန့်အပ်ပေးပို့နိုင်သည်။

(၁၁) (က) တိုင်းရင်းသားလူမျိုးများကောင်စီတွင် ကိုယ်စားလှယ်ဦးရေ မည်သို့ ပင်ရှိစေကာမူ၊ ပြည်နယ် တပြည်နယ် ချင်းသည်၎င်း၊ UNLD နှင့် NDF တို့သည်၎င်း တူညီသောအခွင့်အရေးကို ရရှိကြသည်။ တနည်း အားဖြင့်ဆိုလျှင် ပြည်နယ်တခုချင်းသည်၎င်း၊ တပ်ပေါင်းစုတရပ်ဖြစ် ခြင်း သည်၎င်း မဲ (၁) မဲ သာပေးပိုင်ခွင့် ရှိစေရမည်။
(ခ) ပြည်နယ်တပြည်နယ်ချင်းသည်၎င်း တပ်ပေါင်းစုတရပ်ဖြစ်ခြင်းသည် ၎င်း ဒီမိုကရေစီမူအရ မဲ (၁) မဲ စီ ရရှိထားကြသော်လည်း အားလုံး ပါဝင်ညှိနှိုင်းဆောင်ရွက်အဖြေရှာခြင်းဖြင့် သဘောတူဆုံးဖြတ်ချက် ချမှတ်ခြင်းကို အဓိကထားဆောင်ရွက်မည်ဖြစ်သည်။

## တိုင်းရင်းသားလူမျိုးများကောင်စီ၏ဖွဲ့စည်းပုံအခြေခံဥပဒေကိုရေးဆွဲပြဌာန်းခြင်း

(၁၂)(က) တိုင်းရင်းသားလူမျိုးများကောင်စီ၏ အန္တိမပန်းတိုင်ဖြစ်သော "စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုစနစ်" ကို ဖွဲ့စည်းထူထောင်နိုင်ရေးအတွက် သော်လည်းကောင်း၊

(ခ) တိုင်းရင်းသားလူမျိုးများကောင်စီ၏ မဟာဗျူဟာရည်မှန်းချက်ဖြစ်သော "နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့်ဖြေရှင်းရေး" ဟူသည့် "သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲ" ဖြစ်ပေါ်လာရေးကို အမြန်ဆုံးအကောင်အထည်ဖေါ်ဆောင်ရန်သော်လည်းကောင်း၊

(ဂ) ပြည်ထောင်စုမြန်မာနိုင်ငံ၏ နိုင်ငံရေးအကြပ်အတည်းပြဿနာအားလုံးကို ဖြေရှင်းရာ၌ သော်လည်းကောင်း၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးဖြစ်စဉ်တလျှောက်လုံးတွင် သော်လည်းကောင်း၊ မိမိတို့တိုင်းရင်းသားလူမျိုးများ၏ အခန်းကဏ္ဍသည် မရှိမဖြစ်ပါဝင်ရမည့်အခန်းကဏ္ဍဖြစ်သည့်နှင့်အညီ မိမိတို့တိုင်းရင်းသားလူမျိုးပေါင်းစုံလက်တွဲညီညီပါဝင်ပူးပေါင်းဆောင်ရွက်ရေးကို ရည်စူး၍ "တိုင်းရင်းသားလူမျိုးများကောင်စီ" ကို ပြည်နယ်အခြေခံမူဖြင့် ဖွဲ့စည်းသွားနိုင်မည့် "တိုင်းရင်းသားလူမျိုးများကောင်စီ" ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို စတုတ္ထအကြိမ်တိုင်းရင်းသားလူမျိုးများညီလာခံမှ ရေးဆွဲပြဌာန်းရန် ဆုံးဖြတ်အပ်ပါသည်။

## ရှေ့လုပ်ငန်းစဉ်ဆိုင်ရာဆုံးဖြတ်ချက်များ

(၁၃)(က) တိုင်းရင်းသားလူမျိုးများကောင်စီ၏ အထွေထွေအတွင်းရေးမှူး တင်သွင်းသည့် "လုပ်ငန်းအစီရင်ခံစာ" ပါ ရှေ့လုပ်ငန်းစဉ်များကို ENC ၏ ရှေ့လုပ်ငန်းစဉ်များအဖြစ် "မူ" အားဖြင့်လက်ခံကြောင်း ဆုံးဖြတ်ပါသည်။

(ခ) ၎င်းရှေ့လုပ်ငန်းစဉ်များမှာ —

(i) တိုင်းရင်းသားလူမျိုးများကောင်စီကို ပိုမိုကျစ်လစ်ခိုင်မာစွာဖွဲ့စည်းရေး လုပ်ငန်းစဉ်များ၊

(ii) ပြည်တွင်းပြည်ပစည်းရုံးရေး လုပ်ငန်းစဉ်များ၊

(iii) နိုင်ငံတကာစည်းရုံးရေး လုပ်ငန်းစဉ်များ၊
(iv) ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာဆိုင်ရာ လုပ်ငန်းစဉ်များ၊
(v) စီးပွားရေးစီမံကိန်းရေးဆွဲရေးဆိုင်ရာ လုပ်ငန်းစဉ်များ၊
(vi) မဟာဗျူဟာလေ့လာရေးဆိုင်ရာ လုပ်ငန်းစဉ်များ၊
(vii) သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲဖြစ်ပေါ်လာရေး လုပ်ငန်းစဉ်များ၊
(viii) နအဖစစ်အုပ်စုကို နိုင်ငံရေးအရထိုးစစ်ဆင်ရေးနှင့် ဖိအားပေးရေး လုပ်ငန်းစဉ်များ၊
(ix) ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် ပြင်ဆင်မှုဆိုင်ရာ လုပ်ငန်းစဉ်များ၊

(၁၄) တိုင်းရင်းသားလူမျိုးများကောင်စီ၏ ရှေ့လုပ်ငန်းစဉ်များကို လက်တွေ့ အကောင်အထည်ဖော်ရာတွင် အထောက်အကူပြုစေမည့် "လုပ်ငန်းကော်မတီများ" ကို လက်ရှိဆပ်ကော်မတီများအပေါ် အခြေခံ၍ အောက်ပါအတိုင်း ဖွဲ့စည်းရန် ဆုံးဖြတ်ပါသည်။

(က) နိုင်ငံတကာရေးရာကော်မတီ၊
(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာကော်မတီ၊
(ဂ) မဟာဗျူဟာလေ့လာရေးကော်မတီ၊
(ဃ) စီးပွားရေးရာစီမံကိန်းရေးရာကော်မတီ၊
(င) စည်းရုံးရေးနှင့် ပြန်ကြားရေးကော်မတီ၊

(၁၅) တိုင်းရင်းသားလူမျိုးများကောင်စီ၏ လုပ်ငန်းကော်မတီများအနေဖြင့် သက်ဆိုင်ရာလုပ်ငန်းကော်မတီအလိုက် အောက်ပါဦးစားပေးလုပ်ငန်းများကို ဆောင်ရွက်သွားရန်ဆုံးဖြတ်ပါသည်။

(က) နိုင်ငံတကာရေးရာကော်မတီ —

(i) တရုတ်၊ အိန္ဒိယနှင့် အာစီယံနိုင်ငံများကို ပထမဦးစားပေး စည်းရုံးရန်၊
(ii) ကမ္ဘာ့ကုလသမဂ္ဂ အခန်းကဏ္ဍမြှင့်တင်ရေးကိုဆောင်ရွက်ရန်၊
(iii) အီးယူ၊ အမေရိကန်၊ ကနေဒါ၊ ဩစတြေးလျ၊ ဂျပန်နှင့် အခြားသောဒီမိုကရေစီနိုင်ငံများနှင့် ဆက်ဆံရေး ကောင်းမွန်မှုကို ဆက်လက်ထိန်းသိမ်းရန်၊

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာကော်မတီ —

(i) ပြည်နယ်များ၏ ဖွဲ့စည်းပုံအခြေခံဥပဒေရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရေးအတွက် Supporting Committee for State Constitutions (SCSC) ကို ENC အောက်တွင် ထားရှိဖွဲ့စည်းသွားရန်၊

(ii) ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး လုပ်ငန်းစဉ်တွင် ENC မှတိုက်ရိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်၊

(iii) ဖက်ဒရယ်ပညာပေးလုပ်ငန်း (Federal Education) များကို အရှိန်မြှင့်တင်ပြီး လုပ်ဆောင်သွားရန်၊

(ဂ) မဟာဗျူဟာလေ့လာရေးကော်မတီ —

(i) တိုင်းရင်းသားလူမျိုးများ တဖွဲ့နှင့်တဖွဲ့အကြား စစ်ရေး၊ နိုင်ငံရေး နှင့် အခြားနည်းလမ်းပေါင်းစုံဖြင့် အပြန်အလှန်အကူအညီပေး ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများ ပြုလုပ်ရန်၊

(ii) မိမိတို့အချင်းချင်းအကြား မဟာဗျူဟာလေ့လာရေး လုပ်ငန်း များကို တိုးမြှင့်ဆောင်ရွက်သွားရန်၊

(iii) တိုင်းရင်းသားလူမျိုးများနှင့် ဒီမိုကရေစီအင်အားစုများအကြား မဟာဗျူဟာညှိနှိုင်းမှုများပြုလုပ်သွားရန်၊

(ဃ) စီးပွားရေးစီမံကိန်းရေးရာကော်မတီ —

(နောင်တွင်အလျဉ်းသင့်သလို ဖြည့်စွက်သွားမည်ဖြစ်ပါသည်)၊

(င) စည်းရုံးရေးနှင့် ပြန်ကြားရေးကော်မတီ —

(i) ENC ၏အခြေခံအဖွဲ့အစည်းများဖြစ်ကြသော ပြည်နယ်များ အတွင်းရှိ နိုင်ငံရေးပါတီများအကြား စည်းလုံးညီညွတ်ရေး၊ နိုင်ငံရေးပါတီများနှင့် တပ်ပေါင်းစုများအကြားတွင် သွေးစည်း ခိုင်မာရေးကို တည်ဆောက်သွားရန်၊ (ဥပမာ — အုပ်စု အလိုက် စည်းရုံးရေးခရီးသွားခြင်း)၊

(ii) ပြည်တွင်းစည်းရုံးရေးလုပ်ငန်းကို တိုးချဲ့ဆောင်ရွက်သွားရန်၊

(iii) နိုင်ငံတကာရှိ တိုင်းရင်းသားလူမျိုးများအကြား စည်းရုံးရေး ပိုမိုကျစ်လစ်ရေးကို ဆောင်ရွက်သွားရန်၊

(iv) တိုင်းရင်းသားလူမျိုးများကောင်စီ၏ လုပ်ငန်းဆောင်ရွက်ချက်များ သွက်လက်လျင်မြန်ရေးအတွက် ရုံးနှင့် ပြန်ကြားရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားရန်၊

**ထုတ်ပြန်ကြေညာခြင်း**

(၁၆) စတုတ္ထအကြိမ်တိုင်းရင်းသားလူမျိုးများညီလာခံမှ ထုတ်ပြန်ကြေညာချက် နှစ်စောင်ကို ထုတ်ပြန်ရန်ဆုံးဖြတ်ပါသည်။ ပထမ ထုတ်ပြန်ကြေညာချက်မှာ — ညီလာခံကျင်းပခြင်းဆိုင်ရာ ထုတ်ပြန်ကြေညာချက်ဖြစ်ပြီး၊ ဒုတိယ ထုတ်ပြန်ကြေညာချက်မှာ — "Humanitatrian Crisis and International Aid to the Union of Burma" ဖြစ်ပါသည်။

**အထွေထွေဆိုင်ရာဆုံးဖြတ်ချက်များ**

(၁၇)(က) တိုင်းရင်းသားလူမျိုးများကောင်စီကို ပြည်နယ်အခြေခံမှုနှင့် တပ်ပေါင်းစုအခြေခံမှု (၂) ခုကို ပေါင်းစပ်၍ဖွဲ့စည်းသွားမည် ဖြစ်သောကြောင့် ပြည်နယ်များအတွင်းရှိနိုင်ငံရေးပါတီများအချင်းချင်း ညှိနှိုင်းတိုင်ပင်ဆွေးနွေးရန်သော်လည်းကောင်း၊ တပ်ပေါင်းစုများအတွင်း အချင်းချင်းညှိနှိုင်းဆွေးနွေးတိုင်ပင်ရန် သော်လည်းကောင်း အနည်းဆုံး (၃) လ အချိန်ပေးရန်ဆုံးဖြတ်ပါသည်။

(ခ) ထိုသို့ ပြည်နယ်များနှင့် တပ်ပေါင်းစုများက မိမိတို့အချင်းချင်း ညှိနှိုင်းတိုင်ပင်ပြီး၊ မိမိတို့ပြည်နယ်ကို ကိုယ်စားပြုမည့် ကိုယ်စားလှယ်များနှင့် မိမိတို့တပ်ပေါင်းစုကို ကိုယ်စားပြုမည့်ကိုယ်စားလှယ်များကို ရွေးချယ်တင်မြှောက်ပြီးသောအခါ ပြည်နယ်များနှင့် တပ်ပေါင်းစုများက တိုင်းရင်းသားလူမျိုးများကောင်စီသို့ စေလွှတ်မည့် ကိုယ်စားလှယ်များ အစုံအညီတက်ရောက်သည့် "တိုင်းရင်းသားလူမျိုးများကောင်စီဖွဲ့စည်းခြင်း" အစည်းအဝေးကို လက်ရှိ ENC ကောင်စီက ကမကထ ပြုလုပ်၍ကျင်းပသွားရန် ဆုံးဖြတ်ပါသည်။

(ဂ) တိုင်းရင်းသားလူမျိုးများကောင်စီကို ပြည်နယ်အခြေခံမှုနှင့် တပ်ပေါင်းစုအခြေခံမှု (၂) ရပ်ပေါင်းစပ်၍ ဖွဲ့စည်းသွားနိုင်သည်အထိ၊

လက်ရှိတိုင်းရင်းသားလူမျိုးများကောင်စီကို ဆက်လက်တာဝန်
ပေးအပ်ထားကြောင်း ဆုံးဖြတ်ပါသည်။

**@ @ @ @ @ @ @**

တိုင်းရင်းသားလူမျိုးများကောင်စီ

(ပြည်ထောင်စုမြန်မာနိုင်ငံ)

အထွေထွေအတွင်းရေးမှူး ၏

# လက်ရှိနိုင်ငံရေးအခြေအနေများကို ရှုဒေါင့် (၃) ရပ်ဖြင့် သုံးသပ်သည့်စာတမ်း

တိုင်းရင်းသားလူမျိုးများကောင်စီသို့ တင်သွင်းသော

# "လက်ရှိနိုင်ငံရေးအခြေအနေများကို ရှုဒေါင့် (၃) ရပ်ဖြင့် သုံးသပ်သည့်စာတမ်း"

သက္ကရာဇ် ၂၀၀၅ ခုနှစ် စက်တင်ဘာလ (၁၉) ရက် မှ (၂၁) ရက်

## နိဒါန်း

တိုင်းရင်းသားလူမျိုးများကောင်စီသည် **"ဒီမိုကရေစီရေး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်"** အပြည့်အဝရှိသော စစ်မှန်သည့် ဖက်ဒရယ်ပြည်ထောင် စုစနစ်တည်ဆောက်ရေးအတွက် တိုင်းရင်းသားလူမျိုးပေါင်းစုံ လက်တွဲတိုက်ပွဲ ဝင်ရန် ပူးပေါင်းဖွဲ့စည်းထားသော **"ကောင်စီ"** တရပ်ဖြစ်ပါသည်။ ထို့ကြောင့် — တိုင်းရင်းသားလူမျိုးများကောင်စီ၏ ရည်ရွယ်ချက်များမှာ —

(၁) စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး
(၂) အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေး
(၃) ဒီမိုကရေစီနိုင်ငံတော်ထူထောင်ရေးနှင့်
(၄) စစ်အာဏာရှင်စနစ်ဖျက်သိမ်းရေးတို့ပင် ဖြစ်ပါသည်။

ထို နိုင်ငံရေးရည်မှန်းချက်ပန်းတိုင်သို့ အရောက်ချီတက်နိုင်ရေးအတွက် တိုင်းရင်းသားလူမျိုးများကောင်စီက ရွေးချယ်ထားသော နိုင်ငံရေးမဟာဗျူဟာမှာ — နိုင်ငံရေးပြဿနာများကို နိုင်ငံရေးအရ မျက်နှာချင်းဆိုင်တွေ့ဆုံ ဆွေးနွေးအဖြေရှာခြင်းတည်း ဟူသော **"သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေး"** နည်းလမ်းပင်ဖြစ်ပါသည်။

ဤစာတမ်းငယ်တွင် — ယနေ့ကြုံတွေ့နေရသော နိုင်ငံရေးပြဿနာများကို တိုင်းရင်းသားလူမျိုးများကောင်စီမှ ချမှတ်ထားသော မဟာဗျူဟာ၊ နည်း ဗျူဟာများနှင့်အညီ မည်သို့မည်ပုံချဉ်းကပ်အဖြေရှာသင့်ကြောင်း အကျဉ်း ချုံး၍ တင်ပြသွားမည်ဖြစ်ပါသည်။

## (၁) နအဖအခြေအနေ

နအဖစစ်အစိုးရသည် ဒီမိုကရေစီအရေးတော်ပုံကြီးကို အကြမ်းနည်းဖြင့် ဖိနှိပ်နှိမ်နင်းရန် စစ်ဝါဒီတစုကဖွဲ့စည်းထားသော တရားမဝင်အစိုးရ တရပ်

မှုသာဖြစ်ပါသည်။ ထို့ကြောင့် ၎င်းတို့၏ရည်ရွယ်ချက်မှာ — စစ်အာဏာရှင်စနစ်ကို သက်ဆိုး ရှည်ထိန်းသိမ်းနိုင်ရေးအတွက် နိုင်ငံတော်အာဏာကို အကြမ်းနည်းဖြင့်ရော အနုနည်းဖြင့်ပါ — ရသည့်နည်းဖြင့် ထိန်းချုပ်ထားနိုင်ရေးပင်ဖြစ်ပါသည်။ စစ်အာဏာရှင်စနစ်ကို အကြမ်းနည်းဖြင့်ထိန်းချုပ်ထားနိုင်ရေးအတွက် စစ်တပ်အင်အားကို အဆမတန်ချဲ့ထားပါသည်။ တဖက်တွင်လည်း ပြည်သူလူထုကို အမျိုးမျိုးသောလှည့်စားမှုများဖြင့် မျက်လှည့်ပြကာ — စစ်အာဏာရှင်စနစ်ကို အနုနည်းဖြင့်ဆက်လက်ထိန်းသိမ်းရေးအတွက် အစွမ်းကုန်လုပ်ဆောင်လျှက်ရှိနေပါသည်။

ပထမပွဲဦးထွက် လှည့်စားမှုအဖြစ် — ပြည်သူလူထု၏လိုလားချက်ကို သံယောင်လိုက်ကာ "ဒီမိုကရေစီ" ကြွေးကြော်သံများ ဟစ်ကြွေးလျှက် "လွတ်လပ်၍တရားမျှတသောရွေးကောက်ပွဲကြီး" ကို ကျင်းပပေးမည်ဟု ကြေညာခဲ့ပါသည်။ သို့ရာတွင် ၁၉၉၀ မေလ၌ ကျင်းပခဲ့သော ရွေးကောက်ပွဲတွင် "မှန်းချက်နှင့်နမ်းထွက်မကိုက်" ဖြစ်သွားခဲ့ရကာ — ရွေးကောက်ပွဲရလာဒ်ကို ကျော ခိုင်းသွားခဲ့ရပါသည်။ ထိုသို့ ပြည်သူလူထုလိုလားချက်ကို ကျောခိုင်းလှည့်ထွက်နိုင်ရေးအတွက် ကြီးမားသောပေးဆပ်မှုတခုကို စစ်အစိုးရအနေဖြင့် ပြုလုပ်သွားခဲ့ကြပါသည်။ ယင်းသည် စစ်အုပ်စုအတွင်း စည်းလုံးညီညွတ်ရေးပြိုကွဲမှု၊ အချင်းချင်းအကြား မယုံသင်္ကာမှုများနှင့် ဂိုဏ်းဂဏကွဲလုပ်ကြံမှုများပင်ဖြစ်ပါသည်။ ရလာဒ် မှာ — စစ်အစိုးရ၏ ထိပ်ဆုံးခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး စောမောင်ကို ရာထူးမှဖယ်ရှားရှင်းလင်းပစ်ရေး ပင်ဖြစ်ခဲ့ပါသည်။

ဒုတိယအဆင့်အနေဖြင့် — ထိုစဥ်က တိုင်းရင်းသားလူမျိုးများနှင့် ဒီမိုကရေစီအင်အားစုများ "ဗိုလ်အောင်ကျော်လမ်း" ကြေညာချက်ဖြင့် ပူးတွဲတောင်းဆိုခဲ့သော "ပင်လုံကဲ့သို့သော အမျိုးသားညီလာခံကျင်းပရေး" ကိုသံယောင်လိုက်၍ အတုအယောင်အမျိုးသားညီလာခံကို လက်ဦးကျင်းပခဲ့ကြပါသည်။ ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသားလူမျိုးများ လိုလားသော အမျိုးသားညီလာခံမှာ — အနှစ်ငါးဆယ်ပြည်တွင်းစစ်ကို ချုပ်ငြိမ်းစေမည့် "ပင်လုံကဲ့သို့သော အမျိုးသားညီလာခံ" မျိုးဖြစ်ပါသည်။ ပင်လုံကဲ့သို့သော အမျိုးသားညီလာခံကျင်းပရေးကိုတောင်းဆိုရခြင်း၏ရည်ရွယ်ချက်မှာ —ဒီမိုကရေစီရေး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်ရရှိရေး တို့ကို အာမခံချက်ပေးနိုင်မည့် "စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုကြီး" ကို ငြိမ်းချမ်းစွာဖြင့် လက်တွဲထူထောင်ရေးပင်ဖြစ်ပါသည်။ သို့ရာတွင် နဝတစစ်အစိုးရက ခေါ်ယူ

ကျင်းပသော အမျိုးသားညီလာခံ၏ရည်ရွယ်ချက်မှာ — "စစ်အာဏာရှင်စနစ်" ကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ကာကွယ်ပြဋ္ဌာန်းနိုင်ရေးပင်ဖြစ်ပါသည်။ ယင်းသည် မိမိတို့လိုလားသော "ပင်လုံကဲ့သို့သောအမျိုးသားညီလာခံ" နှင့် နအဖတို့ခေါ်ယူကျင်းပနေသော "အမျိုးသားညီလာခံ" တို့ ကွာခြားချက်ပင်ဖြစ်ပါသည်။

နအဖ စစ်အစိုးရခေါ်ယူကျင်းပသော အမျိုးသားညီလာခံတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ကိုယ်စားပြုခဲ့သော ဒီမိုကရေစီအင်အားစုများနှင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်၏ အဖွဲ့ဝင် တိုင်းရင်းသားနိုင်ငံရေးပါတီများမှ ခေါင်းဆောင်များလက်တွဲတိုက်ပွဲဝင်မှုကြောင့် — စစ်အစိုးရအနေဖြင့် ဒုတိယအကြိမ် "မှန်းချက်နှင့်နမ်းထွက်မကိုက်" ဖြစ်ရကာ၊ အမျိုးသားညီလာခံကို ၁၉၉၆ ခုနှစ်တွင် ရပ်တန့်သွားခဲ့ရပါသည်။ အဖြေရလာဒ်မှာ — နဝတစစ်အုပ်စုအတွင်း အကွဲအပြဲပိုမိုပြင်းထန်စွာ ဖြစ်ပွားခြင်းပင်ဖြစ်ပါသည်။ နဝတအတွင်းရေးမှူး (၂) ဗိုလ်ချုပ်တင်ဦးကို လုပ်ကြံရန် နေအိမ်တွင် ဗုံးဖောက်ခွဲမှုကြောင့် သူ့သမီးသေဆုံးရခြင်း၊ ကမ္ဘာအေးလှိုင်ဂူ၌ ဗိုလ်ချုပ်တင်ဦးလာစဉ် ဗုံးဖောက်ခွဲခြင်းအပြင် ဗိုလ်ချုပ်တင်ဦးကိုယ်တိုင် ရဟတ်ယာဉ်ပျက်ကျမှုဖြင့် လုပ်ကြံခြင်းခံခဲ့ရပါသည်။

ထိုမှတဆက်တည်း — တတိယခြေလှမ်းအနေဖြင့် ပြည်သူလူထုတရပ်လုံးက အနှစ်ငါးဆယ်လိုလားတောင့်တနေသော "ပြည်တွင်းငြိမ်းချမ်းရေး" ကိုသံယောင်လိုက်၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် နိုင်ငံရေးအနှစ်သာရ အလျှဉ်းမှုမရှိသော "အပစ်အခတ်ရပ်စဲရေး" သဘောတူစာချုပ်များကို တဖွဲ့ချင်းစီလက်မှတ်ရေးထိုးစေခဲ့ပါသည်။ ထိုသို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတော်တော်များများကို စီးပွားရေးမက်လုံးပေး၍ အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်များ ချုပ်ဆိုစေခဲ့ပြီးနောက်ပိုင်း — ၎င်း အပစ်အခတ်ရပ်စဲရေးအဖွဲ့အစည်းများကို အားပြု၍ ၁၉၉၆ ခုနှစ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ သပိတ်မှောက်မှုကြောင့် ရပ်တန့်သွားခဲ့သော အမျိုးသားညီလာခံကို တဖန် ပြန်လည်ကျင်းပသွားပါသည်။ ၁၉၉၀ တွင် အနိုင်ရရှိခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် တိုင်းရင်းသားနိုင်ငံရေးပါတီများက အမျိုးသားညီလာခံကို တက်ရောက်ခြင်းမရှိဘဲ ဆန္ဒပြသောကြောင့် — နအဖစစ်အစိုးရအနေဖြင့် သူတို့၏ နိုင်ငံရေးလမ်းပြမြေပုံအတိုင်း အမျိုးသားညီလာခံတွင် ထင်တိုင်းကြဲ၍ရမည်ဟု တွက်ချက်ထားပုံရပါသည်။

သို့ရာတွင် ဤတချိတွင်လည်း "မှန်းချက်နှင့်နမ်းထွက်မကိုက်" — ဖြစ်ကာ စစ်အစိုးရအထိနာသွားရပြန်သည်။

နအဖစစ်အစိုးရသည် တိုင်းရင်းသားလူမျိုးများ၏လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများကို "စီးပွားရေးမက်လုံး" ပေး၍ ချော့မော့လှည့်စားနိုင်မည် ထင်ခဲ့သော်လည်း၊ တကယ်တန်း အမျိုးသားညီလာခံကျင်းပသောအခါ အပစ်အခတ် ရပ်စဲထားသောအဖွဲ့အစည်းများသည် — သူတို့လိုလားတောင့်တ၍ အနှစ်နှစ်အလလက လက်နက်ကိုင်တိုက်ပွဲဝင် တောင်းဆိုခဲ့သော "နိုင်ငံရေးတန်းတူခွင့်" ကို စစ်အစိုးရ၏ဖိနှိပ်ကန့်သတ်မှုဘောင်ကြားတွင် မရမက လက်တွဲတောင်းဆို သွားခဲ့ကြပါသည်။ ထိုကြောင့် အပစ်အခတ်ရပ်စဲရေးအဖွဲ့ (၁၃) ဖွဲ့၏ ပူးတွဲတောင်းဆိုချက်များကို နအဖစစ်အစိုးရက မည်သို့မည်ပုံ တုန့်ပြန်ရမှန်းမသိဖြစ်သွားခဲ့ရကာ — အမျိုးသားညီလာခံကို တဖန်ပြန်လည်၍ ရက်အကန့်အသတ်မရှိ ရပ်တန့်သွားခဲ့ရပြန်ပါသည်။ အဖြေရလာဒ်မှာ — နအဖစစ်အစိုးရကို အများဆုံးကျားကန်ပေးခဲ့၍ ၎င်းတို့၏ အမှောင်ဆုံးရက်များတွင် အားအကိုးရဆုံးသော ဗိုလ်ချုပ်ကြီးခင်ညွန့်ကို ရာထူးမှဖယ်ရှားရုံမက အနှစ်လေးဆယ်ထောင်နန်းစံစေ ခြင်းပင် ဖြစ်ပါသည်။

ထိုကြောင့် ဖြစ်စဉ်တရပ်လုံးကို သေချာဂနစွာလေ့လာသုံးသပ်ကြည့်မည်ဆိုပါက — နအဖစစ်အစိုးရမှ ၁၉၉၀ ခုနှစ် ကာလပိုင်းတွင် ခေါ်ယူကျင်းပသော အမျိုးသားညီလာခံကို ရှေ့တန်းမှဆန့်ကျင်အန်တုတိုက်ပွဲဝင်ခဲ့သော အဖွဲ့အစည်းမှာ — အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဦးဆောင်သည့် ၁၉၉၀ ရွေးကောက်ပွဲတွင် အနိုင်ရရှိသည့်နိုင်ငံရေးပါတီများ ဖြစ်ကြပြီး၊ သက္ကရာဇ် ၂၀၀၄ တွင် ပြန်လည်ခေါ်ယူကျင်းပသော အမျိုးသားညီလာခံတွင် အတွင်းမှ ပူးသတ်တိုက်ပွဲဝင် နေကြသူများမှာ — အပစ်အခတ်ရပ်စဲထားသော အဖွဲ့အစည်းများဖြစ်ကြောင်းကို တွေ့ရမည်ဖြစ်ပါသည်။ သို့ရာတွင် ထိုတိုက်ပွဲသည် မပြီးဆုံးသေးပေ။ နအဖစစ်အစိုးရအနေဖြင့် ရပ်တန့်ထားသော အမျိုးသားညီလာခံကို လာမည့် ဒီဇင်ဘာလတွင်ပြန်လည်ခေါ်ယူကျင်းပမည်ဖြစ်ကြောင်း တရားဝင်ကြေညာထားပါသည်။

နအဖစစ်အစိုးရအနေဖြင့် — ၎င်းတို့၏နိုင်ငံရေးလမ်းပြမြေပုံကို အမျိုးသားညီလာခံမှ အကောင်အထည်ဖော်သွားရန် ကြိုးပမ်းနေကြပါသည်။ ထိုကြောင့် အမျိုးသားညီလာခံသည် နအဖစစ်အစိုးရအတွက် အသေအလဲခုခံကာကွယ်ရမည့် "နိုင်ငံရေးနောက်ဆုံးခံတပ်" တခုဖြစ်နေပါသည်။ ထိုခံတပ်ကြီး

ပြိုသွားပါက သူတို့အတွက်အနာဂတ်ရှိနိုင်တော့မည် မဟုတ်ပေ။ ထိုကြောင့် "အမျိုးသားညီလာခံ" ကိုအောင်မြင်သည်အထိ ဦးဆောင်မှုမပေးနိုင်သော စစ်ဗိုလ်ချုပ်များကို "ဇာတ်တူသားစား" ဘဝဖြင့် မညှာမတာအချင်းချင်း ရှင်းလင်းသုတ်သင်နေကြခြင်းပင်ဖြစ်ပါသည်။

မကြာခင်ကထွက်ပေါ်လာသော ကောလာဟလသတင်းများအရ — ဗိုလ်ချုပ်မောင်အေးက ဗိုလ်ချုပ်သန်းရွှေကို ရာထူးမှဖယ်ရှား၍ အာဏာသိမ်းသွားသည်ဟု သိရပါသည်။ ယင်းသည် ကောလာဟလသတင်းမျှသာ ဖြစ်သည်ဟုဆိုပါ သော်လည်း သူတို့အတွင်းမညီမညွတ်ဖြစ်ကာ အာဏာလုပွဲအဆက်မပြတ်ခင်းကျင်းနေကြောင်းကို မီးမောင်းထိုးရောင် ပြန်ဟပ် စေပါသည်။ ဇာတ်သူသားစားဘဝဖြင့် ဟသ်ာကိုးသောင်းပျက်စီးခဲ့သော ဇာတ်ကြောင်းကို လက်တွေ့ဘဝတွင် ခင်းကျင်းကပြလျှက် ရှိနေကြပါသည်။

သို့ရာတွင် မိမိတို့အနေဖြင့် သေချာစွာဆန်းစစ်ရမည့်အချက်မှာ — နအဖစစ်ဗိုလ်ချုပ်အချင်းချင်းအကြား ဇာတ်တူသား စားဘဝဖြင့် အာဏာလုပွဲခင်းကျင်းရုံမျှဖြင့် မိမိတို့တိုက်ပွဲတောင်းဆိုနေသော "ဒီမိုကရေစီ" နှင့် "တန်းတူရေး" ကို ရရှိနိုင်မည်ဟု မျှော်လင့်၍မရပေ။ စစ်အုပ်စုအကြား အကွဲအပြဲကြောင့်သော်လည်းကောင်း၊ အာဏာလုပွဲကြောင့်သော်လည်းကောင်း "ဒီမိုကရေစီ" နေ့ချင်းညချင်း မထွန်းကားနိုင်ပေ။ ဒီမိုကရေစီအရေးတော်ပုံကာလတွင် သမ္မတ (၃) ဦးကို ဖြုတ်ချနိုင်ပါလျှက် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို မဖန်တီးနိုင်ခဲ့သော အားနည်းချက်ကိုသင်ခန်းစာယူရန် လိုအပ်နေပါသည်။ နဝတနှင့် နအဖစစ်အစိုးရသက်တမ်းကာလတွင် ထိပ်ဆုံးမှ စစ်ဗိုလ်ချုပ် သုံးလေးဦးပြုတ်ကျသွားရုံဖြင့်လည်း နိုင်ငံရေးအပြောင်းအလဲဖြစ်ပေါ်မလာနိုင်ခြင်းကို ဆန်းစစ်ဝေဖန်ရန်လိုအပ်လာပြီ ဖြစ်ပါသည်။ တိုင်းပြည်တွင်ဖြစ်ပွားနေသော စီးပွားရေးကျဆင်းမှု၊ အဂူမ မတောင့်သဖြင့် သီလ မစောင့်နိုင်သောဘဝကြောင့် တိုင်းပြည် အဝှမ်း၌ဖြစ်ပွားနေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအနိဋ္ဌာန်ရုံ စသည် စသည်တို့ကြောင့်လည်း ပြည်သူလူထုအုံကြွမှု အလိုအလျောက် ဖြစ်ပေါ်လာမည်ဟု စိတ်ကူး ယဉ်အိပ်မက်မက်၍ ရမည် မဟုတ်ပေ။

စစ်အာဏာရှင်စနစ်၏ ရက်စက်ကြမ်းကြုတ်မှုကြောင့် ဖြစ်ပွားနေသော အနှစ်ငါးဆယ်ပြည်တွင်းစစ်အပါအဝင် ယနေ့ ပြည်သူလူထုတရပ်လုံးက ခါးသီးစွာခံစားနေရသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအနိဋ္ဌာန်ရုံများ၏

မြင်ကွင်းဖြစ်သည့် — နိုင်ငံတကာတွင်ရောက်ရှိနေသော ဒုက္ခသည်များ၊ အိမ်နီးချင်းနိုင်ငံများတွင် ရောက်ရှိနေကြသော တရားမဝင်အလုပ်သမားများ၊ ကမ္ဘာအနှံ့သို့ မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်မှု၊ HIV/AIDS ရောဂါ ပြန့်ပွားမှု …… စသည့်စသည့် အန္တရာယ်ရှိမှုများကြောင့်လည်း နအဖစစ်ဗိုလ်ချုပ် များ ကျောချမ်းတုန်လှုပ်၍ အာဏာစွန့်လွှတ်သွားမည် မဟုတ်ပေ။ ထိုနည်းတူ နိုင်ငံတကာ၏ ဖိအားပေးမှုနှင့် ကန့်ကွက်ဝေဖန်မှုကြောင့်လည်း — ထိုစစ်ဗိုလ် များ လွယ်လွယ်နောက်ဆုတ် သွားလိမ့်မည်မဟုတ်ပေ။

အကျဉ်းချုပ်၍ ဖော်ပြရပါက နအဖစစ်ဗိုလ်ချုပ်များအကြား အချင်းချင်း အာဏာလုမှု၊ အကွဲအပြဲဖြစ်မှုနှင့် ဇာတ်တူသား စားဘဝဖြင့် အချင်းချင်း သုတ်သင်ဖယ်ရှားရုံဖြင့် သော်လည်းကောင်း၊ ၎င်းတို့ ဖန်တီးထားသော နိုင်ငံ ရေး၊ စီးပွားရေးနှင့် လူမှုရေးအန္တရာယ်ရှိမှုများကြောင့်သော်လည်းကောင်း၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေး အလိုအလျောက်ဖြစ်ပေါ်လာ လိမ့်မည် မဟုတ် ပေ။ တနည်းအားဖြင့်ဆိုပါက — နအဖစစ်ဗိုလ်ချုပ်များအကြား အချင်းချင်း အာဏာလုသုတ်သင် ဖယ်ရှားရုံမျှဖြင့် စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းသွား လိမ့်မည် မဟုတ်ပေ။ ထို့ကြောင့် — နအဖစစ်အစိုးရ၏ လုပ်ရပ်ကိုစောင့် ကြည့်ရုံမျှဖြင့် မိမိတို့လိုလားသော ဒီမိုကရေစီအောင်ပွဲဆီသို့ ချီတက်၍ရမည် မဟုတ်ပေ။

သို့ဖြစ်ပါက …… မိမိတို့ဘာဆက်လုပ်ကြမည်နည်း?

## (၂) မိမိတို့အခြေအနေ

မိမိတို့၏လက်ရှိနိုင်ငံရေးကို ရှုဒေါင့်မျိုးစုံဖြင့် ချဉ်းကပ်သုံးသပ်နိုင်ပါသည်။ ၎င်းတို့အနက် အရေးကြီးသောရှုဒေါင့် နှစ်ခုမှာ — ဒီမိုကရေစီအသွင်ကူး ပြောင်းရေးအတွက် မိမိတို့ကိုယ်တိုင်ဖန်တီးထားသော အခြေအနေနှင့် အခြားတခုမှာ မိမိတို့ ကိုယ်တိုင်ဖန်တီးခြင်းမဟုတ်ဘဲ ပြင်ပပယောဂကြောင့် မိမိတို့အပေါ်အပြဌာန်းခံနေရသော အခြေအနေပင်ဖြစ်ပါသည်။ မိမိတို့ ကိုယ် တိုင်ဖန်တီးထားသော အခြေအနေဟုဆိုရာ၌ — ဒီမိုကရေစီအသွင်ကူးပြောင်း ရေးအတွက် မိမိတို့ မည်ရွေ့မည်မျှ ပြင်ဆင်မှုပြုလုပ်သည်ဟူသော အချက်

ပင်ဖြစ်ပါသည်။ ပြင်ပပယောဂကြောင့် ဖြစ်ပျက်သောအခြေအနေတွင် — ရန်သူ၏ စစ်ရေး၊ နိုင်ငံရေးအရ ထိုးစစ်ဆင်မှုများ၊ နိုင်ငံတကာနှင့် အိမ်နီးချင်းနိုင်ငံများ၏ ပယောဂကြောင့် မိမိတို့ရင်ဆိုင်နေရသော အခြေအနေများအပြင်၊ လူလုပ်မဟုတ်ဘဲ သဘာဝပတ်ဝန်းကျင်အခြေအနေများ၏ ဖန်တီးပြဋ္ဌာန်းမှုကြောင့် မိမိတို့အပေါ်ကျရောက်နေသော အခြေအနေများလည်း ပါဝင်နေပါသည်။

ပထမဦးဆုံးအနေဖြင့် — ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် မိမိတို့ပြင်ဆင်မှုကြောင့် ဖြစ်ပေါ်ပြောင်းလဲနေသော အခြေအနေများကို လေ့လာသုံးသပ်ရန်လိုအပ်နေပါသည်။ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် မိမိတို့၏ပြင်ဆင်မှု ဟုဆိုရာ၌လည်း အပိုင်း (၂) ပိုင်းခွဲ၍ လေ့လာသုံးသပ်ရန်လိုအပ်နေပါသည်။ ပထမပိုင်းမှာ — မိမိတို့နိုင်ငံရေးပန်းတိုင်ဖြစ်သော "ဒီမိုကရေစီရေး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေး" တို့ကို အာမခံချက်ပေးနိုင်မည့် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုစနစ် ဖွဲ့စည်းထူထောင်ရေးအတွက် ပြင်ဆင်မှုပင်ဖြစ်ပါသည်။ နိုင်ငံရေးပန်းတိုင်အတွက် ပြင်ဆင်ခြင်းကို နိုင်ငံရေးသိပ္ပံပညာရှင်များက နိုင်ငံရေးအကောင်အထည် (Substance) အတွက် ပြင်ဆင်ခြင်းဟု ခေါ်ဝေါ်သမုတ်ကြ ပါသည်။

ဒုတိယပြင်ဆင်မှုမျိုးမှာ — မိမိတို့ရွေးချယ်ထားသော နိုင်ငံရေးပန်းတိုင်သို့ရောက်ရှိချိတက်နိုင်ရေးအတွက် ရွေးချယ်ထားသော "မဟာဗျူဟာ" အကောင်အထည်ဖော်နိုင်ရေးအတွက် ကြိုးပမ်းလုပ်ဆောင်ချက်များပင်ဖြစ်ပါသည်။ ထိုသို့ မဟာဗျူဟာနှင့် နည်းဗျူဟာများ ဖြစ်မြောက်အကောင်အထည်ဖော်နိုင်ရေးအတွက် ကြိုးပမ်းမှုများကို နိုင်ငံရေးဖြစ်စဉ် (Process) အတွက် ပြင်ဆင်ခြင်းဟု ခေါ်ဝေါ်လေ့ရှိပါသည်။

ဒီမိုကရေစီအသွင်ကူးပြောင်းရေးဖြစ်ပေါ်လာနိုင်ရေးအတွက် Substance ရော Process ပါ နှစ်ခုစလုံးအရေးကြီးပါသည်။ Process ကိုအစမပြုနိုင်ဘဲ၊ Substance တခုတည်းအတွက်ပြင်ဆင်ပါက — နိုင်ငံရေးအိပ်မက်မက်ခြင်းနှင့်တူညီပြီး၊ လက်တွေ့အကောင်အထည်ရှိနိုင်မည် မဟုတ်ပေ။ တဖက်တွင်လည်း Substance အတွက် ပြင်ဆင်မှုမရှိဘဲ၊ Process တခုတည်းကိုသာ အာရုံစိုက်လုပ်ဆောင်ပါ — နိုင်ငံရေးဆန္ဒစောမှုသက်သက်သာဖြစ်ပြီး၊ ခရီးဆုံးကို လက်ချည်းဗလာ သက်သက်ဖြင့် ဆိုက်ရောက်သွားနိုင်ပါသည်။ ထိုကြောင့်

Substance နှင့် Process နှစ်ခုလုံးအတွက် ဟန်ချက်ညီညီ ပြင်ဆင်မှုပြု လုပ်ရန် လိုအပ်ပါသည်။ တနည်းအားဖြင့်ဆိုရပါက — "မဟာဗျူဟာ" မရှိသော နိုင်ငံရေးပန်းတိုင်သည် စိတ်ကူးယဉ်အိပ်မက်မျှသာဖြစ်၍၊ ဦးတည်ချက်ပန်းတိုင်မရှိသော "မဟာဗျူဟာ" သည်လည်း ဆန္ဒစွဲကိုအခြေပြု၍ လုပ်ဆောင်ရသော နိုင်ငံရေးမျှသာဖြစ်၍ လက်တွေ့အကောင်အထည်ဖော်စရာ အကြောင်းခြင်းရာ ရှိနိုင်ဦးမည် မဟုတ်ပေ။

မိမိတို့တိုင်းရင်းသားလူမျိုးများအနေဖြင့် အနှစ်ငါးဆယ်ကျော်ကာလအတွင်း ကြုံတွေ့ရင်ဆိုင်ခဲ့ရသော အတွေ့အကြုံများကို သင်ခန်းစာယူ၍ ရှေ့ဆက်ခရီးတွင် — "ပန်းတိုင်နှင့်မဟာဗျူဟာ" နှစ်ခုစလုံးကို အချိတ်အဆက်မိမိလုပ်ဆောင် သွားနိုင်ရန် လိုအပ်ပါသည်။ လွတ်လပ်ရေးအကြိုကာလတွင် အများစုသောတိုင်းရင်းသားလူမျိုးများသည် "မိမိတို့ ဘိုးဘွားပိုင်နယ်မြေများကို မိမိတို့ကိုယ်ပိုင်လွတ်လပ်စွာအုပ်ချုပ်စီမံလိုသည်" ဟူသော ခံယူချက်သာရှိ၍ — မိမိတို့ လိုလားသော အုပ်ချုပ်ရေးစနစ်ကို မည်သို့မည်ပုံ ဖန်တီးအကောင်အထည်ဖော်သွားမည် ဟူသော နိုင်ငံရေးပန်းတိုင်ကို တိကျပြတ်သားစွာ သတ်မှတ်နိုင်ခြင်းမရှိခဲ့ချေ။ ထိုကြောင့် ပန်းတိုင်ဝေဝါး နေခဲ့ပါသည်။ တနည်းအားဖြင့်ဆိုပါက — လူမျိုးပေါင်းစုံရောနှောနေထိုင်သော ပြည်ထောင်စုစနစ်ကိုထူ ထောင်သောအခါ မိမိတို့၏ဘိုးဘွားပိုင်နယ်မြေဖြစ်သည့် ပြည်နယ် (ဝါ) ပြည်ထောင်များကို မိမိတို့ကိုယ်ပိုင်လွတ်လပ်စွာ အုပ်ချုပ်စီမံနိုင်ရန်အတွက် မည်ရွေ့မည်မျှအာဏာ လက်ဝယ်ထားရှိမည် ဟူသောအချက်နှင့် ပြည်ထောင်စု အတိုင်းအတာဖြင့် စုပေါင်းသောအခါ ပြည်ထောင်စုအစိုးရကို မည်ရွေ့မည်မျှအာဏာပေးအပ်ရမည် ဟူသော အချက်များရှင်းလင်းစွာ ခွဲခြမ်းစိတ်ဖြာနိုင်ခြင်း မရှိခဲ့ပေ။

လွတ်လပ်ရေးရရှိပြီး ဆယ်နှစ်ကျော်ကြာလာသောအခါ ဗမာမဟုတ်သော တိုင်းရင်းသားလူမျိုးပေါင်းစုံ ပူးပေါင်းခေါ်ယူ ကျင်းပခဲ့သည့် "တောင်ကြီးညီလာခံ" နှင့် ၎င်း၏အဆက်ဖြစ်သော ၁၉၆၁ ဖေဖော်ဝါရီလ (၂၄) ရက်နေ့ ရန်ကုန်မြို့တွင် ကျင်းပခဲ့သော "ဖက်ဒရယ်နီးနှောဖလှယ်ပွဲ" "Federal Seminar" များတွင်လည်း ထိုအားနည်းချက်များ အနည်းနှင့်အများ ပြန်ပါလာနေပါသေးသည်။ **"ပြည်နယ်များညီညွတ်ရေးအဖွဲ့"** မှတင်သွင်းသည့် **"ပြည်ထောင်စုစစ်စစ်မူ"** ကိုသေချာစွာလေ့လာဆန်းစစ်ပါက — ပြည်ထောင်စုအစိုးရထံတွင် အပ်နှင်းထားသော "အာဏာများကို မည်သို့မည်ပုံခွဲဝေ ကျင့်

သုံးသင့်သည်'' ဟူသောအချက်ကို အာရုံစူးစိုက်သည်က များနေခဲ့ပါသည်။ တနည်းအားဖြင့်ဆိုပါက — ပြည်နယ် များညီညွတ်ရေးအဖွဲ့မှတင်သွင်းသော ''ပြည်ထောင်စုစစ်စစ်မူ'' သည် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများ၏ ဆက်ဆံရေးနှင့် အာဏာခွဲဝေရေး (Federal-State Relation) ကို ဦးစား ပေးခဲ့သည်ဟု ဆိုနိုင်သော်လည်း — ပြည်နယ် များလက်ဝယ်တွင် မည်သည့် အာဏာများကိုထားရှိ၍ ပြည်နယ်များကို မည်ကဲ့သို့ဖွဲ့စည်းရမည်ဟူသော ပြည်ထောင်စု ၏အခြေခံသဘောတရား (Federal Principles) ပိုင်းတွင် အထူးအားနည်းခဲ့သည်ကို တွေ့ရမည်ဖြစ်ပါသည်။

ပြည်နယ်များညီညွတ်ရေးအဖွဲ့မှတင်သွင်းသော ''ပြည်ထောင်စုစစ်စစ်မူ'' တွင် ပြည်နယ်ဖွဲ့စည်းပုံများသီးခြားရေးဆွဲ ပြဋ္ဌာန်းရေး၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်အစိုးရနှင့် ပြည်နယ်တရားရုံးချုပ်များကို ပြည်နယ်ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် အညီ သီးခြားလွတ်လပ်စွာဖွဲ့စည်းတည်ထောင်ရေးများ မပါဝင်ခဲ့ပေ။ ထို့ကြောင့် ''ပြည်နယ်များညီညွတ်ရေးအဖွဲ့'' မှ တင်သွင်းသောအဆိုသည် အမည်နာမအားဖြင့် ''ပြည်ထောင်စုစစ်စစ်မူ'' ဟုခေါ်ပါသော်လည်း — ၎င်းတို့ ၏တင်ပြချက်များထဲတွင် စစ်မှန်သောပြည်ထောင်စုစနစ်၏အင်္ဂါရပ်တချို့ ကွင်းကျန်သွားခဲ့ပါသည်။ ထို့ကြောင့် သူတို့၏ပန်းတိုင်သည်လည်း မှုန်ဝါးဝါး မှုသာ မြင်ရသောပန်းတိုင် ဖြစ်သွားခဲ့ရပါသည်။

ရှစ်လေးလုံးအရေးတော်ပုံပေါ်ပေါက်ပြီးသည့် နောက်ပိုင်း မိမိတို့၏ တိုင်းရင်းသားလူမျိုးများနှင့် ဒီမိုကရေစီအင်အားစုများ အနေဖြင့် — အရေး တော်ပုံကြီး အန္တိမပန်းတိုင်ဖြစ်သော **''စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စု''** တည်ဆောက်ရေး အတွက် ပြင်ဆင်မှုများပို၍ ကြည်လင်ပြတ်သားလာပါသည်။ ပထမကာလပိုင်းတွင် — ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသားလူမျိုး များအကြား သဘောတူညီချက်စာချုပ်စာတမ်းများ ချုပ်ဆိုခြင်း၊ (ဥပမာ — ဗိုလ်အောင်ကျော်လမ်း ကြေညာချက်၊ မာနယ်ပလောသဘောတူစာချုပ်၊ မယ်သရောထာသဘောတူစာချုပ်နှင့် အနာဂတ်ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းသောအခါ အခြေခံရမည့် လမ်းညွှန်အခြေခံမှုများအပေါ် သဘောတူ စာချုပ် ... ... စသည်များ) နှင့် အနာဂတ်ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံ အခြေခံဥပဒေ (မူကြမ်း) ရေးဆွဲခြင်းများပါဝင်နေပါသည်။ ယခုအခါ ဒီမိုကရေစီ အင်အားစုများနှင့် တိုင်းရင်းသားလူမျိုးပေါင်းစုံပူးပေါင်းဖွဲ့စည်း၍ အကောင် အထည်ဖော်ဆောင်ရွက်နေသော "Federal Constitution Drafting and

Coordinating Committee" (FCDCC) အနေဖြင့် ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ကို သက္ကရာဇ် ၂၀၀၅ တွင်အပြီး ရေးဆွဲ၍ — သက္ကရာဇ် ၂၀၀၆ မတ်လတွင် လူထုထံ တင်ပြနိုင်ရန် ပြင်ဆင်လျက်ရှိနေပါသည်။

တဖက်တွင် ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ရေးဆွဲရေးလုပ်ငန်းများဆောင်ရွက်နေသကဲ့သို့၊ အခြားတဖက်တွင်လည်း ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) (UNLD-LA) နှင့် အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (NDF) တို့၏ ဦးဆောင်မှုဖြင့် ပြည်နယ်များဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ရေးဆွဲရေးလုပ်ငန်းကို သက္ကရာဇ် ၂၀၀၁ ခုနှစ်မှစတင်ဆောင်ရွက်ခဲ့ပါသည်။ ယခုအခါ — ပြည်နယ် (၇) ပြည်နယ်၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ရေးဆွဲရေးကော်မတီများကို ဖွဲ့စည်းနိုင်ခဲ့သည်သာမက၊ "ဗမာပြည်နယ်ဖွဲ့စည်းပုံရေး ဆွဲရေး လေ့လာရေးအဖွဲ့" "Burman State Constitution Study Group" လည်းပေါ်ထွက်လာပြီးဖြစ်ပါသည်။ ပြည်နယ်အများစု၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) များလည်း ရေးဆွဲပြီးစီးနေကြပြီးဖြစ်ပါသည်။ ထို့ကြောင့် မိမိတို့ ဆင်နွှဲနေသောတော်လှန်ရေး၏ အန္တိမပန်းတိုင်ဖြစ်သော "စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စု" ဖွဲ့စည်းရေးအတွက် မိမိတို့အနေဖြင့် လုံလောက်သောပြင်ဆင်မှုများ ပြုလုပ်နေကြပြီဟု ဆိုနိုင်မည်ဖြစ်ပါသည်။ တနည်းအားဖြင့် — Substance အတွက် ပြင်ဆင်မှုများ အတော်အတန်ပြုလုပ်နေပြီဖြစ်သည်ဟု သုံးသပ်၍ ရမည်ဖြစ်ပါသည်။

မိမိတို့အနေဖြင့် — နိုင်ငံရေးပန်းတိုင် (Substance) အတွက်ပြင်ဆင်မှုများပြုလုပ်နေသလို၊ အခြားတဖက်တွင်လည်း အသွင်ကူးပြောင်းရေးဖြစ်စဉ် (Process) အတွက်ပါ လိုအပ်သောပြင်ဆင်မှုများကိုလည်း အတတ်နိုင်ဆုံးဆောင်ရွက်လျက် ရှိနေပါသည်။ မိမိတို့အသွင်ကူးပြောင်းရေးဖြစ်စဉ် (Process) အတွက် ပြင်ဆင်မှုအားလုံးသည် မိမိတို့ရွေးချယ်ထားသော မဟာဗျူဟာဖြစ်သည့် **"နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့်ဖြေရှင်းရေး"** ဟူသော **"သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲ"** ဖြစ်ပေါ်လာရေး "မူ" ပေါ်တွင် အခြေခံနေပါသည်။ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲ "မူ" သည်လည်း — ၁၉၉၄ ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံ ဆုံးဖြတ်ချက်ကြီးအပေါ်တွင် အခြေစိုက်ထားပါသည်။

အသွင်ကူးပြောင်းရေးဖြစ်စဉ် (Process) ဖြစ်ပေါ်လာရေးအတွက် တိုင်းရင်းသားလူမျိုးပေါင်းစုံ ပူးပေါင်းပါဝင်သောကြိုးပမ်းမှု လုပ်ငန်းစဉ်ပထမခြေလှမ်းအဖြစ် — တိုင်းရင်းသားလူမျိုးများ၏ နိုင်ငံရေးအဖွဲ့အစည်းများထဲမှ အကြီးမားဆုံးတပ်ပေါင်းစုနှစ်ခုဖြစ်သည့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) (UNLD-LA) နှင့် အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (NDF) တို့ကိုအခြေခံ၍ ပူးတွဲလုပ်ငန်းကော်မတီ (UNLD-LA & NDF Joint Action Committee) ကိုသက္ကရာဇ် ၂၀၀၁ မတ်လတွင် ဖွဲ့စည်းနိုင်ခဲ့ပါသည်။ ထိုနှစ် ဩဂုတ်လတွင် ကျင်းပခဲ့သော "ဒုတိယအကြိမ် တိုင်းရင်းသားလူမျိုးများနီးနှောဖလှယ်ပွဲ" ကြီးတွင် (UNLD-LA & NDF Joint Action Committee) ထက်ပို၍ ကျယ်ပြန့်သော "တိုင်းရင်းသားလူမျိုးများ သွေးစည်းညီညွတ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော် မတီ" (ENSCC) ကိုကျစ်လစ်ခိုင်မာစွာ ဖွဲ့စည်းနိုင်ခဲ့ပါသည်။ ENSCC ကိုအပ်နှင်းထားသော လုပ်ပိုင်ခွင့်အာဏာ (Mandate) မှာ "သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲ" ဖြစ်ပေါ်လာရေးအတွက် လိုအပ်သောလုပ်ငန်းစဉ်များကို ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်ရေးပင် ဖြစ်ပါသည်။ တနည်းအားဖြင့်ဆိုပါက — ENSCC သည် အသွင်ကူးပြောင်းရေး (Process) ဖြစ်ပေါ်လာရေးအတွက် ဖွဲ့စည်းထားသော ကော်မတီတရပ် ဖြစ်ခဲ့ပါသည်။

ENSCC အနေဖြင့် အသွင်ကူးပြောင်းရေးဖြစ်စဉ် (Process) ဖြစ်ပေါ်လာနိုင်ရေးအတွက် လုပ်ငန်းစဉ်မျိုးစုံကိုချမှတ်၍ ကြိုးပမ်းမှုများပြုလုပ်သွားခဲ့ပါသည်။ ENSCC ၏ ပထမခြေလှမ်းအဖြစ် "ပင်လုံစိတ်ဓာတ်ကို အခြေခံသော ပြည်ထောင်စု ပြန်လည်တည်ဆောက်ရေးလုပ်ငန်းစီမံချက်" "The New Panglong Initiative: Rebuilding the Union of Burma" ကို သက္ကရာဇ် ၂၀၀၁ တွင်စတင်နိုင်ခဲ့ပါသည်။ ENSCC၏ The New Panglong Initiative လှုပ်ရှားမှုသည် မိမိတို့ တိုင်းရင်းသားလူမျိုးများနှင့် ပြည်သူလူထုတရပ်လုံး၏ ထောက်ခံအားပေးမှုသာမက၊ နိုင်ငံတကာ၏ ထောက်ခံအားပေးမှုကိုလည်း အပြည့်အဝရရှိနိုင်ခဲ့ပါသည်။ အထူးသဖြင့် ENSCC ဥက္ကဋ္ဌကြီး စောဘသင်စိန်နှင့် ဒု–ဥက္ကဋ္ဌကြီး ခူထဲဘူဖဲတို့၏ ဦးဆောင်မှုဖြင့် သက္ကရာဇ် ၂၀၀၁ ခု ဒီဇင်ဘာလတွင် နော်ဝေနိုင်ငံ၊ အော်စလိုမြို့တွင် The New Panglong Initiative  လှုပ်ရှားမှု (Campaign) ကို နိုဘယ်ငြိမ်းချမ်းရေးဆုပေးပွဲ ရာပြည့်သဘင်နှင့် ဒေါ်အောင်ဆန်းစုကြည်ကို

နိဘယ်ငြိမ်းချမ်းရေးဆု ချီးမြှင့်ခြင်း ဆယ်နှစ်ပြည့်အခန်းအနားနှင့် ကြုံကြိုက်၍လုပ်ဆောင်နိုင်ခဲ့သောကြောင့် အောင်မြင်မှုပို၍ရရှိ ခဲ့ခြင်းဖြစ်ပါသည်။ ENSCC၏ The New Panglong Initiative လှုပ်ရှားမှုကြောင့် ယခုအခါ — နိုင်ငံတကာအင်အားစုများဖြစ်သော ကမ္ဘာ့ကုလသမဂ္ဂ၊ အမေရိကန်ပြည်ထောင်စု၊ အီးယူ တို့သာမက၊ အာရှနိုင်ငံများဖြစ်ကြသော ဂျပန်၊ တရုတ်၊ အိန္ဒိယ နှင့် အာစီယံအဖွဲ့ဝင်နိုင်ငံများကပါ — တိုင်းရင်းသား လူမျိုးများ၏ အခန်းကဏ္ဍကို လေးစားအသိအမှတ်ပြုလာကြပါသည်။ ယခင်က တိုင်းရင်းသားလူမျိုးများတို့၏ လက်နက်ကိုင်တော်လှန်ရေးကို "အကြမ်းဖက်သမား၊ ခွဲထွက်ရေးသမား" ဟု ကင်ပွန်းတပ်ခံခဲ့ရာမှ — ယခုအခါ တိုင်းရင်းသားလူမျိုးများကို ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူး ပြောင်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဖြစ်စဉ်တခုလုံးတွင် မပါလျှင်မပြီးသော အဓိက နိုင်ငံရေးအင်အားစုအဖြစ် လေးစားအသိအမှတ်ပြုခြင်းကို ခံနေရပြီဖြစ်ပါသည်။

The New Panglong Initiative လှုပ်ရှားမှုအောင်မြင်မှုအရှိန်အဟုန်ကိုယူ၍ — ENSCC အနေဖြင့် သက္ကရာဇ် ၂၀၀၃ ခုတွင် တဆင့်တက်၍ လှုပ်ရှားမှုတရပ်ကို ဖန်တီးအကောင်အထည်ဖော်ရန် ကြိုးပမ်းခဲ့ပါသည်။ ယင်းလှုပ်ရှားမှု ကို "Ethnic Initiative for Tripartite Dialogue" "ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် တိုင်းရင်းသားလူမျိုးများ၏ ကြိုးပမ်းအားထုတ်မှု" ဟုကင်ပွန်းတပ်ခဲ့ပါသည်။ ယင်းကိုအတိုကောက်အားဖြင့် "Ethnic Initiative" ဟုခေါ်တွင် စေခဲ့ပါသည်။ Ethnic Initiative ကိုအခြေခံ၍ သက္ကရာဇ် ၂၀၀၃ စက်တင်ဘာလတွင် "Road Map for Rebuilding the Union of Burma" ကိုထုတ်ပြန်နိုင်ခဲ့ပါသည်။ သို့ရာတွင် ENSCC ၏ Ethnic Initiative နှင့် Road Map တို့ကို မမျှော်လင့်သော ရှုဒေါင့်မှ အကြီးအကျယ်တိုက်ခိုက် ဝေဖန်ခြင်းခံခဲ့ရပါသည်။ အထူးသဖြင့် — မိမိတို့၏ ဖက် တော်သားများ ဟု အစဉ်တစိုက်ပူးပေါင်းဆောင်ရွက်ခဲ့သော ဒီမိုကရေစီ အင်အားစုများကပါ Ethnic Initiative ကို ဆန့်ကျင်ကန့်ကွက်ခဲ့ကြောင်း ဝမ်းနည်းစွာကြုံတွေ့ခဲ့ရပါသည်။ ယင်းသို့ ဒီမိုကရေစီအင်အားစုများက Ethnic Initiative နှင့် Road Map ကို မည်သည့်အတွက်ကြောင့် ဆန့်ကျင်ကန့်ကွက်ခဲ့ကြောင်းကို သေချာစွာလေ့လာသုံးသပ် ကြည့်သောအခါ အောက်ပါအချက်များ ပါဝင်ကြောင်း တွေ့ရှိနိုင်ပါသည်။

ပထမအချက်မှာ — Ethnic Initiative ဆိုသောစကားလုံးကို မှားယွင်းစွာ အဓိပ္ပာယ်ဖွင့်ဆိုသွားခဲ့ကြသောကြောင့် ဖြစ်ပါသည်။ Ethnic Initiativeကို "တိုင်းရင်းသားလူမျိုးများ၏ အစပျိုးကြိုးပမ်းဆောင်ရွက်ချက်" ဟုမမြင်ဘဲ၊ "တိုင်းရင်းသားလူမျိုးများက ဒီမိုကရေစီအင်အားစုများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းမပြုဘဲ သီးခြားဆောင်ရွက်သွားမည်" … ဟု မှားယွင်းစွာ အဓိပ္ပာယ်ဖွင့်ဆိုခဲ့ကြပါသည်။

ဒုတိယအချက်မှာ — ENSCC ၏လုပ်ဆောင်ချက်များသည် အနှစ်သာရပိုင်း — (Substance) အတွက်လုပ်ဆောင်ခြင်းလား၊ ဖြစ်စဉ် (Process) အတွက် လုပ်ဆောင်ခြင်းလား ဟူသောအချက်ကို မဝေခွဲနိုင်သောကြောင့် ဖြစ်ပါသည်။ တနည်းအားဖြင့် Substance နှင့် Process ကိုရောထွေးနေခြင်း ပြဿနာ ပင်ဖြစ်ပါသည်။ ထိုအမြင်မှားယွင်းမှုကြောင့် ဒီမိုကရေစီအင်အားစုများ သာမက၊ မိမိတို့တိုင်းရင်းသားလူမျိုးစုထဲမှ ခေါင်းဆောင်အတော်များများကပါ ENSCC ၏လုပ်ဆောင်ချက်များကို ဆန့်ကျင်ကန့်ကွက် လာကြပါသည်။ ဖြစ်စဉ် (Process) ဖြစ်ပေါ်လာရေးအတွက် လုပ်ဆောင်ခြင်းကို နိုင်ငံရေး ပန်းတိုင်ဖြစ်သော (Substance) တွင် အပေးအယူလုပ်သွားကြမည်လော … ဟု စိုးရိမ်စိတ်ဖြင့် ကန့်ကွက်ခဲ့ကြ ပါသည်။ ယင်းကဲ့သို့သော ဆန့်ကျင်ကန့် ကွက်မှုများကြောင့် ENSCC ၏ Ethnic Initiative မအောင်မြင်ခဲ့ချေ။

တတိယအချက်မှာ — တချို့သော ဒီမိုကရေစီအင်အားစုခေါင်းဆောင်များက ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလတွင် တိုင်းရင်းသားလူမျိုးများ အဓိကအခန်းကဏ္ဍမှ ပါဝင်ရေးကို မလိုလားမရှုစိမ့်နိုင်ကြပေ။ ထို့ကြောင့် — "နိုင်ငံရေး ပြဿနာကို နိုင်ငံရေးနည်းဖြင့်ဖြေရှင်းရေး" ဟူသောပေါ်လစီကို လက်ခံကြပါလျက်နှင့် "သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲ" ကိုလက်မခံကြပေ။ ထို့ကြောင့် NLD ပြောရေးဆိုခွင့်ရှိသူပုဂ္ဂိုလ်တဦးက "သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲ" ကို လက်မခံကြောင်းနှင့် တိုင်းရင်းသားလူမျိုးများအနေဖြင့် ယခုကာလတွင် ဆိတ်ငြိမ်စွာစောင့်စားသင့်ကြောင်း ပြောကြားသွားခဲ့ ပါသည်။ အမေရိကန်ပြည်ထောင်စုတွင် အခြေစိုက်နေထိုင်နေသော ကျောင်းသားခေါင်းဆောင်တဦးကလည်း — တိုင်းရင်းသားလူမျိုးများအနေဖြင့် "Ethnic Initiative" ယူတာမှားယွင်းကြောင်း၊ ယခုအချိန်တွင် ဒီမိုကရေစီအရေးကိုသာ ဦးစားပေးသင့်ကြောင်း ထုတ်ဖော်ရေးသားခဲ့ပါသည်။

စတုတ္ထအချက်မှာ — တချို့သောဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသားလူမျိုးများထဲမှ ခေါင်းဆောင်တချို့သည် "သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေး" အပါအဝင် — "နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့်ဖြေရှင်းရေး" ဟူသော ပေါ်လစီကို မယုံကြည်ကြပေ။ ရန်သူနှင့်ကိုယ်ကြေသူကြေတိုက်ခိုက်အနိုင်ယူနည်းကိုသာ ယုံကြည်နေကြပါသည်။ တနည်းအားဖြင့်ဆိုပါက — Negotiated Settlement နှင့် A Win-Win Solution ကို မယုံကြည်ဘဲ Zero-Sum Game ကိုသာ လက်ခံနေကြပါသည်။ ထို့ကြောင့် ENSCC ၏ Ethnic Initiative နှင့်တကွ၊ ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသားလူမျိုးများက ကြိုးပမ်းဆောင်ရွက်နေသော "အမျိုးသားပြန်လည် သင့်မြတ်ရေး" "National Reconciliation Process" ကိုလည်း ပယ်ချခဲ့ကြပါသည်။ ထို အမြင်ရှိသူများအနေဖြင့် — ရန်သူနှင့်တွေ့ဆုံဆွေးနွေးရေး ဟူသမျှကိုလည်း တရားသေ ပယ်ချသွားကြပါသည်။ နယ်ဆင်မင်ဒဲလား ပြောဆိုခဲ့သကဲ့သို့ — ငြိမ်းချမ်းရေးကိုရန်သူနှင့်သာ ဆွေးနွေးဖန်တီးရမည်ဖြစ်သောကြောင့်၊ ရန်သူနှင့် တွေ့ဆုံဆွေးနွေးရေးကို ပယ်ချခြင်းသည် နိုင်ငံရေးကို ငြိမ်းချမ်းသောနည်းဖြင့် အဖြေရှာရာတွင် အခက်အခဲဖြစ်စေခဲ့သည်။

ပဉ္စမအချက်မှာ — အသွင်ကူးပြောင်းရေးဖြစ်စဉ် (Process) ကို အများဆုံးအဟန့်အတားဖြစ်စေသောအချက်မှာ — နအဖစစ်အစိုးရအနေဖြင့် "သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေး" အပါအဝင် အဓိပ္ပာယ်ရှိသောနိုင်ငံရေး ဆွေးနွေးမှုအားလုံး ကို ပယ်ချခြင်းပင်ဖြစ်ပါသည်။ ရန်သူအနေဖြင့် — သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲကို လက်မခံနိုင်ခြင်းသည် သူတို့အတွက် အဓိပ္ပာယ်ရှိကောင်းရှိပါလိမ့်မည်။ အကြောင်းမှာ — ရန်သူ၏အားအနည်းဆုံးသော မဟာဗျူဟာမှာ "နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့်ဖြေရှင်းခြင်း" ဖြစ်၍ သူတို့၏အားအသာဆုံးသော မဟာဗျူဟာသည် "စစ်ရေးအပါအဝင် အကြမ်းနည်းဖြင့် တိုက်ခိုက်ချေမှုန်းရေး" ဖြစ်ပါသည်။ ထို့ကြောင့် သူတို့က စစ်မြေပြင်ကိုဖန်တီးရုံသာမက၊ မြို့ပြလူဖမ်းပွဲများကို အစဉ်တစိုက်လုပ်လာခဲ့ခြင်းဖြစ်ပါသည်။ အကြမ်းနည်းဖြင့်သာ ရင်ဆိုင်ပါက သူတို့နိုင်မည်ကို သိရှိနေကြပါသည်။ သို့သော် — မျက်နှာချင်းဆိုင် ဆွေးနွေးပွဲတရပ်သာ ကျင်းပသွားပါက သူတို့နေ့ချင်းညချင်း ရှုံးနိမ့်သွားမည်ကို သေချာ နားလည်ကြပုံရပါသည်။ ထို့ကြောင့် "သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲ" ကို ပယ်ချခြင်းဖြစ်ပါသည်။

မိမိတို့အနေဖြင့် နိုင်ငံရေးမဟာဗျူဟာနှင့် နည်းဗျူဟာများကို ချမှတ်သောအခါ၊ မိမိတို့၏ အားသာချက်နှင့် အားနည်းချက်များကိုသာမက၊ ရန်သူ၏အားနည်းချက်နှင့် အားသာချက်များကိုလည်း ခရေတွင်းစေ့ သိရှိနားလည်ထားရန် လိုအပ်မည်ဖြစ်ပါသည်။ ထိုသို့ စဉ်းစားသောအခါ — သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲ မဟာဗျူဟာသည် မိမိတို့၏ အထက်မြက် ဆုံးလက်နက်ဖြစ်၍၊ တချိန်တည်းတွင် — ယင်းဗျူဟာသည် ရန်သူ၏အားနည်းချက်ကို တည့်မတ်စွာထိုးဖောက်နိုင်ကြောင်း သိမြင်လာရမည်ဖြစ်ပါသည်။ ထို့ကြောင့် — ရန်သူငြင်းပယ်ရုံမျှကို အကြောင်းပြု၍ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေး ပွဲ ပေါ်လစီကို မစွန့်လွှတ်သင့်ပေ။ နိုင်ငံရေးကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းခြင်းပေါ်လစီ၏ စွမ်းပကားအဖြစ်သော်၎င်း၊ တွေ့ဆုံဆွေးနွေး မဟာဗျူဟာအောင်မြင်မှု၏ သက်သေသာဓကတခုအဖြစ်သော်၎င်း၊ ဥပမာ တခုတင်ပြလိုပါသည်။ KNU အဖွဲ့နှင့် KNU ခေါင်းဆောင်ဗိုလ်ချုပ်ကြီးစောဘိုမြတို့ ရန်ကုန်ဆွေးနွေးပွဲခရီး တခေါက်သွားရုံဖြင့် နအဖဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်တကွ စစ်ထောက်လှမ်းရေးတပ်ရင်း တရင်းလုံးကို ပြုတ်ထွက်သွားသည်ကို မည်သူငြင်းချက် ထုတ်မည်နည်း။ နအဖစစ်အစိုးရက ဗိုလ်ချုပ်ကြီးခင်ညွန့်ကို ရာထူးမှဖယ်ရှား၍ ထောင်နန်းစံစေခြင်းသည် "လာဘ်ပေး လာဘ်ယူမှုကြောင့်ဖြစ်သည်" ဟု အကြောင်းပြနေကြပါသည်။ မည်သူ ယုံမည်နည်း။ သေချာစွာဆန်းစစ်ကြည့်ပါက — ဗိုလ်ချုပ်ကြီးခင်ညွန့်ကို ဖြုတ်ချခြင်းသည် — တွေ့ဆုံဆွေးနွေးရေးကို လိုလားလက်ခံသောသဘောထားများကို မကြခဏ ထုတ်ဖော်ပြသခဲ့သောကြောင့် သူသည်နအဖကို ၎င်းတို့၏အင်အားအနည်းပါး ဆုံးအန္တရာယ်စက်ကွင်းထဲသို့ တွန်းပို့သွားမည်ဟု ကျန် နအဖစစ်ဗိုလ်ချုပ် များက စိုးရိမ်သောကြောင့် သူ့ကိုဇာတ်တူသားစားဘ၀ဖြင့် နိဂုံးချုပ်စေခြင်း ပင်ဖြစ်ပါသည်။

**မိမိတို့ဘာဆက်လုပ်ကြမည်နည်း။**

**(က) အသွင်ကူးပြောင်းရေးဖြစ်စဉ် (Process) စတင်ရေး။**

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း မိမိတို့အနေဖြင့် Substance နှင့် ပတ်သက်သော ပြင်ဆင်မှုများကို အကောင်အထည် ပြင်ဆင်နေပြီးဖြစ်ပါသည်။ ထို့ကြောင့် တိုင်းရင်းသားလူမျိုးများကောင်စီအနေဖြင့် — လာမည့်သက်တမ်း

တွင် ဒီမိုကရေစီအသွင်ကူးပြောင်းရေးဖြစ်စဉ် (Process) ဖြစ်ပေါ်လာနိုင်ရေး အတွက် အစွမ်းကုန်ကြိုးပမ်းလုပ်ဆောင်သင့်ပါသည်။ ထိုသို့ လုပ်ဆောင်ရာတွင် Process ကို မိမိတို့ကတဖက်သတ် စတင်ဖော်ဆောင်၍ မရကြောင်း၊ မိမိတို့ ရင်ဆိုင်နေရသော ရန်သူအပါအဝင် အခြားတဖက်မှ အင်အားစုများကလည်း ပါဝင်ရန်လိုအပ်ကြောင်း၊ ၎င်းတို့ပါရှိမှသာ Process စတင်၍ရမည် ဖြစ်ကြောင်းကို နားလည်သဘောပေါက်ရန်လည်း လိုအပ်နေမည်ဖြစ်ပါသည်။

## (ခ) အတွင်းအပြင်ချိတ်ဆက်မှု

အသွင်ကူးပြောင်းရေးဖြစ်စဉ် (Process) စတင်နိုင်ရေးအတွက် မိမိတို့က တဖက်သတ် ဖန်တီးဖော်ဆောင်၍ မရပေ။ ထို့ကြောင့် ပြည်သူလူထုတရပ်လုံး၏ အားပေးထောက်ခံမှု၊ နိုင်ငံတကာအားပေးထောက်ခံမှုများသာမက ပြည်တွင်းရှိ ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသားခေါင်းဆောင်ကြီး များကို မိမိတို့၏အဓိကအင်အားအဖြစ်သဘောထားရမည် ဖြစ်ပါသည်။

ပြည်တွင်းရှိအင်အားစုများကို ချဉ်းကပ်သောအခါတွင်လည်း တိုင်းရင်း သားလူမျိုးခေါင်းဆောင်များနှင့် ဒီမိုကရေစီအင်အားစုခေါင်းဆောင်များကို ချဉ်းကပ်ပုံခြင်း တူချင်မှတူပေလိမ့်မည်။ လက်ရှိအခြေအနေတွင် တိုင်းရင်း သားလူမျိုးစုခေါင်းဆောင်များထဲမှ ခွန်ထွန်းဦးအပါအဝင် အားကိုးအား ထားရသော ခေါင်းဆောင်အတော်များများဖမ်းဆီးထိန်းသိမ်းခြင်း ခံရ သောကြောင့် မိမိတို့အတွက် များစွာအားနည်းနိုင်ပါသည်။ ထို့ပြင် ဒေါ်အောင် ဆန်းစုကြည်အပါအဝင် NLD ခေါင်းဆောင်အများစုကို ဖမ်းဆီးထိန်းချုပ်ထား ခြင်းသည်လည်း မိမိတို့အတွက်မဟာအားနည်းချက်ကြီးဖြစ်စေပါသည်။

သို့ရာတွင် – တဖက်၌လည်းမိမိတို့အတွက် အားတက်စရာဖြစ်သော အချက်မှာ — ရှစ်လေးလုံးကျောင်းသားခေါင်းဆောင်များကို ပြည်လွှတ်ပေးခြင်း နှင့် သူတို့၏အခန်းကဏ္ဍတဖြည်းဖြည်းပြန်လည် အရေးပါလာမှုပင်ဖြစ်ပါသည်။ အထူးသဖြင့် မင်းကိုနိုင်နှင့်ကိုကိုကြီးတို့သည် မိမိတို့တလျှောက်လုံး ကြွေးကြော် လာခဲ့သော "အမျိုးသားပြန်လည်သင့်မြတ်ရေး" နှင့် "နိုင်ငံရေးပြဿနာများကို ငြိမ်းချမ်းစွာတွေ့ဆုံဆွေးနွေးအဖြေရှာခြင်း" များကိုထပ်တူတင်ပြကြပါသည်။ မကြာသေးခင်က လူမှုရေးစာနာအထောက်အကူပေးရေး (Humanitarian Aid) ပါပေးအပ်ရန်တောင်းဆိုလာ ကြပါသည်။ မိမိတို့ တိုင်းရင်းသားလူမျိုးများ

— အထူးသဖြင့် ENSCC က Humanitarian Aid ကို ကန့်သတ်ဘောင် အတွင်း (Condition) ချမှတ်၍ "Cross-Border Assistance" ဖြင့် ပေး၍ သက္ကရာဇ် ၂၀၁၁ မှ စတင်တောင်းဆိုနေ ခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် — မိမိ တို့နှင့်အမြင်သဘောထားခြင်းတူညီသောအင်အားစုများ ပြည်တွင်းတွင်ထွက် ပေါ်လာသည်ကို ဝမ်းသာကြိုဆိုရမည်ဖြစ်ပါသည်။

ထို့အပြင် အပစ်အခတ်ရပ်စဲထားသော လက်နက်ကိုင်တော်လှန်ရေး အင်အားစုများသည် — နည်းမျိုးစုံဖြင့် ဖိအားမျိုးစုံ ပေးမှုခံရသည့်ကြားမှ ကြံ့ကြံ့ခံ၍ ဆက်လက်တိုက်ပွဲဝင်ရန် ကြိုးပမ်းနေကြသည်ကိုတွေ့ရမည်ဖြစ်ပါသည်။ ထို့ကြောင့် — အပစ်အခတ်ရပ်စဲရေးအဖွဲ့အစည်းများနှင့် အချိတ်အဆက်မိမိ လက်တွဲလုပ်ဆောင်သွားရန် ကြိုးပမ်းရမည်ဖြစ်ပါသည်။

## (ဂ) နိုင်ငံတကာစည်းရုံးရေး။

ဒီမိုကရေစီအသွင်ကူးပြောင်းရေး စတင်ဖြစ်ပေါ်လာနိုင်ရေးအတွက် နိုင်ငံတကာစည်းရုံးရေးလုပ်ငန်းများကို ဆထက်ထမ်းပိုး လုပ်ဆောင်သင့်ပါသည်။ တိုင်းရင်းသားလူမျိုးများအနေဖြင့် — နိုင်ငံတကာစည်းရုံးရေးလုပ်ငန်းကို ဆောင်ရွက်ရာ၌ အားနည်းမှုများစွာရှိခဲ့ပါသည်။ တနည်းအားဖြင့်ဆိုရပါက — နိုင်ငံတကာစည်းရုံးရေးလုပ်ငန်းတွင် မိမိတို့တိုင်းရင်းသားလူမျိုးများမှ ကမကထ ပြုလုပ်၍ သီးခြားဆောင်ရွက်သော ခရီးစဉ်မရှိသလောက်နည်းပါးခဲ့သည်ကို တွေ့ရမည်ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတကာစည်းရုံးရေးလုပ်ငန်းကို တိုင်းရင်းသားလူမျိုးများကောင်စီမှ ကကထပြု၍ လုပ်ဆောင်ရန်လိုအပ် လာမည်ဖြစ်ပါသည်။ နိုင်ငံတကာစည်းရုံးရေးလုပ်ငန်းကို မည်သို့မည်ပုံဆောင်ရွက်သင့်ကြောင်း — နိုင်ငံတကာအခြေ အနေနှင့်တကွ ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ပါသည်။

## (၃) နိုင်ငံတကာအခြေအနေ

အထက်တွင်ဆိုခဲ့သည့်အတိုင်း ဒီမိုကရေစီအသွင်ကူးပြောင်းရေး ဖြစ်ပေါ်လာနိုင်ရေးအတွက် နိုင်ငံတကာ၏အကူအညီကို များစွာလိုအပ်လျက်ရှိနေပါသည်။ သို့ရာတွင် နိုင်ငံတကာစည်းရုံးရေးလုပ်ငန်းကို စဉ်းစားသောအခါ

အပိုင်းနှစ်ပိုင်းခွဲ၍ စဉ်းစားတွေးခေါ်ရန်လိုအပ်လာမည် ဖြစ်ပါသည်။ ပထမမှာ — မိမိတို့တိုင်းပြည်တွင်ရင်ဆိုင်နေရသော နိုင်ငံရေးအကြပ်အတည်းပြဿနာ ဖြေရှင်းရေးဖြစ်၍ အခြားတပိုင်းမှာ — ထိုနိုင်ငံရေးအကြပ်အတည်းများကို ဖြေရှင်းရေးအတွက် တွေ့ဆုံဆွေးနွေးသည့် ဖြစ်စဉ်ဖြစ်ပါသည်။ တနည်းအားဖြင့် ဆိုပါက ပထမပိုင်းသည် Substance နှင့်ဆက်စပ်၍ ဒုတိယပိုင်းသည် Process နှင့်ပတ်သက်နေပါသည်။

ဤနေရာတွင် ရှင်းရှင်းလင်းလင်းမြင်ထားရမည့်အချက်မှာ — ပထမ အပိုင်းဖြစ်သည့် မိမိတို့ရင်ဆိုင်ကြုံတွေ့နေရသည့် နိုင်ငံရေးအကြပ်အတည်း ပြဿနာများကို နိုင်ငံခြားတိုင်းတပါးသားများ လာရောက်ဖြေရှင်းခိုင်း၍ရမည် မဟုတ်ပေ။ ပြည်ထောင်စုအတွင်း ရင်ဆိုင်ကြုံတွေ့နေရသော ပြဿနာများကို မိမိတို့ပြည်ထောင်သားများကသာ ရင်ဆိုင်ဖြေရှင်း ရမည်ဖြစ်ပါသည်။ ထို့ကြောင့် Substance ကိစ္စနှင့်စပ်လျဉ်း၍ နိုင်ငံတကာ၏အကူအညီကိုရယူရန် မလိုအပ်ပေ။ ယင်းသည် မိမိတို့ကိုယ်တိုင်ဖြေရှင်း ရမည့်တာဝန်သာ ဖြစ်ပါသည်။

သို့ရာတွင် အသွင်ကူးပြောင်းရေးဖြစ်စဉ် (Process) စတင်နိုင်ရေး အတွက် နိုင်ငံတကာအကူအညီကို မလွဲမသွေရယူရမည် ဖြစ်ပါသည်။ အကြောင်းမှာ — မိမိတို့ရင်ဆိုင်ရုန်းကန်နေသော အရေးတော်ပုံကြီးသည် အခြေအနေအမျိုးမျိုးကြောင့် သာမန်ပြည်တွင်းရေးပြဿနာတခုမျှသာ မဟုတ်တော့ဘဲ နိုင်ငံတကာပြဿနာအသွင်ကို ဆောင်လာနေပြီဖြစ်ပါသည်။ အထူးသဖြင့် — ရှစ်လေးလုံးအရေးတော်ပုံကြီးဖြစ်ပွားပြီးသည့်နောက်ပိုင်း ဖြစ်ပေါ်ပြောင်းလဲနေသော နိုင်ငံရေးအခြေအနေကြောင့် — စစ်အစိုးရ၏နည်းမျိုးစုံသော ဖိနှိပ်ညှင်းပန်းမှုဒဏ်ကို မခံနိုင်ဘဲ ထွက်ပြေးလာရသောဒုက္ခသည်များ၊ တိုင်းပြည်စီးပွားရေးချွတ်ခြုံကျဆင်းမှုကြောင့် အိမ်နီးချင်းနိုင်ငံများတွင် ခိုလုံလုပ်ကိုင်စားသောက်နေထိုင်ကြသော တရားမဝင်အလုပ်သမားများ၊ အရူမမတောင့်သဖြင့်သီလမစောင့်နိုင်ကြသော နောက်ဆက်တွဲပြဿနာ အဖြစ်ကပ်ပါလာသော HIV/AIDS အပါအဝင် ကူးစက်ပြန့်ပွားတတ်သော ရောဂါမျိုးစုံနှင့် အနှစ်ငါးဆယ်ပြည်တွင်းစစ်ကြီး၏ ဆိုးမွေတခုဖြစ်သော မူးယစ်ဆေးဝါး၊ စသည့် စသည့် ပြဿနာများသည် သာမန်ပြည်တွင်းရေးကိစ္စ မဟုတ်တော့ပေ။ ဒေသဆိုင်ရာ ပြဿနာ၊ နိုင်ငံတကာပြဿနာတခုဖြစ်လာ နေပါသည်။

အခြားတဖက်တွင်လည်း — နအဖစစ်အစိုးရအနေဖြင့် ၎င်းတို့၏ အာဏာဆက်လက်ထိန်းသိမ်းနိုင်ရေးအတွက် တရားသည်၊ မတရားသည်ကို မစဉ်းစားဘဲ တိုင်းပြည်ကို ထုခွဲရောင်းစားနေသောကြောင့် ဖြစ်ပေါ်လာသော ပြဿနာများလည်း ရှိနေပါသည်။ ၎င်းတို့အနက် ထင်ရှားသောအချက်မှာ — တိုင်းပြည်၏ မြေပေါ်မြေအောက်သယံဇာတပစ္စည်းများကို လက်ညှိုးထိုး ရောင်းစားမှုကြောင့် ဖြစ်ပေါ်လာသော နိုင်ငံတကာရင်းနှီးမြှုပ်နှံမှု၊ စစ်အာဏာ ရှင်စနစ် ထိန်းသိမ်းနိုင်ရေးအတွက် တရုတ်ပြည်မှရယူထားသော စစ်လက်နက် ပစ္စည်း၊ ဘိန်းဘုရင်ခွန်ဆာအပါအဝင် မူးယစ်ဆေးဝါးလုပ်ငန်းကို လုပ်စားနေ သော ဘိန်းဘုရင်များနှင့် နအဖစစ်အစိုးရတို့မှ အပေးအယူလုပ်၍ ၎င်းတို့၏ ငွေမဲများကို ငွေဖြူလုပ်ပေးခြင်းဖြင့် ရရှိသောဒေါ်လာငွေများ ... ... စသည် စသည်တို့သည် နအဖစစ်အစိုးရကို အာဏာတန်ခိုးတည်မြဲစေရုံသာမက၊ ကျနော်တို့ တိုင်းပြည်၏နိုင်ငံရေး အကြပ်အတည်းပြဿနာများကို ဖြေရှင်းရာ၌ အခက်အခဲများစွာ ရှိစေလာပါသည်။ ယင်းပြဿနာများကို သာမန်ပြည်တွင်း ရေး ပြဿနာတရပ်အနေဖြင့် ဖြေရှင်း၍မရတော့ပေ။ နိုင်ငံတကာ ရှုဒေါင့်မှ ကိုင်တွယ်ဖြေရှင်းရန်လိုအပ်လာပါသည်။

ရှစ်လေးလုံးအရေးတော်ပုံကြီးအပြီး မိမိတို့၏နိုင်ငံတကာစည်းရုံးရေး လှုပ်ရှားမှုများကို ပြန်လည်ဆန်းစစ်သောအခါ စစ်အစိုးရ၏လူ့အခွင့်အရေး ချိုးဖောက်မှု၊ ဖွံ့ဖြိုးရေးကိုအကြောင်းပြ၍ မတရားသဖြင့်ပြည်သူလူထုတို့၏ အိုးအိမ်ဖျက်ဆီးမှု၊ ရပ်ရွာများ အတင်းအဓမ္မရွှေ့ပြောင်းမှု၊ တိုင်းရင်းသားလူမျိုး များနေထိုင်ရာဒေသများတွင် စစ်ရေးကိုအကြောင်းပြ၍ ပေါ်တာဆွဲမှု၊ တိုင်းရင်း သူအမျိုးသမီးများအား အဓမ္မပြု မုဒိမ်းကျင့်မှု၊ ဗုဒ္ဓဘာသာမဟုတ်သော အခြားဘာသာတရား — အထူးသဖြင့် ခရစ်ယန်နှင့် မူဆလင် — များကို ညှင်းပန်းနှိပ်စက်ပိတ်ပင်မှု ... ... စသည်များကို နိုင်ငံတကာတွင်ဖွင့်ချ၍ ဆန့် ကျင်ကန့်ကွက်မှုများ ထိရောက်အောင်မြင်စွာပြုလုပ်နိုင်သည်ကို တွေ့ရမည် ဖြစ်ပါသည်။ ထို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဒီမိုကရေစီရေး လှုပ်ရှား မှုနှင့် လူ့အခွင့်အရေးတိုက်ပွဲများကို ကမ္ဘာ့ကုလသမဂ္ဂ၊ ဥရောပနိုင်ငံများသမဂ္ဂ (EU)၊ အမေရိကန်ပြည်ထောင်စု၊ဂျပန်စသော နိုင်ငံတကာအဖွဲ့အစည်းများ နှင့် ဒီမိုကရေစီနိုင်ငံများက အပြည့်အဝထောက်ခံအားပေးရုံသာမက ဥရောပ နှင့် မြောက်အမေရိကရှိ မြို့ကြီးများအပြင် အာဆီယံနိုင်ငံရှိ မြို့တော် နီးပါးတိုင်း တွင် မိမိတို့အရေးကို တစိုက်မတ်မတ်လုပ် ဆောင်ပေးသည့် အဖွဲ့အစည်းများ

(Burma Campaign Groups) ပေါ်ထွန်းလာနေပါသည်။ ထို့ကြောင့် တချို့ ပညာရှင်များက မိမိတို့၏လှုပ်ရှားမှုကို “နိုင်ငံတကာစည်းရုံးရေးစွမ်းဆောင် ရာ၌ သမိုင်းတွင်လောက်အောင် အောင်မြင်မှုရှိနေပါသည်” ဟု ကောက်ချက် ချနေကြပါသည်။

သို့ရာတွင် မိမိတို့၏နိုင်ငံတကာလှုပ်ရှားမှုများသည် ဒီမိုကရေစီရေးနှင့် လူ့အခွင့်အရေးချိုးဖောက်မှု ဆန့်ကျင်ကန့်ကွက်သည့် အပိုင်းတွင် အောင်မြင်မှု ရရှိသလောက်၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို အစဖော်ဆောင်ပေးခြင်း မရှိသေးပေ။ အကြောင်းမှာ မိမိတို့ ၏ နိုင်ငံတကာစည်းရုံးလှုပ်ရှားမှု (International Campaign) သည် — စစ်အစိုးရ ၏လူမဆန်သောလုပ်ရပ်များနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို နိုင်ငံတကာအင်အားဖြင့် ပြစ်တင်ရှုတ်ချခြင်း၊ ဝိုင်းဝန်းဆန့်ကျင်ခြင်း၊ စစ်အစိုးရကို နိုင်ငံတကာအသိုင်းအဝိုင်းမှ ထုတ်ပယ်ရှောင်ကျဉ်စေခြင်းများသာမက စီးပွားရေးပိတ်ဆို့မှုများနှင့် သံတမန် ပိတ်ဆို့မှုများကိုသာ အဓိကလုပ်ဆောင်ခဲ့ခြင်းကြောင့် ဖြစ်တန်ရာ၏။

ထို့ကြောင့် မိမိတို့၏နိုင်ငံတကာစည်းရုံးလှုပ်ရှားမှု မဟာဗျူဟာ (International Campaign Strategy) ကိုပြန်လည် သုံးသပ်၍ နည်းနှစ်သွယ်ဖြင့် ပြန်လည်ချဉ်းကပ်ရန် လိုအပ်မည်ဟုသုံးသပ်မိပါသည်။ ပထမတမျိုးမှာ ယခင် လုပ်ဆောင်လက်စအတိုင်း နအဖစစ်အစိုးရအပေါ် ဖိအားပေးခြင်းဖြစ်၍ ယင်းကို နိုင်ငံတကာရှိကျောင်းသားအဖွဲ့အစည်းများ၊ လူငယ် အဖွဲ့အစည်းများနှင့် အခြားအခြားသော လူမှုအဖွဲ့အစည်းများကို မိမိတို့သက်ဆိုင်ရာအဖွဲ့အစည်း အလိုက်လုပ်ဆောင်ခြင်း၊ တနည်းအားဖြင့် Pressure Groups များက ဖိအားပေးသည့် လုပ်ငန်းများကို ဆက်လက်လုပ်ဆောင် ခြင်း ဖြစ်ပါသည်။

ဒုတိယတမျိုးမှာ—နိုင်ငံတကာအစိုးရများ— အထူးသဖြင့်အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ဥပမာ အာဆီယံ၊ အီးယူ၊ ယူအဲန် စသည်များကို ဦးတည်စည်းရုံး၍ အသွင်ကူးပြောင်းရေးစတင်နိုင်ရေး အတွက် နည်းလမ်းရှာဖွေရေးပင်ဖြစ်ပါသည်။ ဆိုလိုသည်မှာ — အသွင်ကူးပြောင်းရေး ဖြစ်စဉ် (Process) အစပြုနိုင်ရေးအတွက် နိုင်ငံတကာအင်အားစုများ၏ အကူအညီကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ရယူခြင်းပင်ဖြစ်ပါသည်။

အသွင်ကူးပြောင်းရေးဖြစ်စဉ် (Process) အစပြုနိုင်ရန် နိုင်ငံတကာ အကူအညီကို နည်းလမ်းနှစ်မျိုးဖြင့် ရယူနိုင်ပါသည်။ ပထမတမျိုးမှာ — နိုင်ငံတကာ အစိုးရများနှင့် အဖွဲ့အစည်းများကို စုပေါင်း၍ချဉ်းကပ်သောနည်း (Multilateral Approach) ၊ အခြားတမျိုးမှာ — နိုင်ငံတကာအစိုးရများ နှင့် အဖွဲ့အစည်းများကို သီးခြားစီဖြင့် တခုချင်းချဉ်းကပ်သောနည်း (Unileteral Approach) ပင်ဖြစ်ပါသည်။ မိမိတို့အနေဖြင့် Unilateral Approach ရော၊ Multilateral Approach ပါ နည်းလမ်းနှစ်သွယ်ကို ကျင့်သုံးရန်လိုအပ်မည် ဟု ယူဆမိပါသည်။

စုပေါင်းချဉ်းကပ်နည်း (Multi-lateral Approach) ဟု ဆိုရာ၌ ယခင် Bangkok Process ကဲ့သို့သော နိုင်ငံပေါင်းစုံနှင့် နိုင်ငံတကာအဖွဲ့အစည်း များပါဝင်သည့် ချဉ်းကပ်မှုမျိုးဖြစ်ပါသည်။ ထိုသို့ လုပ်ဆောင်နိုင်ရန် အာဆီယံနိုင်ငံများ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ အီးယူ၊ အမေရိကန်နှင့် ယူအဲန် စသည် တို့ကို ပြိုင်တူချဉ်းကပ်၍ မိမိတို့တိုင်းပြည်တွင် ဒီမိုကရေစီအသွင်ကူးပြောင်း ရေး စတင်နိုင်ရေးကို ဝိုင်းဝန်းအဖြေရှာသောနည်း ဖြစ်ပါသည်။ ထိုသို့ အဖြေရှာရာ၌ လည်း International and/or Regional Forum on Burma စသည့်အစည်းအဝေးများနှင့် နှီးနှောဖလှယ်ပွဲများဖြင့် စတင်သင့်ပါသည်။

Unilateral Apporah ဆိုသည်မှာ — နိုင်ငံတခု ချင်း၊ နိုင်ငံတကာအဖွဲ့ အစည်းတခုချင်းကို မိမိတို့နိုင်ငံအရေးတွင် သူတို့စိတ်ပါဝင်စားလာအောင် လုပ်ဆောင်သောနည်းဖြစ်ပါသည်။ အထူးသဖြင့် — မိမိတို့၏အိမ်နီးချင်း နိုင်ငံများကို ဤနည်းဖြင့် စတင်ချဉ်းကပ်သင့်ပါသည်။ မိမိတို့တိုင်းပြည်တွင် ကြုံတွေ့ရသော နိုင်ငံရေးအကြပ်အတည်းကြောင့် အိမ်နီးချင်းနိုင်ငံများ၏ အမျိုးသားလုံခြုံရေးနှင့် (National Security) နှင့် အကျိုးစီးပွား (National Interest) မည်မျှ ထိခိုက်ကြောင်း၊ ထို့ကြောင့် မိမိတို့တိုင်းပြည်တွင် ဒီမိုက ရေစီနှင့် နိုင်ငံတော်ကိုငြိမ်းချမ်းစွာထူထောင်ခြင်းအားဖြင့် မည်မျှမည်ရွေ့ နှစ်ဦးနှစ်ဖက် အကျိုးရှိကြောင်း ရှင်းလင်းတင်ပြသောချဉ်းကပ်နည်းဖြစ်ပါသည်။ ဥပမာ — ထိုင်းနိုင်ငံတွင် မူးယစ်ဆေးဝါး နှိမ်နင်းရေးစစ်ပွဲ (War on Drug) ကိုဆင်နွှဲနေသော်လည်း မူးယစ်ဆေးဝါးထုတ်လုပ်ရာ မူလရင်းမြစ်သည် မြန်မာနိုင်ငံ ဖြစ်သောကြောင့် ၊ မြန်မာနိုင်ငံတွင် ဒီမိုကရေစီမထွန်းကားမခြင်း၊ ပြည်တွင်းငြိမ်းချမ်းရေးမရမခြင်း၊ မူးယစ်ဆေးဝါး ပြဿနာကင်းရှင်း၍ ရမည်မဟုတ်ကောင်းကို ရှင်းလင်းတင်ပြပြီး၊ ဒီမိုကရေစီအရေးတော်ပုံကို

အားပေးစေသော နည်းလမ်း မျိုးဖြစ်ပါသည်။ ထိုနည်းတူ — အိန္ဒိယနိုင်ငံ၏ အမျိုးသားအကျိုးစီးပွား (National Interest) ဖြစ်သော သဘာဝဓါတ်ငွေ့၊ တရုတ်၏ အကျိုးစီးပွားဖြစ်သော ယူနန်နယ်မှ ပင်လယ်ရေကြောင်းထွက်ပေါက် ရရှိရေး … စသည်များကို ချဉ်းကပ်ဆွေးနွေး၍ မိမိတို့ဖက်ပါလာရေးကို ဆွဲဆောင်သင့်ပါသည်။

မိမိတို့အနေဖြင့် Unileteral Approach နှင့် Multilateral Approach နှစ်မျိုးစလုံးကို ပြိုင်တူကျင့်သုံးသင့်ပါသည်။ နိုင်ငံတကာ တခုချင်း၊ နိုင်ငံတကာအဖွဲ့အစည်းတခုချင်းကို ပထမစည်းရုံးနားချ၍ စည်းရုံး၍ရရှိလာသော နိုင်ငံများစုပေါင်းသည့် နိုင်ငံတကာဖြစ်စဉ်များကိုလည်း ထပ်ဆင့်ဖန်တီးနိုင်ပါသည်။ ဤနည်းဖြင့် နိုင်ငံပေါင်းစုံ၊ နိုင်ငံတကာအဖွဲ့အစည်းပေါင်းစုံ ပါဝင်သော ဖြစ်စဉ် (Process) တခုဖြစ်လာနိုင်ပါသည်။ ထိုသို့လုပ်ဆောင်ရာတွင် နိုင်ငံတခုခုမှ စတင်ဆောင်ရွက်ပေးမှုရမည် … ဟု ယောင်ယမ်းမျှော်ကိုး၍မရချေ။ မိမိတို့ ကိုယ်တိုင်အစပျိုး (Initiative) ယူ၍ လုပ်ဆောင်ရပါလိမ့်မည်။

အထက်တွင်ဆိုခဲ့သည့်အတိုင်း တိုင်းရင်းသားလူမျိုးများကောင်စီအနေဖြင့် နိုင်ငံတကာစည်းရုံးရေးလုပ်ငန်းကို ယနေ့တိုင် တစိုက်မတ်မတ်ဆောင်ရွက်နိုင်ခြင်းမရှိသေးပေ။ ထို့ကြောင့်လာမည့်သက်တမ်းအတွင်း — ဒီမိုကရေစီ အသွင်ကူးပြောင်းရေးဖြစ်စဉ် အမှန်တကယ်ဖြစ်ပေါ်လာနိုင်သည့်အထိ နိုင်ငံတကာစည်းရုံးရေးကို မရမကလုပ်ဆောင်သင့်ပါသည်။

## နိဂုံးချုပ်

တိုင်းရင်းသားလူမျိုးများကောင်စီ (ENC) သည် တိုင်းရင်းသားလူမျိုး များ သွေးစည်းညီညွတ်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ (ENSCC) ကို အသွင်ပြောင်းထားသော ပြည်နယ်ပေါင်းစုံမှ နိုင်ငံရေးတပ်ပေါင်းစုများနှင့် လူမျိုးပေါင်းစုံဖြင့် ပူးပေါင်းဖွဲ့စည်းထားသော ကောင်စီတရပ်ဖြစ်ပါသည်။ ထို့ကြောင့် ENC ၏ နိုင်ငံရေးလုပ်ပိုင်ခွင့် (Mandate) များသည် ENSCC မှ အမွေဆက်ခံထားသည်ဆိုပါက မှားမည်မထင်ပေ။

ENSCC ၏ နိုင်ငံရေးလုပ်ပိုင်ခွင့် (Mandate) များမှာ — နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရေးဟူသော "မူ" ကိုခံယူလျှက် သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲ ဖြစ်ပေါ်လာရေးအတွက် တိုင်းရင်းသားလူမျိုး

ပေါင်းစုံမှ ပူးပေါင်းဆောင်ရွက်ရန်၊ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲ ဖြစ်ပေါ်လာပါက တိုင်းရင်းသားလူမျိုးပေါင်းစုံလိုလားသော နိုင်ငံရေးစနစ်ဖန်တီးနိုင်ရေးအတွက် ပြင်ဆင်မှုများပြုလုပ်ရန်နှင့် ငြိမ်းချမ်း၍တရားမျှတသော ဒီမိုကရေစီအသွင်ကူးပြောင်းရေး ချောမွေ့စွာ ဖြစ်ပေါ်လာရေး ဝိုင်းဝန်းကြိုးပမ်းရန် ဟူသောအချက်များ ပါဝင်ခဲ့ပါသည်။ ထိုအချက်များကို သေချာစွာလေ့လာသုံးသပ်ကြည့်မည်ဆိုပါက — ENSCC နှင့် ENC တို့သည် ဒီမိုကရေစီအသွင်ကူး ပြောင်းရေးဖြစ်စဉ် (Democratic Transation Process) ဖြစ်ပေါ်လာနိုင်ရေးအတွက် တိုင်းရင်းသားလူမျိုးပေါင်းစုံမှ လက်တွဲတိုက်ပွဲ ဝင်ရန်ဖွဲ့စည်းထားသောအဖွဲ့အစည်း ဖြစ်ကြောင်းကို တွေ့ရမည်ဖြစ်ပါသည်။

ထိုကြောင့် ပြည်နယ်ပေါင်းစုံနှင့် တပ်ပေါင်းစုများမှ ကိုယ်စားလှယ်များကိုအခြေခံ၍ အသစ်ဖွဲ့စည်းသွားမည့် တိုင်းရင်းသားလူမျိုးများကောင်စီအနေဖြင့်လည်း — လာမည့်သက်တမ်းအတွင်း ဒီမိုကရေစီအသွင်ကူးပြောင်းရေးဖြစ်စဉ် (Process) စတင်နိုင်ရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်လာမည်ဖြစ်ပါသည်။

ဒီမိုကရေစီအသွင်ကူးပြောင်းရေးဖြစ်စဉ် (Process) အမြန်ဆုံးစတင်နိုင်ရန် — အတွင်းအပြင်ဟန်ချက်ညီညီ လုပ်ဆောင်သွားရေး၊ နိုင်ငံတကာရှိ တိုင်းရင်းသားလူမျိုးများနှင့် ဒီမိုကရေစီအင်အားစုများအကြား သွေးစည်းညီညွတ်ရေးကို ပိုမိုခိုင်မာအောင် တည်ဆောက်ရေး၊ နိုင်ငံတကာအစိုးရများနှင့် အဖွဲ့အစည်းများ၏အကူအညီများကိုရယူလျှက် နအဖစစ်အစိုးရ နှင့် တွေ့ဆုံဆွေးနွေးပွဲအမြန်ဆုံးဖြစ်ပေါ်လာရေးတို့ကို ကြိုးပမ်းဆောင်ရွက်သင့်ပါသည်။ ထို့အပြင် နိုင်ငံတကာအစိုးရများနှင့်အဖွဲ့အစည်းများ အထူးသဖြင့် — အိမ်နီးချင်းနိုင်ငံများဖြစ်ကြသော တရုတ်၊ အိန္ဒိယ၊ ဂျပန်နှင့် အာဆီယံနိုင်ငံများ အပါအဝင် အမေရိကန်ပြည်ထောင်စု၊ အီးယူနှင့် ကမ္ဘာ့ကုလသမဂ္ဂတို့ ပါဝင်သော ပြည်ထောင်စုမြန်မာနိုင်ငံအရေးနှင့်စပ်လျဉ်းသည့် နိုင်ငံတကာဆွေးနွေးပွဲများ ဖြစ်ပေါ်ရေးကို မရမကကြိုးပမ်းသင့်ပါကြောင်း တင်ပြလိုက်ရပါသည်။

**ဒေါက်တာဆလိုင်းလျန်မှုန်း ဆာခေါင်း**
**အထွေထွေအတွင်းရေးမှူး**
**တိုင်းရင်းသားလူမျိုးများကောင်စီ**
**(ပြည်ထောင်စုမြန်မာနိုင်ငံ)**

တိုင်းရင်းသားလူမျိုးများကောင်စီ

(ပြည်ထောင်စုမြန်မာနိုင်ငံ)

မဟာဗျူဟာညှိနှိုင်းအစည်းအဝေးသို့ တင်သွင်းသော
အထွေထွေအတွင်းရေးမှူး၏

# လုပ်ငန်းအစီရင်ခံစာ

၂၀၀၆ ခုနှစ် ဇွန်လ (၂၁–၂၃) ရက်

# တိုင်းရင်းသားလူမျိုးများကောင်စီ

## (ပြည်ထောင်စုမြန်မာနိုင်ငံ)

## မဟာဗျူဟာညှိနှိုင်းအစည်းအဝေးသို့ တင်သွင်းသော အထွေထွေအတွင်းရေးမှူး၏ လုပ်ငန်းအစီရင်ခံစာ

**နိဒါန်း**

တိုင်းရင်းသားလူမျိုးများကောင်စီ (ပြည်ထောင်စုမြန်မာနိုင်ငံ) သည် ဒီမိုကရေစီရေး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်ရှိရေးအတွက် တိုင်းရင်းသားလူမျိုးပေါင်းစုံမှ နိုင်ငံရေးတပ်ပေါင်းစုများ၊ လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများ သာမက လူထုအခြေပြု အခြေပြုအဖွဲ့အစည်းများဖြစ်သည့် အမျိုးသမီးနှင့် လူငယ်အဖွဲ့အစည်းများဖြင့် ပူးပေါင်းဖွဲ့စည်းထားသော ပြည်ထောင်စုအတွင်းရှိ ဌာနေတိုင်းရင်းသားလူမျိုးပေါင်းစုံတို့၏ **"ကောင်စီ"** တရပ်ပင်ဖြစ်ပါသည်။ ထို့ကြောင့် တိုင်းရင်းသားလူမျိုးများကောင်စီ၏ နိုင်ငံရေးရည်မှန်းချက်များမှာ —

(၁) စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး
(၂) အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်ရရှိရေး
(၃) ဒီမိုကရေစီနိုင်ငံတော်ထူထောင်ရေး နှင့်
(၄) စစ်အာဏာရှင်စနစ် ဖျက်သိမ်းရေး တို့ဖြစ်ပါသည်။

တိုင်းရင်းသားလူမျိုးများကောင်စီက ရွေးချယ်ပေးသော နိုင်ငံရေးမဟာဗျူဟာမှာ — နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရေး တည်းဟူသည့် **"သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေး"** ပင်ဖြစ်ပါသည်။

**တိုင်းရင်းသားလူမျိုးများကောင်စီကို ဖွဲ့စည်းရန်ကြိုးပမ်းမှုအဆင့်ဆင့်**

တိုင်းရင်းသားလူမျိုးများကောင်စီကို ပြည်ထောင်စုတဝှမ်းလုံးရှိ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့၏ စုစည်းရာ "ကောင်စီ" ကြီး အဖြစ်ရပ်တည်နိုင်ရေးအတွက် အဆင့်ဆင့်သော ကြိုးပမ်းမှုများကို ပြုလုပ်ခဲ့ပါသည်။ ထိုသို့သော ကြိုးပမ်းမှုများ ပြုလုပ်ရာတွင် နိုင်ငံရေးမဟာဗျူဟာအရ အခြေခံသော "မူ" တခုမှာ "သုံးပွင့်

ဆိုင်တွေ့ဆုံဆွေးနွေးပွဲ” တွင် တိုင်းရင်းသား လူမျိုးများအားလုံး လိုလားသော နိုင်ငံရေးတောင်းဆိုမှုကို တိုင်းရင်းသားအသံတသံတည်း “One Ethnic Voice” ဖြင့်တောင်းဆိုရေး ဟူသော “မူ” ဖြင့် စတင်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။

သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲအတွက် တိုင်းရင်းသားလူမျိုးများ၏ ပြင်ဆင်မှုမှာ ပထမခြေလှမ်းတရပ်အနေဖြင့် သက္ကရာဇ် ၂၀၀၁ ခုနှစ် မတ်လတွင် တိုင်းရင်းသားလူမျိုးများ၏ အဓိက နိုင်ငံရေးတပ်ပေါင်းစုကြီး (၂) ခုဖြစ်သော UNLD(LA) နှင့် NDF တို့၏ ကြိုးပမ်းမှုဖြင့် “UNLD-NDF Joint Action Committee” တရပ်ကို ဖွဲ့စည်းနိုင်ခဲ့ပါသည်။ ထိုနှစ် ဩဂုတ်လထဲတွင် ကျင်းပခဲ့သော “ဒုတိယအကြိမ်မြောက် တိုင်းရင်းသားလူမျိုးများ နီးနှောဖလှယ်ပွဲ” တွင် UNLD-NDF Joint Action Committee ကို ပိုမိုကျယ်ပြန့်သော ကော်မတီဖြစ်သည့် “တိုင်းရင်းသားလူမျိုးများသွေးစည်း ညီညွတ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ” (ENSCC) အဖြစ် တိုးမြှင့်ဖွဲ့စည်းနိုင်ခဲ့ပါသည်။

လော်ခီးလာစခန်းတွင် ကျင်းပခဲ့သော ဒုတိယအကြိမ်မြောက်တိုင်းရင်းသားလူမျိုးများနီးနှောဖလှယ်ပွဲမှ ချမှတ်ပေးသည့် ENSCC ၏ နိုင်ငံရေးလုပ်ပိုင်ခွင့် (Mandate) များမှာ —

- To undertake pro-active and constructive action to bring about a peaceful resolution to the political conflict in Burma through a dialogue process involving the SPDC, the NLD led by Daw Aung San Suu Kyi, and the ethnic nationalities, as dialogue partners;
- To consult widely, cooperation, and work closely with all stakeholders in Burma and with the international community, international bodies and agencies, the UN, and humanitarian organizations to resolve the grave humanitarian cries in Burma, which most seriously affect the ethnic nationalities population;
- To strive to facilitate an orderly and peaceful democratic transition in Burma, and to rebuild the country in accordance with the spirit of Panglong, which is based on the principle of Equality, Self-determination, Democracy and Justice.

ထို Mandate များကိုအခြေခံ၍ ENSCC မှ ပင်လုံစိတ်ဓါတ်ကို အခြေခံသော ပြည်ထောင်စုပြန်လည် တည်ဆောက်ရေးစီမံချက် "The New Panglong Initiative: Rebuilding the Union of Burma" နိုင်ငံရေးလှုပ်ရှားမှုကြီးကို လုပ်ဆောင်နိုင်ခဲ့ပါသည်။ ထိုမှတဆင့် သက္ကရာဇ် ၂၀၀၃ ခုနှစ် စက်တင်ဘာလတွင် ENSCC မှ နိုင်ငံရေးလမ်းပြမြေပုံဖြစ်သော "Road Map for Rebuilding the Union of Burma" ကိုလည်း ထုတ်ပြန်နိုင်ခဲ့ပါသည်။

## ENSCC မှ ENC အဖြစ်သို့တိုးမြှင့်ဖွဲ့စည်းခြင်း

ENSCC မှ နိုင်ငံရေးလမ်းပြမြေပုံ (Political Road Map) ကိုထုတ်ပြန်ခဲ့ခြင်း အပေါ် အမျိုးမျိုးသောဝေဖန်မှုများ ပြုလုပ် ခဲ့ကြပါ သည်။ တချို့အမြင်မှာ — ENSCC ၏ နိုင်ငံရေး Mandate သည် သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲ ဖြစ်ပေါ်လာရေးနှင့် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရေးသာဖြစ်သောကြောင့် — နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရေးနှင့် သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲဖြစ်ပေါ်လာရေးအတွက် မရှိမဖြစ်လိုအပ်သော နိုင်ငံရေးလမ်းပြမြေပုံကို ထုတ်ပြန်သင့်ကြောင်း အခိုင်အမာထောက်ခံ သွားခဲ့ကြပါသည်။

တချို့အမြင်မှာမူ — ENSCC သည် ကော်မတီတရပ်မျှသာဖြစ်သောကြောင့် နိုင်ငံရေးလမ်းပြမြေပုံကို ထုတ်ပြန်ခွင့်၊ ၎င်းကိစ္စနှင့်ပတ်သက်သော သတင်းစာရှင်းလင်းပွဲလုပ်ပိုင်ခွင့် လုံးဝမရှိကြောင်းနှင့် ထိုသို့လုပ်ဆောင်ခြင်းသည် "တပ်ဦးကျော်ခြင်း" ဖြစ်ကြောင်း၊ သက္ကရာဇ် ၂၀၀၃ ခုနှစ် နိုဝင်ဘာလတွင် NDF ဌာနချုပ်ရုံး၌ ကျင်းပခဲ့သော အစည်းအဝေးတရပ်တွင် အကြီးအကျယ် ဝေဖန်ကန့်ကွက်မှုများ ပြုလုပ်ခဲ့ပါသည်။ ထိုသို့ ဝေဖန်ကန့်ကွက်ခဲ့ရုံသာမက — ENSCC ကိုပါ လိုအပ်ပါက ဖျက်သိမ်းပစ်ရန် လိုအပ်ကြောင်း၊ ထို့ကြောင့် "တိုင်းရင်းသားလူမျိုးများနီးနှောဖလှယ်ပွဲ" ကို အမြန်ဆုံးခေါ်ယူ၍ ဤကိစ္စကို ဆွေးနွေးရန်လိုအပ်ကြောင်း အဆိုပြုသွားခဲ့ပါသည်။

ထိုအဆိုပြုချက်အရ — တတိယအကြိမ် "တိုင်းရင်းသားလူမျိုးများနီးနှောဖလှယ်ပွဲ" ကို သက္ကရာဇ် ၂၀၀၄ ခုနှစ် ဇန်နဝါရီလ (၂၈) ရက်မှ ဖေဖော်ဝါရီလ (၂) ရက်နေ့အထိ လော်ခီးလာစခန်းတွင် ကျင်းပခဲ့ပါသည်။ ထို နီးနှောဖလှယ်ပွဲသို့ တက်ရောက် လာကြသော တိုင်းရင်းသားလူမျိုးပေါင်းစုံမှ ကိုယ်စားလှယ်

အသီးသီးက ENSCC ကိုဖျက်သိမ်းခြင်းထက်၊ နိုင်ငံရေးအရ လုပ်ပိုင်ခွင့် (Mandate) ပို၍မြင့်မားသော **“ကောင်စီ”** တရပ်ကို ဖွဲ့စည်းသင့်ကြောင်း တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ပါသည်။ ထို ဆုံးဖြတ်ချက်နှင့်အညီ — “တိုင်းရင်းသားလူမျိုးများကောင်စီ (ပြည်ထောင်စုမြန်မာနိုင်ငံ)” ကို တိုင်းရင်းသားလူမျိုးပေါင်းစုံတို့၏ စုစည်းရာကောင်စီကြီးအဖြစ် ဖွဲ့စည်းနိုင်ခဲ့ခြင်း ဖြစ်ပါသည်။

တတိယအကြိမ်မြောက် တိုင်းရင်းသားလူမျိုးများနီးနှောဖလှယ်ပွဲကြီးတွင် “တိုင်းရင်းသားလူမျိုးများကောင်စီ” (Ethnic Nationalities Council – ENC) ကိုအခိုင်အမာ ဖွဲ့စည်းနိုင်ခဲ့ရုံသာမက ထိုကောင်စီကို တနှစ်အတွင်း — ပြည်နယ် အခြေခံမှုဖြင့် ပြန်လည်ဖွဲ့စည်းသွားရန် — ဟူသော ဆုံးဖြတ်ချက်ကိုလည်း ချမှတ်နိုင်ခဲ့ပါသည်။ ထို့အပြင် ENC ကို ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက် (၄) ရပ်ကိုလည်း အခိုင်အမာအတည်ပြု နိုင်ခဲ့ပါသည်။

## ပြည်နယ်အခြေခံ “မှု” ဖြင့် ဖွဲ့စည်းထားသော “တိုင်းရင်းသားလူမျိုးများကောင်စီ” (State-based ENC)

တတိယအကြိမ် တိုင်းရင်းသားလူမျိုးများနီးနှောဖလှယ်ပွဲကြီး၏ ဆုံးဖြတ်ချက်အတိုင်း — တိုင်းရင်းသားလူမျိုးများကောင်စီ ကို ပြည်နယ်အခြေခံမှု (State-based) ဖြင့် ဖွဲ့စည်းနိုင်ရေးအတွက် စတုတ္ထအကြိမ် တိုင်းရင်းသားလူမျိုးများညီလာခံကို သက္ကရာဇ် ၂၀၀၅ ခုနှစ် ဧပြီလ (၂၇) ရက်မှ မေလ (၁) ရက်အထိ လော်ခီးလာစခန်းတွင် ကျင်းပနိုင်ခဲ့ပါသည်။

စတုတ္ထအကြိမ် တိုင်းရင်းသားလူမျိုးများညီလာခံကြီးတွင် တိုင်းရင်းသားလူမျိုးများကောင်စီကို ပြည်နယ်အခြေခံမှုဖြင့် ဖွဲ့စည်းနိုင်ရေးအတွက်၊ **“တိုင်းရင်းသားလူမျိုးများကောင်စီ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ”** ကိုလည်း တညီတညွတ်တည်း အတည်ပြုပြဋ္ဌာန်း နိုင်ခဲ့ပါသည်။ ထို ဖွဲ့စည်းပုံအရ — တိုင်းရင်းသားလူမျိုးများကောင်စီကို ပြည်နယ်များဖြင့် အခြေခံ၍ ဖွဲ့စည်းရန်နှင့် လက်ရှိနိုင်ငံရေးလိုအပ်ချက်အရ — တိုင်းရင်းသားလူမျိုးများ၏ တပ်ပေါင်းစုကြီး (၂) ခု ဖြစ်သော အမျိုးသား ဒီမိုကရေစီတပ်ပေါင်းစု (NDF) နှင့် ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများဒီမိုကရေစီအဖွဲ့ချုပ် (UNLD-LA) တို့ကို လည်း ပူးတွဲပါဝင်စေရန် ဆုံးဖြတ်ခဲ့ပါသည်။

တိုင်းရင်းသားလူမျိုးများကောင်စီ၏ ဖွဲ့စည်းပုံအရ — ပြည်နယ်တခုစီမှ ကိုယ်စားလှယ် (၅) ဦးစီစေလွှတ်ကြရန် ဆုံးဖြတ်ခဲ့ပြီး၊ လူမျိုးပေါင်းစုံရောနှောနေထိုင်သော ရှမ်းပြည်နယ်ကိုမူ — လိုအပ်ချက်အရ ကိုယ်စားလှယ် (၈) ဦး စေလွှတ်ရန် ခွင့်ပြုထားပါသည်။ သို့သော် နိုင်ငံရေးဆုံးဖြတ်ချက်များကို ချမှတ်သောအခါတွင် ပြည်နယ်များတန်းတူရေးအခြေခံမူဖြင့် — **"ပြည်နယ်တခု မဲတခုမူ"** ကို ကျင့်သုံးပါသည်။ ထို့ကြောင့် တိုင်းရင်းသားလူမျိုးများကောင်စီ၏ ဗဟိုအလုပ်အမှုဆောင် ကော်မတီတွင် ပြည်နယ်တခုစီမှ ကိုယ်စားလှယ် တဦးစီသာ ပါဝင်ခွင့်ပြုထားပါသည်။ နိုင်ငံရေးတပ်ပေါင်းစုများဖြစ်သော NDF နှင့် UNLD(LA) များကိုမူ ကိုယ်စားလှယ် (၃) ဦးစီ၊ ၎င်းတို့အထဲမှ တဦးစီကို ဗဟိုအလုပ်အမှုဆောင် ကော်မတီတွင် ပါဝင်ခွင့်ပြုထားပါသည်။

တိုင်းရင်းသားလူမျိုးများကောင်စီ၏ ဖွဲ့စည်းပုံတွင် အမျိုးသမီးနှင့် လူငယ်များအပါအဝင် လူထုအခြေပြုအဖွဲ့အစည်းများနှင့် နိုင်ငံရေးလှုပ်ရှားမှုတွင် ပါဝင်လာရေးသာမက၊ နိုင်ငံရေးအဆုံးအဖြတ်ပေးရာတွင်ပါ အခွင့်အာဏာများရရှိရေးအတွက် အထူးစီမံ ဆောင်ရွက်ပေးထားပါသည်။ ထို့ကြောင့် ပြည်နယ်တခုချင်းစီမှ စေလွှတ်သောကိုယ်စားလှယ်များတွင် နိုင်ငံရေးပါတီကိုယ်စားလှယ်များသာမက၊ အမျိုးသမီးအဖွဲ့အစည်းများကို ကိုယ်စားပြုသည့် ကိုယ်စားလှယ်တဦး၊ လူငယ် အဖွဲ့အစည်းများကို ကိုယ်စားပြုသည့် ကိုယ်စားလှယ်တဦး ပါဝင်စေရမည်ဟု ENC ၏ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ပြဋ္ဌာန်းထားပါသည်။

တိုင်းရင်းသားလူမျိုးများကောင်စီ၏ နိုင်ငံရေးရည်မှန်းချက်များကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်သောအခါ ပိုမိုထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် လုပ်ငန်းကော်မတီ (၅) ရပ်ကိုလည်း အောက်ပါအတိုင်းဖွဲ့စည်း ထားပါသည်။ ၎င်းတို့မှာ —

(၁) နိုင်ငံတကာရေးရာကော်မတီ

(၂) ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာကော်မတီ

(၃) မဟာဗျူဟာလေ့လာရေးကော်မတီ

(၄) စီးပွားရေးစီမံကိန်းရေးရာကော်မတီ

(၅) စည်းရုံးရေးနှင့် ပြန်ကြားရေးရာကော်မတီ တို့ဖြစ်ကြပါသည်။

တိုင်းရင်းသားလူမျိုးများကောင်စီကို ကျစ်လစ်ခိုင်မာစွာ ဖွဲ့စည်းနိုင်ရေး အတွက် ပြည်နယ်အသီးသီးနှင့် တပ်ပေါင်းစုများ၏ ကိုယ်စားလှယ်များကို ရွေး ချယ်တင်မြှောက်နိုင်ရေးအတွက် (၃) လအချိန်ပေးခဲ့ပါသည်။ ထိုကြောင့် စတုတ္ထ အကြိမ် တိုင်းရင်းသားလူမျိုးများညီလာခံကျင်းပပြီး (၃) လအကြာ၊ သက္ကရာဇ် ၂၀၀၅ ခုနှစ် စက်တင်ဘာလ (၁၉ –၂၁) ရက်တွင် တိုင်းရင်းသားလူမျိုးများ ကောင်စီဖွဲ့စည်းရေး အစည်းအဝေးကိုကျင်းပခဲ့ပြီး၊ တိုင်းရင်းသားလူမျိုးများ ကောင်စီ၏ ကောင်စီဝင်များ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ၊ လုပ် ငန်းကော်မတီ (၅) ခုမှ ကော်မတီဝင်များကို ရွေးချယ် တာဝန်ပေးအပ်နိုင်ခဲ့ ပါသည်။

ENC အနေဖြင့် ဆက်လက်ဆောင်ရွက်ရန် လိုအပ်နေသေးသော အချက် မှာ — တိုင်းရင်းသားလူမျိုးများကောင်စီသို့ ကိုယ်စားလှယ် ပေးပို့နိုင်ခြင်းမရှိ သေးသော ပြည်နယ်များမှ ကိုယ်စားလှယ်အပြည့်အဝ ပေးပို့ရေးနှင့် ဗဟို အလုပ်အမှု ဆောင်ကော်မတီကို ကော်မတီဝင်အစုံအလင်ဖြင့် ဖွဲ့စည်းနိုင်ရေး၊ ENC နှင့် ၎င်း၏အခြေခံအဖွဲ့အစည်းများဖြစ်သော State-coordinating Body များ၊ တပ်ပေါင်းစုများနှင့် ပူးပေါင်းဆောင်ရွက်မှုပိုမိုပြင်စွာ ဖန်တီးလုပ် ဆောင်ရေးတို့ပင် ဖြစ်ပါသည်။

## တိုင်းရင်းသားလူမျိုးများကောင်စီဖွဲ့စည်းရာတွင် ကြုံတွေ့ခဲ့ရသော အခက်အခဲများ

တတိယအကြိမ် တိုင်းရင်းသားလူမျိုးများနှီးနှောဖလှယ်ပွဲ ဆုံးဖြတ်ချက်အရ — တိုင်းရင်းသားလူမျိုးများကောင်စီကို ပြည်နယ်အခြေခံမှုဖြင့် ဖွဲ့စည်းရန် ရည် ရွယ်ထားပါသည်။ ထိုကြောင့် ပြည်နယ်အခြေခံမှုသည် — တိုင်းရင်းသား လူမျိုးများကောင်စီဖွဲ့စည်းခြင်း၏ အခြေခံအကျဆုံးသော ဖွဲ့စည်းမှုပုံသဏ္ဌာန် ဖြစ်ပါသည်။ သို့သော် စတုတ္ထအကြိမ် တိုင်းရင်းသားလူမျိုးများ ညီလာခံကြီးတွင် အတည်ပြုပြဋ္ဌာန်းခဲ့သော တိုင်းရင်းသားလူမျိုးများကောင်စီ၏ ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ နိုင်ငံရေးတပ်ပေါင်းစုများဖြစ်သော NDF နှင့် UNLD(LA) တို့ကို လည်း လက်ရှိနိုင်ငံရေးလိုအပ်ချက်အရ ပူးပေါင်း ပါဝင်စေခဲ့ပါသည်။ ထို့ကြောင့် တိုင်းရင်းသားလူမျိုးများကောင်စီ၏ ဖွဲ့စည်းပုံမှာ၊ နိုင်ငံရေးရည်မှန်းချက်အရ

— ပြည်နယ် အခြေခံမူဖြစ်၍၊ နိုင်ငံရေးလိုအပ်ချက်အရ — ပြည်နယ်အခြေခံမူနှင့် တပ်ပေါင်းစုအခြေခံမူ (၂) ရပ်တို့ကို ပေါင်းစပ်ထားသော ဖွဲ့စည်းပုံဖြစ်ကြောင်း တွေ့ရမည်ဖြစ်ပါသည်။ ယင်းသည် နိုင်ငံရေးလိုအပ်ချက်အရ — ညှိနှိုင်းပေါင်းစပ်ခြင်း (Compromise လုပ်ခြင်း) ပင်ဖြစ်ပါသည်။

ထိုသို့ နိုင်ငံရေးလိုအပ်ချက်အရ — ပြည်နယ်အခြေခံမူနှင့် တပ်ပေါင်းစုအခြေခံမူ (၂) ရပ်ကို ပေါင်းစပ်ရာတွင် အစွန်းထွက်ဝါဒကို ကိုင်စွဲကြသော အဖွဲ့အစည်းအချို့၏ အမြင်ကြောင့် — ENC ကိုဖွဲ့စည်းရာတွင် အခက်အခဲရှိစေခဲ့ပါသည်။ ပထမအစွန်းထွက် အမြင်မှာ — တိုင်းရင်းသားလူမျိုးများကောင်စီကို **"ပြည်နယ်အခြေခံမူ"** ဖြင့် နိုင်ငံရေးအရ ဖွဲ့စည်းရခြင်းဖြစ်သောကြောင့် — တပ်ပေါင်းစုများပါဝင်ခြင်း မရှိသင့်ကြောင်း တင်ပြကြပါသည်။ ထိုအမြင်ကို တင်ပြ သောအဖွဲ့အစည်းမှာ — Restoration Council of Shan State (RCSS) ဖြစ်သည်။ ထိုကြောင့် ENC နှင့် RCSS အကြား အမြင်ချင်းဖလှယ်၍ အကောင်းဆုံးသော ညှိနှိုင်းမှုများဖြင့် လက်တွဲပူးပေါင်းဆောင်ရွက်ရေးကို လက်တွေ့ အကောင်အထည်ဖော်နိုင်ရန် သက္ကရာဇ် ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ (၆) ရက်နှင့် (၇) ရက်နေ့များတွင် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့ပါသည်။ ထိုဆွေးနွေးမှုရလာဒ်အဖြစ် RCSS မှ ENC ဖွဲ့စည်းရေးကို ထောက်ခံအားပေးကြောင်းနှင့် ENC ၏အစည်းအဝေးများတွင် ကိုယ်စားလှယ်တဦးကို အမြဲတမ်းစေလွှတ်မည်ဖြစ်ကြောင်း၊ ထို့အပြင် ENC တွင် ရှမ်းပြည်မှ ရှမ်းမဟုတ်သော တိုင်းရင်းသားကိုယ်စားလှယ်များ ပါဝင်စေလွှတ်ရေးကိုလည်း ကန့်ကွက်မည်မဟုတ်ကြောင်း၊ ENC ၏ ရှမ်းပြည်ကိုယ်စားလှယ်တွင် ရှမ်း ပါဝင်လာရေးကိုလည်း ဆက်လက်ညှိနှိုင်းရန်၊ ကိုယ်စားလှယ်စေလွှတ်နိုင်ရေးအတွက် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဆွေးနွေးပွဲတွင် သဘောတူညီချက် ရရှိနိုင်ခဲ့ပါသည်။

အခြား အစွန်းထွက်ဝါဒ တခုမှာ — တိုင်းရင်းသားလူမျိုးများကောင်စီကို ပြည်နယ်အခြေခံမူဖြင့် ဖွဲ့စည်းခြင်းသည် — "တပ်ဦးကွဲခြင်း" ဖြစ်သောကြောင့် လက်ရှိကာလတွင် ENC ကို ပြည်နယ်အခြေခံမူဖြင့် မဖွဲ့စည်းပဲ၊ တပ်ပေါင်းစုအခြေခံမူဖြင့်သာ ဖွဲ့စည်းသင့်ကြောင်း တင်ပြကြပါသည်။ တပ်ပေါင်းစုအစွန်းရောက်ဝါဒကို ကိုင်စွဲသူများအနေဖြင့် — ENC တပ်ပေါင်းစုဖြစ်လာရေးကို စိုးရိမ်သည့်အပြင်၊ ENC ကို ကောင်စီအဆင့်၌ပင် မဖွဲ့စည်းပဲ၊ စုရပ် Forum အဆင့်မျှဖြင့်သာ ဖွဲ့စည်းသင့်ကြောင်း တင်ပြခဲ့ကြပါသည်။ ထိုအမြင်ကို တင်ပြသူများသည် NDF ထဲမှ ခေါင်းဆောင်တချို့ပင် ဖြစ်ပါသည်။ ထို့ကြောင့် —

သက္ကရာဇ် ၂၀၀၆ ခုနှစ် ဧပြီလ (၂၀) ရက်မှ (၂၂) ရက်နေ့အထိကျင်းပခဲ့သော ဆဌမအကြိမ်မြောက် NDF ညီလာခံမှ — ENC သို့ ကိုယ်စားလှယ်မစေလွှတ်ရေးကို ဆုံးဖြတ်ခဲ့ပါသည်။

သို့ရာတွင် NDF အနေဖြင့် ENC သို့ ကိုယ်စားလှယ်စေလွှတ်ပေးပို့ခြင်း မပြုလုပ်နိုင်သေးသော်လည်း၊ NDF အဖွဲ့ဝင်များအနေဖြင့် တဖွဲ့ချင်းအလိုက် မိမိတို့ပြည်နယ်အသီးသီးမှ ENC သို့ ကိုယ်စားလှယ်များအဖြစ် ပါဝင်စေလွှတ်နိုင်ကြောင်း သဘောတူဆုံးဖြတ်ထားသဖြင့်၊ NDF သည် ENC ၏ ပြည်နယ်အခြေခံမှုကို ကန့်ကွက်ခြင်းမရှိ၊ ထောက်ခံ အားပေးကြောင်း အသိအမှတ်ပြုနိုင်ပါသည်။

ENC ကိုဖွဲ့စည်းရာတွင် အခြားကြုံတွေ့နေရသော အခက်အခဲများမှာ ပြည်နယ်တခုချင်းစီအတွင်း ကိုယ်စားလှယ်များကို ရွေးချယ်ရာတွင် ညှိနှိုင်းတိုင်ပင်မှုအချိန်လိုအပ်နေခြင်း၊ တချို့ပြည်နယ်များအတွင်းရှိ နိုင်ငံရေးအဖွဲ့အစည်းများအနေဖြင့် — ENC ၏ အခြေခံမှုအပေါ်တွင် မရှင်းမလင်းရှိနေသေးခြင်း၊ ENC တွင် လက်ရှိနိုင်ငံရေးလိုအပ်ချက်အရ တပ်ပေါင်းစုများ ပါဝင်နေခြင်းကို လက်မခံနိုင်သေးခြင်းတို့ပင် ဖြစ်ပါသည်။ ထို့ကြောင့် လက်ရှိ ENC တွင် ပြည်နယ်အားလုံးမှ ကိုယ်စားလှယ်အပြည့် စေလွှတ်နိုင်ခြင်း မရှိသေးသော ပြည်နယ်များလည်း ရှိနေပါသည်။ ထို့ကြောင့် ENC ၏ CEC ကို ဖွဲ့စည်းရာတွင် ရှမ်းပြည်နယ် ကိုယ်စားလှယ်၊ မွန်ပြည်နယ် ကိုယ်စားလှယ်နှင့် NDF ကိုယ်စားလှယ်များ ပါဝင်နိုင်ခြင်း မရှိသေးပေ။

ခြုံ၍ သုံးသပ်ကြည့်ပါက တချို့ပြည်နယ်များမှ ကိုယ်စားလှယ်အပြည့် စေလွှတ်နိုင်ခြင်းမရှိသေးသော်လည်း ကိုယ်စားလှယ် လုံးလုံးလျားလျားစေလွှတ်ခြင်းမရှိသော ပြည်နယ်ဟူ၍ မရှိပေ။ ထိုကြောင့် ENC ကို ပြည်နယ်အခြေခံမှုဖြင့် ဖွဲ့စည်းရာတွင် — အင်္ဂါရပ်စုံလင်သည်ဟု သုံးသပ်နိုင်ပါသည်။ တပ်ပေါင်းစုဖက်တွင်မူ UNLD(LA) က ကိုယ်စားလှယ် အပြည့်စေလွှတ်သော်လည်း၊ NDF က ကိုယ်စားလှယ်စေလွှတ်ရန် ငြင်းဆန်နေသောကြောင့် တပ်ပေါင်းစုအခြေခံမှု အောင်မြင်မှု အပြည့်အဝမရှိကြောင်း သုံးသပ်နိုင်ပါသည်။

## ENC မှ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်သော လုပ်ငန်းများ

### (က) ရုံးနှင့် ပြန်ကြားရေးလုပ်ငန်း

သက္ကရာဇ် ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ (၃) ရက်မှ (၅) ရက်နေ့အထိ မဲဟောင်ဆွန်မြို့တွင် ကျင်းပခဲ့သော ENC ၏ ဗဟိုအလုပ်အမှုဆောင်ကော်မတီ ပထမအကြိမ်သုံးလပတ်ပုံမှန်အစည်းအဝေးနှင့် ၎င်းအစည်းအဝေး၏ နောက်ဆက်တွဲအဖြစ် ကျင်းပခဲ့သော ဖေဖော်ဝါရီလ (၈) ရက်နေ့တွင် ချင်းမိုင်မြို့တွင် ကျင်းပခဲ့သော အစည်းအဝေးဆုံးဖြတ်ချက်များအရ၊ ENC ၏ ရုံးစာရေးများ ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။ ထို ဆုံးဖြတ်ချက်နှင့်အညီ — ဝန်ထမ်းရွေးချယ်ရေးကော်မရှင် တရပ်ကိုလည်း (၁) စောဒေးဗစ်တော (၂) နန်းဆိုင်နောင့် (၃) ဒေါက်တာ ရွှေခါးရ် တို့ဖြင့်ဖွဲ့စည်းပြီး — လျှောက်လွှာတင်သွင်းသူများထဲမှ — နာမီးရှဲ နှင့် ယိင်းလုံတို့ကို အငယ်တန်းဝန်ထမ်းများအဖြစ် ရွေးချယ်ခန့်အပ်ခဲ့ပါသည်။ ENC ၏ အထက်တန်းစာရေး (Senior Staff) ခန့်ထားရေးအတွက် ENC အကြံပေးပုဂ္ဂိုလ် ဟန်ညောင်ဟွေနှင့် စောဒေးဗစ်တော ကိုတာဝန်ပေးအပ်ပြီး၊ Dr. Achan Mungleng (Ph.D) ကို ရွေးချယ်တာဝန်ပေးအပ်ခဲ့ပါသည်။ ထို ဝန်ထမ်းများသည် သက္ကရာဇ် ၂၀၀၆ ခု ဧပြီလမှ စတင်၍ လုပ်ငန်းတာဝန်များကို စတင်ထမ်းဆောင်နေပြီး ဖြစ်ပါသည်။

ENC ၏ ပြန်ကြားရေးကိစ္စရပ်ကို စွမ်းစွမ်းတမံဆောင်ရွက်နိုင်ရန် ENC Website တခု တည်ဆောက်ရန်လည်း ဆုံးဖြတ်ခဲ့ပါသည်။ ထို ဆုံးဖြတ်ချက်နှင့်အညီ — ENC ဝန်ထမ်းသစ်များကို Website သင်တန်းတလတိတိ ENC ရုံး၌ပင် ပို့ချပေးနိုင်ခဲ့ပါသည်။ ယခုအခါ ENC Website Construction အားလုံးပြီးစီးပြီဖြစ်၍ စတင်လည်ပတ်နိုင်တော့မည် ဖြစ်ကြောင်း တင်ပြအစီရင်ခံအပ်ပါသည်။

### (ခ) နိုင်ငံတကာစည်းရုံးရေးခရီးစဉ်များ

တိုင်းရင်းသားလူမျိုးများကောင်စီမှ နိုင်ငံတကာစည်းရုံးရေးခရီးစဉ်များ၏ ရည်ရွယ်ချက်များမှာ — မိမိတို့၏ မဟာဗျူဟာ ရည်မှန်းချက်ဖြစ်သော "သုံးပွင့်ဆိုင်

တွေ့ဆုံဆွေးနွေးပွဲ” ဖြစ်ပေါ်လာရေးအတွက် နိုင်ငံတကာ၏ကူညီပံ့ပိုးမှု ရရှိရေး ပင်ဖြစ်ပါ သည်။ တနည်းအားဖြင့်ဆိုပါက ပြည်ထောင်စုမြန်မာနိုင်ငံတွင် “ဒီမိုကရေစီအသွင်ကူးပြောင်းရေးအစီအစဉ်” (Democratic Transition Process) စတင်နိုင်ရေးအတွက် နိုင်ငံတကာ၏ အထောက်အကူရရှိရေးကို ရရှိအောင် ကြိုးပမ်းဆောင်ရွက်ခြင်း ပင်ဖြစ်ပါသည်။

တိုင်းရင်းသားလူမျိုးများကောင်စီမှ ချမှတ်ထားသော “သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲ” မဟာဗျူဟာသည် ၁၉၉၄ ကမ္ဘာ့ကုလသမဂ္ဂအထွေထွေ ညီလာခံ ဆုံးဖြတ်ချက်အပေါ်တွင် အခြေခံခဲ့ပါသည်။ ကမ္ဘာ့ကုလသမဂ္ဂအထွေထွေ ညီလာခံ ဆုံးဖြတ်ချက် ပိုမိုခိုင်မာရေးနှင့် လက်တွေ့အကောင်အထည်ဖော်နိုင်ရေးအတွက် တိုင်းရင်းသားလူမျိုးများကောင်စီနှင့် ENSCC တို့က အစဉ်တစိုက် ကြိုးပမ်းခဲ့ပါသည်။ ယင်းကြိုးပမ်းမှုများအနက် — ကမ္ဘာ့ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်ဖြစ်ခဲ့သူ မစ္စတာရာဇာလီအစ်ဇမေး၏ ကြိုးပမ်းမှု (Mission) အောင်မြင်ရေးအတွက် ထောက်ခံအားပေးခြင်း၊ သူကိုယ်တိုင်နှင့်သော်လည်းကောင်း၊ သူ၏ အထူးကိုယ်စားလှယ်ဖြစ်သူ Mr. Leon နှင့် မကြာခဏ တွေ့ဆုံခြင်းဖြင့် သော်လည်းကောင်း ENC ၏သဘောထားနှင့် အမြင်များကို တင်ပြဆွေးနွေး ခဲ့ပါသည်။

ထို့အပြင် UN General Assembly ၏ ဆုံးဖြတ်ချက်ကို ပိုမိုခိုင်မြဲအောင် UN Security Council မြန်မာပြည်၏အရေးကို တင်သွင်းသင့်ကြောင်း သက္ကရာဇ် ၂၀၀၁ မတ်လတွင် ENSCC ကိုယ်စားလှယ်များက UN Under General Secretary of Political Affair Mr. Danielo Turk ထံ လူကိုယ်တိုင်သော်လည်းကောင်း၊ စာဖြင့် သော်လည်းကောင်း တင်ပြခဲ့ပါသည်။ ၂၀၀၄ ခုနှစ် အောက်တိုဘာလ (၃၀) ရက်နေ့တွင် အမေရိကန်ပြည်ထောင်စုက ပြည်ထောင်စုမြန်မာနိုင်ငံ၏ အရေးကို UN Security Council သို့တင်သွင်းရန် ကြိုးပမ်းမှုကို လှိုက်လှဲစွာထောက်ခံ ကြောင်းနှင့် ထိုသို့ဖြစ်မြောက်လာရေးအတွက် မိမိတို့ဖက်မှ အတတ်နိုင်ဆုံး ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ကြေညာချက်ထုတ်ပြန်နိုင်ခဲ့ပါသည်။

သက္ကရာဇ် ၂၀၀၅ ခုနှစ် စက်တင်ဘာလ (၂၅) ရက်နေ့တွင် ENC မှ UN Security Council တွင် ပြည်ထောင်စု မြန်မာနိုင်ငံအရေးကို တင်သွင်းသင့်ကြောင်း ထုတ်ပြန်ကြေညာချက်တစောင် ထပ်မံထုတ်ပြန်ခဲ့ပါသည်။ ထို

ထုတ်ပြန်ကြေညာချက်တွင် ဘုန်းတော်ကြီး ဒက်မွန်တူးတူးနှင့် ချက်သမ္မတ ဗားကလက်ဟာဗယ်တို့၏ကြိုးပမ်းမှုကို ထောက်ခံကြောင်းနှင့် လုံခြုံရေးကောင်စီ၏ အမြဲတမ်းအဖွဲ့ဝင်များဖြစ်ကြသော အမေရိကန်ပြည်ထောင်စု၊ အင်္ဂလန်၊ ပြင်သစ်၊ တရုတ်နှင့် ရုရှားနိုင်ငံများအနေဖြင့် မိမိတို့၏အရေးကို ထောက်ခံအားပေးပါမည့်အကြောင်း မေတ္တာရပ်ခံသည့်အပြင် တရုတ်နိုင်ငံ အနေဖြင့် ဗီတိုအာဏာသုံးစွဲ၍ ပယ်ချခြင်းမပြုလုပ်ပါရန်လည်း ထပ်လောင်း မေတ္တာရပ်ခံခဲ့ပါသည်။

ENC အနေဖြင့် ဆက်လက်ကြိုးပမ်းရမည့်အဆင့်မှာ — ဗမာပြည် အရေးကို UN Security Council သို့တင်သွင်း သောအခါ "သုံးပွင့်ဆိုင်တွေ့ဆုံ ဆွေးနွေးပွဲ" ဖြစ်ပေါ်လာရေးအတွက် မည်သို့မည်ပုံ ဆောင်ရွက်သင့်ကြောင်း UN သို့ စည်းရုံးရေးခရီး သွားရန်လိုအပ်မည်ဖြစ်ပါသည်။

ခြုံ၍သုံးသပ်ပါက ENC ၏ နိုင်ငံတကာကြိုးပမ်းမှုများသည် — သုံးပွင့် ဆိုင်တွေ့ဆုံဆွေးနွေးပွဲ — ဖြစ်ပေါ်လာရေးအတွက် ကမ္ဘာ့ကုလသမဂ္ဂ အထွေ ထွေညီလာခံဆုံးဖြတ်ချက်ကို လုံခြုံရေးကောင်စီသို့ ဆက်တင်သွင်းအကောင် အထည်ဖော် နိုင်ရေးပင် ဖြစ်ပါသည်။ ထို ကြိုးပမ်းမှုများနှင့် ဆက်စပ်၍ ENC မှတာဝန်ရှိပုဂ္ဂိုလ်များက နိုင်ငံတကာခရီးစဉ်များကို အဆက်မပြတ်သွား ရောက် ပြီး နိုင်ငံတကာမိသားစုများကို စည်းရုံးခဲ့ပါသည်။ ထို ခရီးစဉ်များအနက် —

(၁) သက္ကရာဇ် ၂၀၀၆ ခုနှစ် ဇန်နဝါရီလ (၃၀) ရက်နေ့တွင် ဆွီဒင်နိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးမှ ကမကထပြု၍ ပြည်ထောင်စုမြန်မာနိုင်ငံ၏အရေးကို ဆွေးနွေးသော အထူးအစည်းအဝေး၊ ထို အစည်းအဝေးသို့ ENC အကြံ ပေးပုဂ္ဂိုလ် ဟန်ညောင်ဝေ နှင့် အထွေထွေအတွင်းရေးမှူး ဒေါက်တာ လျန်မှုန်းဆာခေါင်းတို့က တက်ရောက်ခဲ့ကြပါသည်။

(၂) ENC ၏ ဥရောပခရီးစဉ်တွင် ENC အကြံပေးပုဂ္ဂိုလ် ဟန်ညောင်ဝေ၊ နိုင်ငံတကာရေးရာကော်မတီ နန်းဆိုင်နော်င့် တို့အပါအဝင် KNU မှ စောဆာကဲ၊ SDU မှ စိုင်းဝမ်းဆိုင် တို့ပါဝင်၍ ဘယ်လဂျီယံ၊ ဩစတြီးယား၊ ပိုလန်၊ အီတလီ နှင့် အင်္ဂလန်နိုင်ငံများသို့ သွားရောက်၍ စည်းရုံးရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

(၃) သက္ကရာဇ် ၂၀၀၆ ခု ဖေဖော်ဝါရီလ (၉–၁၄) ရက်များတွင် ENC အထွေ ထွေအတွင်းရေးမှူး၏ ဂျပန်ခရီးစဉ်၌ ဂျပန်နိုင်ငံတွင် ရောက်ရှိနေကြသော

တိုင်းရင်းသားလူမျိုးများပေါင်းစုံမှ ကြီးမှူးကျင်းပသည့် (၅၉) နှစ်မြောက် ပြည်ထောင်စုနေ့တွင် အထူးဧည့်သည်တော်အဖြစ် မိန့်ခွန်းပြောကြားခဲ့ပြီး၊ ဖေဖော်ဝါရီ (၁၃) ရက်နေ့တွင် ဂျပန် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အာရှရေးရာဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

(၄) သက္ကရာဇ် ၂၀၀၆ ခုနှစ် မတ်လ (၂၉–၃၀) ရက်များတွင် Burma Forum 2006, Brussels (Euro-Burma Office) နှင့် European Institute of Asia Studies တို့မှ ကြီးမှူးကျင်းပသော Seminar သို့ ENC ကိုယ်စားလှယ်များအဖြစ် အထွေထွေအတွင်းရေးမှူး ဒေါက်တာ လျန်မှုန်း ဆာခေါင်း၊ ENC နိုင်ငံတကာရေးရာတာဝန်ခံ စော ဒေးဗစ်တောနှင့် ကောင်စီဝင် ဒေါ်ရှယ်လီဆိုင်း တို့က တက်ရောက်ခဲ့ပြီး၊ ENC ပေါ်လစီနှင့် လုပ်ငန်းစဉ်များကို တင်ပြဆွေးနွေးခဲ့ပါသည်။

(၅) သက္ကရာဇ် ၂၀၀၆ ခု ဧပြီလ (၆) ရက်တွင် ဒိန်းမတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ခေါ်ယူကျင်းပသော ပြည်ထောင်စု မြန်မာနိုင်ငံအရေး အထူးအစည်းအဝေးတွင် ENC အကြံပေးပုဂ္ဂိုလ် ဟန်ညောင်ဝှေ၊ နိုင်ငံခြားရေးတာဝန်ခံ စောဒေးဗစ်တောနှင့် ကောင်စီဝင် ဒေါ်ရှယ်လီဆိုင်း တို့က တက်ရောက်ခဲ့ကြပါသည်။ ထို အစည်းအဝေးတွင် ဒိန်းမတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ကိုယ်တိုင်တက်ရောက်အားပေးခဲ့ပါသည်။

(၆) သက္ကရာဇ် ၂၀၀၆ ခု ဧပြီလ (၂၇) ရက်မှ မေလ (၃) ရက်တွင် ENC ကိုယ်စားလှယ်များအနေဖြင့် အိန္ဒိယနိုင်ငံတွင် အခြေစိုက်နေကြသော အဖွဲ့အစည်းများ — အထူးသဖြင့် ANC နှင့် CNC တို့နှင့် တွေ့ဆုံဆွေးနွေးရေးအတွက် စည်းရုံးရေးခရီးစဉ် တခုလုံးကိုသွားရောက်ရင်း အိန္ဒိယနိုင်ငံ၏ ပါလီမန်အမတ်များနှင့် ဧပြီလ (၂၉) ရက်တွင် တွေ့ဆုံဆွေးနွေးပွဲများ ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။ ထို ခရီးစဉ်တွင် ENC အကြံပေးပုဂ္ဂိုလ် ဟန်ညောင်ဝှေ၊ အထွေထွေ အတွင်းရေးမှူး ဒေါက်တာလျန်မှုန်းဆာခေါင်း၊ နိုင်ငံခြားရေးတာဝန်ခံ စောဒေးဗစ်တော၊ ဒေါက်တာရွှေခါးရ်နှင့် လုပ်ငန်းကော်မတီဝင် ဗစ်တာပျက်လျန် တို့အပါအဝင် KNU မှ ဗိုလ်ချုပ်မူတူးနှင့် General Isaac တို့လိုက်ပါခဲ့ ကြပါသည်။

(၇) ENC ၏ နိုင်ငံတကာရေးရာကော်မတီဝင်တဦးဖြစ်သူ ဒေါက်တာ ရွှေခါးရ်သည် အခြားလုပ်ငန်းတခုဖြင့် နယူးယော့ခ် မြို့ရှိ ကမ္ဘာ့

ကုလသမဂ္ဂဌာနချုပ်ရုံးသို့ ရောက်ရှိခဲ့ပါသည်။ ထိုခရီးစဉ်တွင် အခွင့်အရေးကြုံကြိုက်၍ ENC ကိုယ်စားလှယ်အနေဖြင့် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ရုံးမှ Under General Secretary of Political Affair Committee, Mr. Ibrahim Gambari နှင့် Mr. Hitoki Den တို့နှင့် တွေ့ဆုံဆွေးနွေးခွင့်ကို ရရှိခဲ့ပြီး၊ ENC ၏ ပေါ်လစီ များကို တင်ပြခွင့်ရရှိခဲ့ပါသည်။

## (ဂ) ENC မဟာဗျူဟာညှိနှိုင်းအစည်းအဝေး။

## [ ၂၀၀၆ ခုနှစ် မတ်လ (၁၅–၁၆) ရက်နေ့အထိ၊ ထိုင်းမြန်မာနယ်စပ် ]

တိုင်းရင်းသားလူမျိုးများကောင်စီက ချမှတ်ထားသော "မဟာဗျူဟာ" သည် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် တွေ့ဆုံဆွေးနွေးအဖြေရှာရေး ပင်ဖြစ်ပါသည်။ ထို့ကြောင့် သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲဖြစ်ပေါ်လာရေးသည် မိမိတို့၏ မဟာဗျူဟာရည်မှန်းချက် တရပ်ဖြစ်နေပါသည်။ ထို မဟာဗျူဟာ ရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ရေးအတွက် မှန်ကန်တိကျသော နည်းဗျူဟာများကို ချမှတ်နိုင်ရမည့်အပြင်၊ "အတွင်းအပြင်စည်းရုံးရေး" လုပ်ငန်းများကိုလည်း ကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်ပါသည်။ ထို ရည်မှန်းချက်နှင့်အညီ — ENC၏ မဟာဗျူဟာညှိနှိုင်းအစည်းအဝေးကို သက္ကရာဇ် ၂၀၀၆ ခုနှစ် မတ်လ (၁၅–၁၆) ရက်များတွင် ထိုင်းမြန်မာနယ်စပ်၌ ကျင်းပနိုင်ခဲ့ပါသည်။

ထို မဟာဗျူဟာညှိနှိုင်းဆွေးနွေးပွဲ သုံးသပ်ချက်တွင် — (၁) ENC ၏ ပေါ်လစီများကို ENC ၏ မိခင်အဖွဲ့အစည်းများဖြစ်သော State Coordinating Body များနှင့် တပ်ပေါင်းစုများထံတင်ပြရေးနှင့် (၂) သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲ ဖြစ်ပေါ်လာရေးနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေး ဖြစ်ပေါ်လာရေးအတွက် နိုင်ငံတကာစည်းရုံးရေးလုပ်ငန်းတွင် လက်ရှိပြုလုပ်ရမည့် ပေါ်လစီစာတမ်း များပြင်ဆင်ရေးတို့ပါဝင်ပါသည်။ အတွင်းစည်းရုံးရေးလုပ်ငန်းနှင့် နိုင်ငံတကာ စည်းရုံးရေးလုပ်ငန်းနှစ်ရပ်ကို ဟန်ချက်ညီညီလုပ်သွားရန်လည်း ဆုံးဖြတ်ထား ပါသည်။

ENC အနေဖြင့် နိုင်ငံတကာစည်းရုံးရေးလုပ်ငန်းများကို ဆောင်ရွက်သောအခါ ပေါ်လစီတခုတည်းကို ပုံသေကားချပ် မထားပဲ၊ သက်ဆိုင်ရာနိုင်ငံများနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ စိတ်ဝင်စားမှုနှင့် ပူးပေါင်းပါဝင်နိုင်မှု အပေါ် အခြေပြု၍ လုပ်ဆောင်သွားရန် ဆုံးဖြတ်ထားပါသည်။ ထို့ကြောင့် —

(၁) UN နှင့် USA တို့ကိုချဉ်းကပ်ရာတွင် UN လုံခြုံရေးကောင်စီသို့ ပြည်ထောင်စုမြန်မာနိုင်ငံအရေးကို တင်သွင်းရေးနှင့် ထိုမှတဆင့် "သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲ" ဖြစ်ပေါ်လာရေးကို ကြိုးပမ်းသွားရန်။

(၂) EU နိုင်ငံများကို ချဉ်းကပ်ရာတွင် Humanitarian Aid ကိုအခြေခံ၍ လူမှုရေးအကြပ်အတည်းကို အလူးအလဲခံနေရသော ပြည်သူလူထု— အထူးသဖြင့် တိုင်းရင်းသားလူမျိုးများနေထိုင်ရာဒေသများထံသို့ လူမှုရေး အကူအညီများရရှိရေးနှင့် Cross-Border Assistance ရရှိနိုင်ရေးကို ဦးတည်သည်။ ထို့ကြောင့် ENC ၏ Humanitarian Aid ပေါ်လစီ စာတမ်း နှင့် IDP နှင့် သက်ဆိုင်သော စာတမ်းများကို မွမ်းမံရေးသားရန်။

(၃) အာဆီယံ၊ တရုတ်၊ အိန္ဒိယနှင့်ဂျပန်စသော အာရှနိုင်ငံများသည် ပြည်ထောင်စုမြန်မာနိုင်ငံ၏ နိုင်ငံရေး အကြပ်အတည်းကို ပိုမိုတိုင်ပင်ညှိနှိုင်းအဖြေရှာရေး (Internal Solution) ကို ပို၍ဦးစားပေးသောကြောင့် — ထို နိုင်ငံများနှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများကို စည်းရုံးသွားရန် မိမိတို့အနေဖြင့် အဖြေရှာဖြေရှင်းနိုင်ကြောင်း ပြသနိုင်ရပေမည်။ ထို့ကြောင့် ENC အနေဖြင့် "ဒီမိုကရေစီအသွင်ကူးပြောင်းရေး ဆိုင်ရာ စာတမ်း" ကို ပြင်ဆင်ရေးသားရန်။

အထက်ပါပေါ်လစီစာတမ်းများသည် **"သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲ ဖြစ်ပေါ်လာရေးကို ဦးတည်ထားရမည်"** ဟု ဆုံးဖြတ်ခဲ့ပါသည်။

ထိုပေါ်လစီစာတမ်းများကိုပြင်ဆင်ပြီး — နိုင်ငံတကာသို့တင်ပြခြင်း မပြုခင်၊ မိမိတို့၏တိုင်းရင်းသားအမျိုးမျိုးအကြား နားလည်လက်ခံမှုရရှိနိုင်အောင် ပထမ ကြိုးပမ်းရမည်။ ထိုသို့ကြိုးစားရာတွင် — ENC ၏ အခြေခံအင်အားဖြစ်သော "State Coordinating Body" များထံ ပထမတင်ပြရန် ဆုံးဖြတ်ခဲ့ပါသည်။ ထိုသို့တင်ပြနိုင်ရေးအတွက် စည်းရုံးရေး ခရီးစဉ်ကို အောက်ပါအတိုင်း ပြုလုပ်ရန် ဆုံးဖြတ်ခဲ့ပါသည်။ ၎င်းတို့မှာ —

(၁) မြောက်ပိုင်းဒေသ (RCSS နှင့် KNPP)
(၂) အလယ်ပိုင်းနှင့် တောင်ပိုင်း (KNU နှင့် MNSP)
(၃) အနောက်ဘက်–အိန္ဒိယအခြေစိုက်အဖွဲ့အစည်းများ (ANC နှင့် PACC/နောင် CNC)
(၄) အရှေ့ဖက်ဒေသ — တရုတ်အခြေစိုက်အဖွဲ့အစည်းများ (မြောက်ပိုင်းရှမ်းပြည် နှင့် ကချင်ပြည်)

မဟာဗျူဟာညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်အရ — အနောက်ဘက်ဒေသ — အိန္ဒိယခရီးစဉ်နှင့် အရှေ့ဘက်ဒေသ — တရုတ်ခရီးစဉ်များကို အကောင်အထည် ဖော်နိုင်ပြီဖြစ်သော်လည်း မြောက်ပိုင်းနှင့် အလယ်ပိုင်း တောင်ပိုင်းခရီးစဉ်များကို အကောင်အထည်မဖော်နိုင်သေးပေ။

မဟာဗျူဟာညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်အရ —ENC ၏စည်းရုံးရေးခရီးစဉ်များအပြီးတွင် ENC ၏ အတွင်းရေး မဟာဗျူဟာညှိနှိုင်း အစည်းအဝေး (Internal Strategy Consultation Meeting) ကို ခေါ်ယူကျင်းပပြီး ထို အစည်းအဝေး၏ ဆုံးဖြတ်ချက်များနှင့် ပေါ်လစီများကို မဟာမိတ်အဖွဲ့အစည်းများ၊ ဒီမိုကရေစီအင်အားစုများထံ တင်ပြသည့် မဟာဗျူဟာညှိနှိုင်းအစည်းအဝေးကိုပါ တဆက်တည်း ခေါ်ယူသွားရန် ဆုံးဖြတ်ခဲ့ပါသည်။

## (ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ENC ၏ပေါ်လစီနှင့် ဆောင်ရွက်ချက်များ

တိုင်းရင်းသားလူမျိုးများကောင်စီ၏ နိုင်ငံရေးအန္တိမပန်းတိုင်သည် **"စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စု"** တည်ဆောက်ရေးပင် ဖြစ်ပါသည်။ ထိုနိုင်ငံရေးပန်းတိုင်ရောက်ရှိရေးအတွက် ENC မှ ရွေးချယ်ထားသော မဟာဗျူဟာသည် **"နိုင်ငံရေးပြဿနာများကို နိုင်ငံရေးဖြင့်ဖြေရှင်းရေး"** ဟူသည့် **"သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေး"** ပင်ဖြစ်ပါသည်။ ENC အနေဖြင့် ပြောင်းလဲနေသော နိုင်ငံရေးအခြေအနေအရ — မဟာဗျူဟာကို ပြန်လည်သုံးသပ်ပြီး နိုင်ငံရေးအခြေအနေနှင့် အချိန်အခါတို့၏ တောင်းဆိုချက်အရ — လိုအပ်လျှင် လိုအပ်သလို ပြောင်းလဲပြုပြင်နိုင်မည်ဖြစ်သော်လည်း၊ ယင်း၏ အန္တိမပန်းတိုင်ဖြစ်သော "စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စု" တည်ဆောက်ရေးကို မည်သည့်အခါ၊ မည်သည့်အခြေ အနေအောက်တွင်မှ ပြောင်းလဲပြုပြင်သွားမည်

မဟုတ်ပေ။ စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စု မတည်ဆောက်မခြင်း၊ အသေခံတိုက်ပွဲဝင်သွားမည် ဖြစ်ပါသည်။

မိမိတို့၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရေးအတွက် တိုင်းရင်းသားလူမျိုးများ ကောင်စီ အနေဖြင့်သော်၎င်း၊ တိုင်းရင်းသားလူမျိုးများကောင်စီ၏ မိခင်အဖွဲ့အစည်းများဖြစ်သော UNLD နှင့် NDF အနေဖြင့်သော်၎င်း၊ ပြည်နယ်အသီးသီးအနေဖြင့်သော်၎င်း ကြိုးပမ်းမှုအမျိုးမျိုးလုပ်ခဲ့ပါသည်။ UNLD နှင့် NDF တို့၏ ဦးဆောင်မှုဖြင့် သက္ကရာဇ် ၂၀၀၁ မှ စ၍ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ် (State Constitution Drafting Process) စတင်နိုင်ခဲ့ပါသည်။ ယခုအခါ ပြည်နယ်အားလုံး၏ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးကော်မတီများ ဖွဲ့စည်းနိုင်ရုံသာမက၊ ကချင်ပြည်နယ်မှအပ — ကျန်ပြည်နယ်အားလုံး၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) များကို ရေးဆွဲပြီးစီးနေကြပြီ ဖြစ်ပါသည်။ ကချင်ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) သည်လည်း မကြာမီပြီးစီးမည် ဖြစ်ကြောင်း သိရပါသည်။ ပြည်နယ် (၇) ခု၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ရေးဆွဲရေးကော်မတီများ သာမက ဗမာပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ လေ့လာရေးကော်မတီတရပ်ကိုလည်း ဖွဲ့စည်းနိုင်ခဲ့ပါသည်။

ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်သာမက၊ သက္ကရာဇ် ၂၀၀၄ မှစ၍ ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသားလူမျိုးများ စုပေါင်းကြိုးပမ်းမှုဖြင့် “အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့် လမ်းညွှန်အခြေခံမူများ” (Basic Principles) ရေးဆွဲခဲ့ကြရာ၊ သက္ကရာဇ် ၂၀၀၅ ဖေဖော်ဝါရီလ (၁၂) ရက်နေ့တွင် ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့၏ အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ် (၁၀၄) ဦး တို့က “လမ်းညွှန်အခြေခံမူ — Basic Principles (၈) ချက်ကို သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့ကြပါသည်။

Basic Principles ကို အခြေခံ၍ သက္ကရာဇ် ၂၀၀၅ ဧပြီလ (၁၉) ရက်နေ့တွင် ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသားလူမျိုးပေါင်းစုံ ပူးပေါင်းပါဝင်သော “ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ” (Federal Constitution Drafting and Coordinating Committee) ကို ဖွဲ့စည်းနိုင်ခဲ့ပါသည်။ FCDCC ၏ ကြိုးပမ်း

မှုဖြင့် ရေးဆွဲထားသော "ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း)" ကို သက္ကရာဇ် ၂၀၀၆ ဧပြီလ (၆–၈) ရက်အထိ ကျင်းပသော "ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ နှီးနှောဖလှယ်ပွဲ" (Federal Constitution Seminar) တွင် အဖွဲ့အစည်း (၆၀) ကျော်မှ ကိုယ်စားလှယ် (၁၀၉) ဦးတို့က တညီတညွတ်တည်း အတည်ပြုလက်ခံခဲ့ကြပါသည်။

သက္ကရာဇ် ၂၀၀၅ ဧပြီလ (၂၈) ရက်မှ မေလ (၁) ရက်အထိ ကျင်းပ ခဲ့သော စတုတ္ထအကြိမ် တိုင်းရင်းသားလူမျိုးများ ညီလာခံကြီး၏ ဆုံးဖြတ်ချက် အရ၊ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး လုပ်ငန်းစဉ်ကို တိုင်းရင်းသား လူမျိုးများကောင်စီမှ တိုက်ရိုက်ဦးဆောင်သွားရန်နှင့် ဖက်ဒရယ်ပြည်ထောင် စုဖွဲ့စည်းပုံ အခြေခံရေးဆွဲရေး လုပ်ငန်းစဉ်တွင် တိုက်ရိုက်ပါဝင်ပြီး လိုအပ်သလို ဦးဆောင်မှု အခန်းကဏ္ဍကို ယူဆောင်သွားရန် ဆုံးဖြတ်ခဲ့ပါသည်။ ထို့ကြောင့် အသစ်ဖွဲ့စည်း လတ္တံ့သော FCDCC ၏ ဒုတိယအကြိမ် သက်တမ်းတွင် ENC မှ ကိုယ်စား လှယ် (၂) ဦး စေလွှတ်ရန် လျာထားကြောင်း တင်ပြ အပ်ပါသည်။

## (င) တိုင်းရင်းသားလူမျိုးများကောင်စီ၏ စည်းရုံးရေးပေါ်လစီနှင့် လုပ်ဆောင်ချက်များ

တိုင်းရင်းသားလူမျိုးများကောင်စီ၏ စည်းရုံးရေးပေါ်လစီသည် အခြေခံအင်အားစုသုံးရပ်အပေါ်တွင် အခြေစိုက်ပါသည်။ ယင်းတို့မှာ —

(၁) မိမိတို့တိုင်းရင်းသားလူမျိုးများ၊
(၂) ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော ဒီမိုကရေစီအင်အားစုများ နှင့်
(၃) ဒီမိုကရေစီအရေးတော်ပုံကို ထောက်ခံအားပေးနေသော နိုင်ငံတကာ မိသားစုများ ဟူ၍ ဖြစ်ပါသည်။

ထိုအင်အားစုသုံးရပ်ကို ချဉ်းကပ်ရာတွင် တိုင်းရင်းသားလူမျိုးများ ကောင်စီက ကျင့်သုံးသော ပေါ်လစီနှင့်ပတ်သက်၍ နိုင်ငံတကာရေးရာကိစ္စကို အထက်တွင် ရှင်းလင်းတင်ပြပြီးဖြစ်ပါသဖြင့် ဤနေရာတွင် ပြည်သူလူထု တရပ်လုံးကို ကိုယ်စားပြုသည့် ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသား လူမျိုးများ အကြား စည်းရုံးတည်ဆောက်ရာတွင် ကျင့်သုံးသည့် ပေါ်လစီကို ဦးစားပေး တင်ပြသွားမည်ဖြစ်ပါသည်။ တနည်းအားဖြင့်ဆိုပါက — တိုင်း

ရင်းသားလူမျိုးများ နှင့် ဒီမိုကရေစီအင်အားစုများအပေါ် ထားရှိသော ENC ၏ပေါ်လစီသည် ပြည်ထောင်စုတစ်ခုလုံးရှိ ပြည်သူလူထုတရပ်လုံး အပေါ် ထားရှိသော စည်းရုံးရေးသဘောထားပင်ဖြစ်ပါသည်။

တိုင်းရင်းသားလူမျိုးများကောင်စီအနေဖြင့်– မိမိတို့တိုင်းရင်းသား လူမျိုးများအပေါ် ထားရှိသော စည်းရုံးရေးသဘောထားကို အပိုင်းသုံးပိုင်းခွဲ၍ လက်တွေ့ကျင့်သုံးနေပါသည်။

(၁) ENC ၏ အဖွဲ့ဝင်များအကြား စည်းလုံးညီညွတ်ရေးကိုခိုင်မာကျစ်လျစ်စွာ တည်ဆောက်ရေး၊ အထူးသဖြင့် လွတ်မြောက်နယ်မြေနှင့် နယ်စပ်ဒေသများသို့ ရောက်ရှိနေကြသော တိုင်းရင်းသားနိုင်ငံရေးပါတီများနှင့် လက်နက်ကိုင်တော်လှန်ရေးအင်အားစုများ၊ အမျိုးသမီးနှင့် လူငယ်အဖွဲ့အစည်းများအကြား စည်းလုံးညီညွတ်မှု တည်ဆောက်ရေး၊

(၂) ပြည်တွင်းစည်းရုံးရေး၊ အထူးသဖြင့် ပြည်တွင်းရှိ နိုင်ငံရေးပါတီများနှင့် အပစ်အခတ်ရပ်စဲထားသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် စည်းလုံးညီညွတ်တည်ဆောက်ရေးနှင့် အပြန်အလှန် နားလည်မှု တည်ဆောက်ရေး၊

(၃) နိုင်ငံတကာတွင် ရောက်ရှိနေကြသော တိုင်းရင်းသားလူမျိုးများ၏ အဖွဲ့အစည်းများ၊ အင်အားစုများနှင့် သွေးစည်းညီညွတ်မှုတည်ဆောက်ရေး တို့ပင်ဖြစ်ပါသည်။

ထိုရည်ရွယ်ချက်များနှင့်အညီ တိုင်းရင်းသားလူမျိုးများကောင်စီအနေဖြင့် ပြည်တွင်းစည်းရုံးရေးလုပ်ငန်းများကို တတ်နိုင်သရွေ့ ဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံတကာရှိ တိုင်းရင်းသားလူမျိုးများနှင့် တွေ့ဆုံဆွေးနွေးမှုများမှ စည်းရုံးရေး တည်ဆောက်ရေး လုပ်ငန်းများကိုလည်း ဦးစားပေးဆောင်ရွက်နေပါသည်။ ထို့အပြင် မိမိတို့အချင်းချင်းအကြား သွေးစည်းခိုင်မာရေးအတွက် မူဝါဒရေးရာနှင့် မဟာဗျူဟာရေးရာ ညှိနှိုင်းမှုလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်နေပါသည်။ ၎င်းဆောင်ရွက်မှုများအနက်မှ တချို့တဝက်ကို ဖော်ပြရလျှင် —

## (၁) ENC ကိုယ်စားလှယ်များ RCSS ခရီးစဉ်။

ENC ကိုယ်စားလှယ်များ RCSS ဌာနချုပ်သို့ သွားရောက်တွေ့ ဆုံခြင်းကို သက္ကရာဇ် ၂၀၀၆ ဖေဖော်ဝါရီလ (၅) ရက်မှ (၇) ရက် အထိ ပြုလုပ်ကျင်းပခဲ့ပါသည်။ ထိုခရီးစဉ်တွင် ENC ဒု–ဥက္ကဌ ထဲဘူးဖဲ နှင့် အထွေထွေအတွင်းရေးမှူး ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းတို့ကဦးဆောင်၍ ENC အကြံပေးပုဂ္ဂိုလ်များဖြစ်သည့် စဝ်ဟန်ယောင်ဟွေ နှင့် စဝ်ဆိုင်စစ်၊ ENC လုပ်ငန်းကော်မတီဝင်များ ဖြစ်ကြသော ဗိုလ်မှူးကြီး ခွန်ဥက္ကာ၊ ရီမွန်ထူး၊ ညီညီလွင်၊ ဒေါ်ရှယ်လီဆိုင်း၊ နန်းဆိုင်နောင့်၊ ဗစ်တာပျက်လျန် နှင့် KNPP မှ ဗိုလ်ချုပ်ဘီထူးတို့ လိုက်ပါသွားခဲ့ကြပါသည်။

## (၂) အထွေထွေအတွင်းရေးမှူး၏ ဂျပန်ခရီးစဉ်။

အထက်တွင်ဖော်ပြထားသည့်အတိုင်း၊ ENC အထွေထွေအတွင်းရေးမှူး ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းသည် ဂျပန်နိုင်ငံ တိုကျိုမြို့တွင် "ညီညွတ်သောတိုင်းရင်းသားလူမျိုးများအစည်းအရုံး"မှ ကြီးမှူးကျင်းပသည့် (၅၉) နှစ်မြောက် ပြည်ထောင်စုနေ့တွင် တက်ရောက်ပြီး မိန့်ခွန်းပြောကြားခဲ့သည့်အပြင်၊ ဂျပန်နိုင်ငံရှိ တိုင်းရင်းသားလူမျိုးပေါင်းစုံမှ အဖွဲ့အစည်းများနှင့် တွေ့ဆုံခြင်း၊ ENC ပေါ်လစီနှင့် ရှေ့လုပ်ငန်းစဉ်များကို ချပြဆွေးနွေးခဲ့ပါသည်။ ထိုဆွေးနွေးပွဲရလာဒ်အရ —"ညီညွတ်သောတိုင်းရင်းသားလူမျိုးများအစည်းအရုံး" (AUN) သည် ENC နှင့် ပုံမှန်ဆက်သွယ်၍ ပူးတွဲလုပ်ငန်းများ ဆောင်ရွက်ရန် သဘောတူခဲ့ကြပါသည်။

## (၃) အိန္ဒိယခရီးစဉ်။

အထက်တွင်ဖော်ပြထားသည့်အတိုင်း ENC ၏ကိုယ်စားလှယ်များသည် အနောက်ဘက်တွင် အခြေစိုက်နေထိုင်ကြသော တိုင်းရင်းသားလူမျိုးများ၏ အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးရန် သက္ကရာဇ် ၂၀၀၆ ခုနှစ် ဧပြီလ (၂၇) ရက်မှ မေလ (၃) ရက်အထိ သွားရောက်တွေ့ဆုံခဲ့ပါသည်။ ထိုခရီးစဉ်တွင် ဧပြီလ (၂၈) ရက် ဒေလီမြို့တွင်အခြေစိုက်နေထိုင်ကြသော တိုင်းရင်းသားလူမျိုး

အသီးသီးမှ အဖွဲ့အစည်းများနှင့် လူထုအစည်းအဝေးတရပ်ကို ခေါ်ယူပြီး ENC ကောင်စီ၏ ပေါ်လစီနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြခဲ့ပါ သည်။ ထို့အပြင် ဧပြီလ (၂၉) ရက်တွင် "ရခိုင်အမျိုးသားကောင်စီ" (ANC) နှင့် တွေ့ဆုံဆွေးနွေးပွဲကို ဒေလီမြို့တွင်၎င်း၊ မေလ (၁) ရက်နေ့တွင် Political Affair Committee of Chinland (PACC) နှင့် တွေ့ဆုံဆွေးနွေးပွဲကို Mizoram ပြည်နယ် Aizawl မြို့တွင်၎င်း၊ မေလ (၂) ရက်နေ့တွင် Chin National Front (CNF) နှင့် တွေ့ဆုံပွဲကို Aizawl မြို့တွင်၎င်း အသီးသီး ကျင်းပနိုင်ခဲ့ပါသည်။

## (၄) တရုတ်ခရီးစဉ်။

ENC အနေဖြင့် တရုတ်ပြည်ဖက်မှ အခြေစိုက်နေကြသည့် တိုင်းရင်းသား အဖွဲ့အစည်းများဖြစ်ကြသော ကချင်အဖွဲ့အစည်းများနှင့် ရှမ်းပြည်မြောက်ပိုင်းမှ ရှမ်းအဖွဲ့အစည်းများနှင့် တွေ့ဆုံရန် သက္ကရာဇ် ၂၀၀၆ ခုနှစ် မေလ (၇) ရက်နေ့မှ (၁၈) ရက်အထိ သွားရောက်ခဲ့ပါသည်။ ထို ခရီးစဉ်တွင် ENC အကြံပေးပုဂ္ဂိုလ် ဟန်ညောင်ဟွေ နှင့် စဝ်ဆိုင်ဆစ်၊ နိုင်ငံခြားရေးတာဝန်ခံ စောဒေးဗစ်တော၊ လုပ်ငန်းကော်မတီဝင် ဗစ်တာပျက်လျှန် တို့အပါအဝင် KNU မှ ဗိုလ်ချုပ် မူတူး တို့ကလိုက်ပါသွားကြပါသည်။

## (၈) ENC နှင့်ဒီမိုကရေစီအင်အားစုများအကြား သွေးစည်းညီညွတ်မှု တည်ဆောက်ရေး

တိုင်းရင်းသားလူမျိုးများကောင်စီအနေဖြင့် ပြည်တွင်းရှိ ပြည်သူလူထု တရပ်လုံးကို မိမိတို့၏ အဓိကအင်အားစုများအဖြစ် အသိအမှတ်ပြုထားပါ သည်။ ထို့ပြင် ပြည်တွင်းနိုင်ငံရေးအင်အားစုများကိုလည်း အရေးတော်ပုံကြီး၏ ရှေ့တန်းမှ တိုက်ပွဲဝင်နေသူများအဖြစ် လေးစားအသိအမှတ်ပြုပါသည်။ အထူးသဖြင့် ၁၉၉၀ ရွေးကောက်ပွဲတွင် ပြည်သူလူထုတရပ်လုံးက ယုံကြည် စိတ်ချစွာဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံရသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ကိုလည်း ပြည်သူလူထုထံမှ လုပ်ပိုင်ခွင့်အာဏာ (Mandate) အပြည့်အဝရရှိ ထားသော အဖွဲ့ချုပ်အဖြစ်၎င်း၊ ဒေါ်အောင်ဆန်းစုကြည်ကိုလည်း NLD ခေါင်း ဆောင်အဖြစ်သာမက ပြည်ထောင်စုတဝှမ်းလုံး၏ လူထုခေါင်းဆောင်အဖြစ်

ၿငင်း၊ ဒီမိုကရေစီအရေး တော်ပုံကြီးကို ရှေ့ဆုံးမှ ဦးဆောင်တိုက်ပွဲဝင်နေသော "ပြည်ထောင်စု၏ ဒီမိုကရေစီ မိခင်ကြီး" အဖြစ်ၿငင်း လေးစားအသိ အမှတ်ပြုပါသည်။

ထိုလေးစားအသိအမှတ်ပြုမှုအပေါ် အခြေခံ၍ တိုင်းရင်းသားလူမျိုးများကောင်စီ၏ ဒီမိုကရေစီအင်အားစုများနှင့် စည်းလုံးညီညွတ်ရေးကို ခိုင်မာသထက်ခိုင်မာအောင် ကြိုးပမ်းဆောင်ရွက်နေပါသည်။ တိုင်းရင်းသားလူမျိုးများကောင်စီအနေဖြင့် — ၁၉၉၀ ဩဂုတ်လ (၂၉) ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) နှင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (UNLD) တို့ နှစ်ဦးနှစ်ဘက် သဘောတူထုတ်ပြန်ခဲ့သော "ဗိုလ်အောင်ကျော်လမ်းကြေညာချက်" ကိုသော်ၿငင်း၊ ၁၉၉၇ တွင် အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (NDF) ဦးဆောင်မှုဖြင့် ကျင်းပခဲ့သော "ပထမအကြိမ် တိုင်းရင်းသားလူမျိုးများ နီးနှောဖလှယ်ပွဲ" မှ ထုတ်ပြန်ခဲ့သည့် "မယ်သရော်ထာသဘောတူညီချက်" အပေါ် ဒေါ်အောင်ဆန်းစုကြည်၏ အသိအမှတ်ပြုမှုကိုသော်ၿငင်း၊ လေးစားအသိအမှတ်ပြုပြီး မိမိတို့၏ စည်းရုံးရေးပေါ်လစီအဖြစ် ဆက်လက် ကျင့်သုံးလျှက်ရှိနေပါသည်။

## နိဂုံးချုပ်

တိုင်းရင်းသားလူမျိုးများကောင်စီသည် သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေး "မူ" အရ၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးဖြစ်စဉ်တွင်သော်ၿငင်း၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေး ဖြစ်စဉ်တခုလုံးတွင်သော်ၿငင်း၊ တိုင်းရင်းသားလူမျိုးများသည် အဓိကနိုင်ငံရေးအင်အားစုအဖြစ်ပါဝင်ရမည် — ဟူသော အခြေခံမူတွင် ဖွဲ့စည်းထားသော "ကောင်စီ" တရပ်ဖြစ်ပါသည်။ ထို့ကြောင့် တိုင်းရင်းသားလူမျိုးများကောင်စီ၏ နိုင်ငံရေးလုပ်ငန်းစဉ်များ အောင်မြင်ရေးနှင့် ထိုကောင်စီ ခိုင်မာတောင့်တင်းရေးသည် တိုင်းရင်းသားလူမျိုးများအတွက်သာမက ပြည်ထောင်စုတဝှမ်းလုံးအတွက် အထူးအရေးကြီးပါသည်။

တိုင်းရင်းသားလူမျိုးများကောင်စီ၏ နိုင်ငံရေးပန်းတိုင်သည် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုစနစ် တည်ဆောက်ရေး ပင် ဖြစ်ပါသည်။ ထိုပန်းတိုင်သို့

အရောက်ချီတက်နိုင်ရေးအတွက် လိုအပ်သောပြင်ဆင်မှုများကို ENC မှ တစိုက်မတ်မတ် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထိုဆောင်ရွက်ချက်များ တွင် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပအဒေများ ရေးဆွဲပြဋ္ဌာန်းရေး၊ ဖက်ဒ ရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲ ပြဋ္ဌာန်းရေးစသည်တို့ သာမက ဖက်ဒရယ်ပညာပေးရေးလုပ်ငန်းများကိုလည်း တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။ တိုင်းရင်းသားလူမျိုးကောင်စီ အနေဖြင့် — မိမိတို့၏ အန္တိမပန်းတိုင်ဖြစ်သော "စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး" မူကို မည်သည့်အခါမျှ သွေဖယ်သွားမည် မဟုတ်ကြောင်း တင်ပြအပ်ပါသည်။

နိဂုံးချုပ်အနေဖြင့် တင်ပြလိုသည်မှာ — တိုင်းရင်းသားလူမျိုးများ ကောင်စီသည် ပြည်ထောင်စုတဝှမ်းလုံး၏အရေးကို တိုင်းရင်းသားလူမျိုး များ၏ အခန်းကဏ္ဍမှ တာဝန်ကျေပွန်စွာဆောင်ရွက်နိုင်ရန် ဖွဲ့သော ကောင်စီဖြစ်ပါသည်။ တနည်းအားဖြင့် ဆိုပါက ENC သည် တိုင်းရင်းသား လူမျိုးများ အရေးသာမက၊ ပြည်ထောင်စုတခုလုံး၏ အရေးကို ဆောင်ရွက်ရန် ဖွဲ့စည်းထားသော ကောင်စီ ဖြစ်ပါသည်။ ထို့ကြောင့် ပြည်ထောင်စုတဝှမ်းလုံး အရေးဖြစ်သည့် ဒီမိုကရေစီရေး၊ တန်းတူရေးနှင့် အမျိုးသားကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရရှိရေးတို့အတွက် တိုက်ပွဲဝင်နေကြသော ဒီမိုကရေစီအင်အားစုများနှင့် အမြဲလက်တွဲတိုက်ပွဲဝင် သွားကြရမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

**ဒေါက်တာ ဆလိုင်းလျန်မှုန်းဆာခေါင်း**
**အထွေထွေအတွင်းရေးမှူး**
**တိုင်းရင်းသားလူမျိုးများကောင်စီ**
**(ပြည်ထောင်စုမြန်မာနိုင်ငံ)**

၂၀၀၆ ခုနှစ် ဇွန်လ (၂၁) ရက်

PART FOUR

တိုင်းရင်းသားလူမျိုးများကောင်စီ
(ပြည်ထောင်စုမြန်မာနိုင်ငံ)

# ဖွဲ့စည်းပုံအခြေခံဥပဒေ

## စတုတ္ထအကြိမ် တိုင်းရင်းသားလူမျိုးများညီလာခံတွင်
## အတည်ပြုပြဌာန်းထားသော
## တိုင်းရင်းသားလူမျိုးများကောင်စီ
## (ပြည်ထောင်စုမြန်မာနိုင်ငံ)
## ၏
## ဖွဲ့စည်းပုံအခြေခံဥပဒေ

### အခန်း (၁) အမည်

**ပုဒ်မ (၁)**

တိုင်းရင်းသားလူမျိုးများကောင်စီ (ပြည်ထောင်စုမြန်မာနိုင်ငံ) Ethnic Nationalities Council (Union of Burma) ဟုခေါ် တွင်စေရမည်။

ရှင်းလင်းချက်။

[ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းတွင် မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများ ဟုဆိုရာ၌ ယေဘူယအားဖြင့် ဗမာ/မြန်မာ တိုင်းရင်းသားလူမျိုးများလည်း အပါ အဝင်ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ သို့သော် ယခု ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖော်ပြထား သော "တိုင်းရင်းသားလူမျိုးများ" ဟူသောစကားရပ်တွင် ဗမာ/မြန်မာ တိုင်းရင်းသား လူမျိုးများအနေဖြင့် ပါဝင်ပတ်သက်မှုမရှိသေးပါ။ အဘယ်ကြောင့်ဆိုသော် ဗမာ/ မြန်မာ လူမျိုးများကို ကိုယ်စားပြုသော ဗမာ/မြန်မာ တိုင်းရင်းသားလူမျိုးအဖွဲ့အစည်းဟူ၍ရင်း၊ ဗမာ/မြန်မာပြည်နယ်ကို ဖော်ထုတ်ကိုယ်စားပြုထားသော အဖွဲ့အစည်းဟူ၍ရင်း၊ မပေါ် ပေါက်သေးသည့်အပေါ်တွင် ဗမာ/မြန်မာတိုင်းရင်းသားလူမျိုးအနေနှင့် မပါဝင်နိုင်သေး ခြင်းသာဖြစ်ကြောင်း ရှင်းလင်းအပ်ပါသည်]။

### အခန်း (၂) ရည်ရွယ်ချက် နှင့် မဟာဗျူဟာ

**ပုဒ်မ (၂) ရည်ရွယ်ချက်များ။**

(၁) စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုထူထောင်ရေး
(၂) အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်ရရှိရေး
(၃) ဒီမိုကရေစီနိုင်ငံတော်ထူထောင်ရေး နှင့်
(၄) စစ်အာဏာရှင်စနစ်ဖျက်သိမ်းရေး

### ပုဒ်မ (၃) မဟာဗျူဟာ

တိုင်းရင်းသားလူမျိုးများကောင်စီ၏ မဟာဗျူဟာသည် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် တွေ့ဆုံဆွေးနွေး အဖြေရှာဖြေရှင်းရေးနှင့် ၁၉၉၄ ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံ ဆုံးဖြတ်ချက်အတိုင်း ပြည်ထောင်စုမြန်မာနိုင်ငံ၏ နိုင်ငံရေးပြဿနာများကို **"သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲ"** ဖြင့် ဖြေရှင်းရေးပင်ဖြစ်ပါသည်။

## အခန်း (၃) တိုင်းရင်းသားလူမျိုးများကောင်စီ ဖွဲ့စည်းပုံအဆင့်ဆင့်

### ပုဒ်မ (၄)

(၁) တိုင်းရင်းသားလူမျိုးများကောင်စီကို ကချင်၊ ကရင်၊ ကရင်နီ၊ ချင်း၊ မွန်၊ ရခိုင် နှင့် ရှမ်းပြည်နယ်များကို အခြေခံ၍ဖွဲ့စည်းရမည်။

(၂) လက်ရှိနိုင်ငံရေးအခြေအနေအရ UNLD နှင့် NDF နိုင်ငံရေးတပ်ပေါင်းစုနှစ်ခုကိုလည်းအခြေခံ၍ ပေါင်းစပ်ဖွဲ့စည်းရမည်။

[ရှင်းလင်းချက်။ ဤပြဋ္ဌာန်းချက်သည် နောင်ပေါ်ပေါက်လာမည့် ပြည်နယ်သစ်များအတွက်သော်လည်းကောင်း၊ ပြည်နယ်သစ်များပေါ်ထွန်းရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းပေးရေးကိုသော်လည်းကောင်း၊ ဟန့်တားမှုပိတ်ပင်မှု လုံးဝမရှိစေရ။]

### ပုဒ်မ (၅)

(၁) ယင်းပြည်နယ် (၇) ပြည်နယ်က တိုင်းရင်းသားလူမျိုးများကောင်စီသို့ ကိုယ်စားလှယ် (၅) ဦးကျစီ ပေးပို့ရမည်။

(၂) ထိုသို့ပေးပို့ရာတွင် သက်ဆိုင်ရာပြည်နယ်ကိုကိုယ်စားပြုရန် ရွေးကောက်တင်မြှောက်ခံရသော ကိုယ်စားလှယ် (၃) ဦး၊ သက်ဆိုင်ရာပြည်နယ်ရှိ အမျိုးသမီးထုကို ကိုယ်စားပြုရန် ရွေးကောက်တင်မြှောက်ခံရသော ကိုယ်စားလှယ် (၁) ဦးနှင့် သက်ဆိုင်ရာပြည်နယ်ရှိ လူငယ်ထုကိုကိုယ်စားပြု၍ ရွေးကောက်တင်မြှောက်ခံရသော ကိုယ်စားလှယ် (၁) ဦး၊ စုစုပေါင်း (၅) ဦးတို့ ဖြစ်ရမည်။

(၃) သို့ရာတွင် ရှမ်းပြည်နယ်အတွင်းတွင် မတူကွဲပြားသော တိုင်းရင်းသားလူမျိုးအများစုပေါင်းနေထိုင်ကြသဖြင့် ၎င်းပြည်နယ်အတွက် ကိုယ်စား

လှယ် (၅) ဦးအစား ကိုယ်စားလှယ် (၈) ဦး ပေးပို့ရန် သတ်မှတ်သည်။
ယင်း ကိုယ်စားလှယ်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) ယင်းပြည်နယ်အတွင်းရှိ ကချင်လူမျိုးကိုကိုယ်စားပြုရန် ရွေးကောက်တင်မြှောက်ခံရသော ကိုယ်စားလှယ် (၁) ဦး။
(ခ) ယင်းပြည်နယ်အတွင်းရှိ လားဟူလူမျိုးကိုကိုယ်စားပြုရန် ရွေးကောက်တင်မြှောက်ခံရသော ကိုယ်စားလှယ် (၁) ဦး။
(ဂ) ယင်းပြည်နယ်အတွင်းရှိ ပအိုဝ်းလူမျိုးကိုကိုယ်စားပြုရန် ရွေးကောက်တင်မြှောက်ခံရသော ကိုယ်စားလှယ် (၁) ဦး။
(ဃ) ယင်းပြည်နယ်အတွင်းရှိ ပလောင်လူမျိုးကိုကိုယ်စားပြုရန် ရွေးကောက်တင်မြှောက်ခံရသော ကိုယ်စားလှယ် (၁) ဦး။
(င) ယင်းပြည်နယ်အတွင်းရှိ ရှမ်းလူမျိုးကို ကိုယ်စားပြုရန် ရွေးကောက်တင်မြှောက်ခံရသော ကိုယ်စားလှယ် (၁) ဦး။
(စ) ယင်းပြည်နယ်အတွင်းရှိ "ဝ" လူမျိုးကိုကိုယ်စားပြုရန် ရွေးကောက်တင်မြှောက်ခံရသော ကိုယ်စားလှယ် (၁) ဦး။
(ဆ) ယင်းပြည်နယ်အတွင်းရှိ အမျိုးသမီးထုကိုကိုယ်စားပြုရန် ရွေးကောက်တင်မြှောက်ခံရသော ကိုယ်စားလှယ် (၁) ဦး။
(ဇ) ယင်းပြည်နယ်အတွင်းရှိ လူငယ်ထုကိုကိုယ်စားပြုရန် ရွေးကောက်တင်မြှောက်ခံရသော ကိုယ်စားလှယ် (၁) ဦး။

## ပုဒ်မ (၆)

UNLD နှင့် NDF တပ်ပေါင်းစု (၂) ရပ်နှင့်ပတ်သက်လျှင် ယင်းတပ်ပေါင်းစုတခုစီက တိုင်းရင်းသားလူမျိုးများကောင်စီသို့ ကိုယ်စားလှယ် (၃) ဦးကျစီ ပေးပို့ရမည်။

## ပုဒ်မ (၇)

အခြေအနေအရ တိုင်းရင်းသားလူမျိုးများကောင်စီသို့ပေးပို့ရမည့် ကိုယ်စားလှယ်များအား ရွေးကောက်တင်မြှောက်ခြင်း မပြုလုပ်နိုင်ပါက သက်ဆိုင်ရာပြည်နယ်အတွင်းရှိ အစုအဖွဲ့များက အများသဘောတူညှိနှိုင်းပြီး ရွေးချယ်ခန့်အပ်ပေးပို့နိုင်သည်။

**ပုဒ်မ (၈)**

(၁) တိုင်းရင်းသားလူမျိုးများကောင်စီတွင် ကိုယ်စားလှယ်ဦးရေ မည်သို့ပင်ရှိစေကာမူ ပြည်နယ် တပြည်နယ်ချင်းသည်၎င်း၊ UNLD နှင့် NDF တို့သည်၎င်း တူညီသောအခွင့်အရေးကို ရရှိကြသည်။ တနည်းအားဖြင့်ဆိုလျှင် ပြည်နယ်တခုချင်းသည်၎င်း၊ တပ်ပေါင်းစုတရပ်ဖြစ်ခြင်းသည်၎င်း မဲ (၁) မဲ သာပေးပိုင်ခွင့် ရှိစေရမည်။

(၂) ပြည်နယ်တပြည်နယ်ချင်းသည်၎င်း၊ တပ်ပေါင်းစုတရပ်ဖြစ်ခြင်းသည်၎င်း၊ ဒီမိုကရေစီမူအရ မဲ (၁) မဲစီ ရရှိထားကြသော်လည်း အားလုံးပါဝင်ညှိနှိုင်းဆောင်ရွက်အဖြေရှာခြင်းဖြင့် သဘောတူဆုံးဖြတ်ချက်ချမှတ်ခြင်းကို အဓိကထားဆောင်ရွက်မည်ဖြစ်သည်။

**ဗဟိုအလုပ်အမှုဆောင်ကော်မတီဖွဲ့စည်းပုံ**

**ပုဒ်မ (၉)**

ပြည်နယ်ကိုယ်စားလှယ်များနှင့် တပ်ပေါင်းစုကိုယ်စားလှယ်များပါဝင်သော တိုင်းရင်းသားလူမျိုးများကောင်စီဝင်များထဲမှ ဗဟိုအလုပ်အမှုဆောင်ကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းစေရမည်။

(၁) အကြံပေးပုဂ္ဂိုလ်များ
(၂) ဥက္ကဋ္ဌ
(၃) ဒု – ဥက္ကဋ္ဌများ (၂) ဦး
(၄) အထွေထွေအတွင်းရေးမှူး
(၅) တွဲဖက်အတွင်းအရေးမှူး
(၆) အဖွဲ့ဝင်များ (၄) ဦး

**လုပ်ငန်းကော်မတီများ**

**ပုဒ်မ (၁၀)**

တိုင်းရင်းသားလူမျိုးများကောင်စီ (ပြည်ထောင်စုမြန်မာနိုင်ငံ) ၏ လုပ်ငန်းကော်မတီများကို သင့်တော်သောကော်မတီဝင်များပါဝင်စေလျက် အောက်ပါအတိုင်းဖွဲ့စည်း စေရမည်။

(၁) နိုင်ငံခြားရေးရာကော်မတီ
(၂) ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာကော်မတီ
(၃) မဟာဗျူဟာလေ့လာရေးကော်မတီ
(၄) စီးပွားရေးစီမံကိန်းရေးရာကော်မတီ
(၅) စည်းရုံးရေးနှင့် ပြန်ကြားရေးကော်မတီ

[မှတ်ချက်။ အထက်ပါလုပ်ငန်းကော်မတီအသီးသီး၏ ကော်မတီဝင်ဦးရေကို ညီလာခံတွင်သော်လည်းကောင်း၊ ENC ၏ ဗဟိုအလုပ်အမှုဆောင်ကော်မတီတွင် သော်လည်းကောင်း၊ လိုအပ်သလိုဆုံးဖြတ်၍ရွေးချယ်စေရမည်။]

**သက်တမ်း**

**ပုဒ်မ (၁၁)**

တိုင်းရင်းသားလူမျိုးများကောင်စီ (ပြည်ထောင်စုမြန်မာနိုင်ငံ) ၏ သက်တမ်းသည် တိုင်းရင်းသားလူမျိုးများညီလာခံ သက်တမ်းနှင့်အညီ ဖြစ်စေရမည်။

## အခန်း (၄) တိုင်းရင်းသားလူမျိုးများညီလာခံ

**ပုဒ်မ (၁၂)**

(၁) တိုင်းရင်းသားလူမျိုးများညီလာခံသည် တိုင်းရင်းသားလူမျိုးများကောင်စီ၏ အမြင့်ဆုံးညီလာခံဖြစ်သည်။
(၂) တိုင်းရင်းသားလူမျိုးများညီလာခံကို (၃) နှစ်လျှင် တကြိမ်ကျင်းပရမည်။
(၃) တိုင်းရင်းသားလူမျိုးများညီလာခံသည် တိုင်းရင်းသားလူမျိုးများကောင်စီကိုလည်းကောင်း၊ တိုင်းရင်းသားလူမျိုးများကောင်စီ၏ ဗဟိုအလုပ်အမှုဆောင်ကော်မတီကိုလည်းကောင်း ရွေးချယ်တာဝန်ပေးရမည်။
(၄) တိုင်းရင်းသားလူမျိုးများညီလာခံသည် တိုင်းရင်းသားလူမျိုးများကောင်စီက လက်ကိုင်ထားရမည့် ရည်မှန်းချက်၊ မဟာဗျူဟာ၊ နည်းဗျူဟာများ၊ မူဝါဒလုပ်ငန်းစဉ်များ၊ လမ်းညွှန်ဥပဒေနှင့် နည်းဥပဒေများကို ချမှတ်ပေးသည်။

### အရေးပေါ်ညီလာခံ

**ပုဒ်မ (၁၃)**

(၁) တိုင်းရင်းသားလူမျိုးများကောင်စီ (ပြည်ထောင်စုမြန်မာနိုင်ငံ) သည် ပြောင်းလဲတိုးတက်နေသော နိုင်ငံရေးနှင့်စစ်ရေး အခြေအနေများအရ လိုအပ်သည်ဟုယူဆပါက အရေးပေါ်ညီလာခံကို ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ သုံးပုံနှစ်ပုံသဘောတူညီချက်ဖြင့် ခေါ်ယူကျင်းပနိုင်သည်။

(၂) အရေးပေါ်ညီလာခံသို့ တက်ရောက်ရန်ဖိတ်ကြားခြင်းခံရသော ကိုယ်စားလှယ် သုံးပုံနှစ်ပုံတက်ရောက်မှသာ အရေးပေါ်ညီလာခံအထမြောက်စေရမည်။

(၃) အရေးပေါ်ညီလာခံသို့ တက်ရောက်သော ကိုယ်စားလှယ်များ၏ သုံးပုံနှစ်ပုံသဘောတူညီချက်ဖြင့် ဆုံးဖြတ်ချက်များကို ချမှတ်ရမည်။

(၄) အရေးပေါ်ညီလာခံ၏ ဆုံးဖြတ်ချက်များကို အနီးစပ်ဆုံးညီလာခံသို့ တင်ပြ၍အတည်ပြုချက်ရယူစေရမည်။

### အခန်း (၅) တိုင်းရင်းသားလူမျိုးများကောင်စီ၏တာဝန်နှင့် ဝတ္တရားများ

**ပုဒ်မ (၁၄)**

(၁) တိုင်းရင်းသားလူမျိုးများကောင်စီသည် တိုင်းရင်းသားလူမျိုးများညီလာခံ တခုနှင့်တခုအကြားတွင် အမြင့်ဆုံးအာဏာပိုင်အဖွဲ့ဖြစ်သည်။

(၂) တိုင်းရင်းသားလူမျိုးများကောင်စီသည် တိုင်းရင်းသားလူမျိုးများညီလာခံမှ ချမှတ်ထားသော မူဝါဒများ၊ ပေါ်လစီများနှင့် လုပ်ငန်းစဉ်များ လက်တွေ့အကောင်အထည်ဖေါ်နိုင်ရန် အလုပ်အမှုဆောင်ကော်မတီကို ရွေးချယ်တာဝန်ပေးအပ်ရမည်။

(၃) တိုင်းရင်းသားလူမျိုးများကောင်စီသည် (၁) နှစ် လျှင်တကြိမ်ကျင်းပသော တိုင်းရင်းသားလူမျိုးများကောင်စီ၏ နှစ်ပတ်လည်အစည်းအဝေးနှင့် (၃) နှစ်လျှင် တကြိမ်ကျင်းပသော တိုင်းရင်းသားလူမျိုးများ ညီလာခံကို ခေါ်ယူကျင်းပပေးရမည်။

(၄) တိုင်းရင်းသားလူမျိုးများကောင်စီသည် ၎င်း၏လုပ်ငန်းဆောင်ရွက်ချက်များကို (၃) နှစ်လျှင် တကြိမ် ကျင်းပသော တိုင်းရင်းသားလူမျိုးများ ညီလာခံသို့ တင်ပြအစီရင်ခံရမည်။

**ပုဒ်မ (၁၅)**

တိုင်းရင်းသားလူမျိုးများကောင်စီ အလုပ်အမှုဆောင်ကော်မတီ၏ ဥက္ကဋ္ဌ၊ ဒု – ဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးများသည် အလိုအလျောက် တိုင်းရင်းသားလူမျိုးများကောင်စီ၏ ဥက္ကဋ္ဌ၊ ဒု–ဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးများ ဖြစ်ရမည်။

**ပုဒ်မ (၁၆)**

(၁) တိုင်းရင်းသားလူမျိုးများကောင်စီ၏ အလုပ်အမှုဆောင်ကော်မတီသည် တိုင်းရင်းသားလူမျိုးများကောင်စီကို တာဝန်ခံ၍ ညီလာခံမှ ချမှတ်ပေးသော နိုင်ငံရေးမူဝါဒများနှင့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ရမည်။

(၂) တိုင်းရင်းသားလူမျိုးများကောင်စီ၏ အလုပ်အမှုဆောင်ကော်မတီသည် ညီလာခံမှ ချမှတ်ပေးသောမူဝါဒများနှင့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်နိုင်ရန်အတွက် လုပ်ငန်းကော်မတီများကို လိုအပ်သလို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

(၃) တိုင်းရင်းသားလူမျိုးများကောင်စီ၏ အလုပ်အမှုဆောင်ကော်မတီသည် ၎င်း၏လုပ်ငန်းဆောင်ရွက်ချက်များကို (၁) နှစ် တကြိမ်ကျင်းပသော တိုင်းရင်းသားလူမျိုးများကောင်စီ၏ နှစ်ပတ်လည်အစည်းအဝေးသို့ တင်ပြအစီရင်ခံရမည်။

(၄) တိုင်းရင်းသားလူမျိုးများကောင်စီ၏အလုပ်အမှုဆောင်ကော်မတီသည် (၃) လတကြိမ် ပုံမှန်အစည်းအဝေးကို ကျင်းပရမည်။ လိုအပ်ပါက အချိန်မရွေးအရေးပေါ်အစည်းအဝေးကို ကျင်းပနိုင်သည်။

## အခန်း (၆) ညီလာခံ၊ နှစ်ပတ်လည်အစည်းအဝေးနှင့် ပုံမှန်အစည်းအဝေးများအထမြောက်ခြင်း

**ပုဒ်မ (၁၇)**

(၁) သုံးနှစ်လျှင် တကြိမ်ကျင်းပသော တိုင်းရင်းသားလူမျိုးများညီလာခံသည် တိုင်းရင်းသားလူမျိုးများကောင်စီ၏ အခြေခံအဖွဲ့အစည်းများဖြစ်ကြသော ပြည်နယ်အသီးသီးမှ စေလွှတ်ကြသည့် ကိုယ်စားလှယ်များ၊ တပ်ပေါင်းစုများ၊ နိုင်ငံရေးပါတီများနှင့် အဖွဲ့အစည်းကိုယ်စားလှယ်များ၏ သုံးပုံနှစ်ပုံ တက်ရောက်ပါက အထမြောက်သည်။

(၂) တနှစ်လျှင်တကြိမ်ကျင်းပသော တိုင်းရင်းသားလူမျိုးများကောင်စီ၏ နှစ်ပတ်လည်အစည်းအဝေးသည် ကောင်စီဝင် သုံးပုံနှစ်ပုံ တက်ရောက်ပါက အထမြောက်သည်။

(၃) တိုင်းရင်းသားလူမျိုးများကောင်စီ၏ အလုပ်အမှုဆောင်ကော်မတီ၏ ပုံမှန် အစည်းအဝေးများသည် အလုပ်အမှုဆောင်ကော်မတီဝင် သုံးပုံနှစ်ပုံ တက်ရောက်ပါက အထမြောက်သည်။

## အခန်း (၇) ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းနှင့် ပယ်ဖျက်ခြင်း

**ပုဒ်မ (၁၈)**

တိုင်းရင်းသားလူမျိုးများကောင်စီ (ပြည်ထောင်စုမြန်မာနိုင်ငံ) ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို သုံးနှစ်လျှင် တကြိမ်ကျင်းပသော တိုင်းရင်းသားလူမျိုးများညီလာခံတွင် ညီလာခံကိုယ်စားလှယ်များ၏ သုံးပုံ၊ နှစ်ပုံ ဆန္ဒမဲဖြင့် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်နိုင်ပါသည်။

@ @ @ @ @ @ @